# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 15 October 2023 ၁၁၂၄၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံ ဒုတိယအမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် H.E. Mr. Vikram Misri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ ဒုတိယအမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

## မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပမည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံ ဒုတိယအမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် H.E. Mr. Vikram Misri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✩


**ယနေ့ ဖတ်စရာ**

**ထာဝရငြိမ်းချမ်းရေး အတွက် . . . . .**

ဆောင်းပါး စာမျက်နှာ » ၉

**တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနေသည့် မြဝတီမြို့မှ မိုးအထည်ချုပ်လုပ်ငန်း**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၂၃


**ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

ကြေးမုံ

# မင်္ဂလာရှိသောငြိမ်းချမ်းရေးခရီး အားလုံးအတူတကွလက်တွဲပါဝင်

ယနေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် အခါကာလဖြစ်သည်။ လွန်ခဲ့သောရှစ်နှစ် ဤနေ့ ဤအချိန်အခါ၌ နှစ်ပေါင်းရှည်ကြာ သဘောထားကွဲပြားခဲ့သူအချင်းချင်း ရန်ကိုရန်ချင်းမတုံ့နှင်းဘဲ လက်နက်ကိုင်ပဋိပက္ခများ ဆိတ်သုဉ်းအောင် အားထုတ်ကြိုးပမ်းနိုင်ခဲ့သဖြင့် မင်္ဂလာရှိသောအခင်းအကျင်းကို ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ ငြိမ်းချမ်းခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်၍ သမိုင်းဝင် ဤနေ့ဤရက်ကို အလေးအနက်ဂုဏ်ပြုကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးကြိုးပမ်းရယူမှုနှင့်အတူ နယ်ချဲ့အင်္ဂလိပ်တို့၏ သွေးခွဲအုပ်ချုပ်မှုအမွေဆိုးမှ ပေါ်ပေါက်လာသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားလာသည်မှာ နှစ်ပေါင်း ၇၀ ကျော်ကြာအောင် ရှည်ကြာလာခဲ့ပြီဖြစ်သည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်ထောင်စုဖွား မိဘညီအစ်ကိုမောင်နှမများမှာ လွတ်လပ်ရေး၏အရသာကို တင်းပြည့်ကျပ်ပြည့်မခံစားကြရပေ။ တည်ငြိမ်အေးချမ်းသာယာဝပြောမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် အလှမ်းဝေးလျက်ရှိသည်။ လက်နက်ကိုင်ပဋိပက္ခပြဿနာများကြောင့် အနိဋ္ဌာရုံဆိုးကျိုးများကို ကြုံတွေ့ခံစားခဲ့ကြရသည်။

လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် ခေတ်အဆက်ဆက်အစိုးရများက ငြိမ်းချမ်းရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း အကောင်အထည်ပေါ်မလာခဲ့ပေ။ ပဋိပက္ခသံသရာအတွင်း၌ တဝဲလည်လည် ဝဲလည်နေခဲ့ရသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် အစိုးရနှင့်တပ်မတော်၏ စိတ်ရင်းစေတနာကောင်းနှင့် မွန်မြတ်သောသဘောထားကို သိရှိနားလည်လက်ခံကြပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့သည် ပြည်တွင်းငြိမ်းချမ်းရေးကို အစပျိုးတည်ဆောက်နိုင်ခဲ့သည်။ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည်။ ပြည်ထောင်စုအကျိုးကို လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ငြိမ်းချမ်းခြင်း၏တန်ဖိုးများမှာကြီးမားလှသော်လည်း ထာဝရငြိမ်းချမ်းရေးကိုမူ လွယ်လွယ်ကူကူဖြင့် တည်ဆောက်၍တော့ ရနိုင်မည်မဟုတ်ပေ။ နိုင်ငံရေး၊ လူမျိုးရေးကို အခြေခံလာသော အမြစ်တွယ်ခိုင်မာနေသည့် လက်နက်ကိုင်ပဋိပက္ခများကို ရပ်တန့်သွားအောင် ဦးစွာတည်ဆောက် ကြိုးပမ်းကြရသည်။ အခက်အခဲများ၊ စိန်ခေါ်မှုများ၊ မယုံကြည်မှုများရှိနေဆဲဖြစ်၍ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ပြီး ပွင့်လင်းမြင်သာ စိတ်ရှည်သည်းခံကာ ကြိုးစားအကောင်အထည်ဖော်ရသည်။ ငြိမ်းချမ်းရေးသည် မပျက်ပြယ်၊ ရပ်တန့်မနေ ရှေ့သို့ တဖြည်းဖြည်းတက်လှမ်းနိုင်အောင် ယုံကြည်မှုကိုတည်ဆောက်ခဲ့ကြရသည်။

ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြန်ကြည့်လျှင် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA) တွင် လက်မှတ်ရေးထိုးနိုင်ခြင်းသည် ငြိမ်းချမ်းရေးအတွက် ကြီးမားသောအစပျိုးခြေလှမ်းဖြစ်သည်။ ထိုစဉ်က နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်)၊ လွှတ်တော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ကုလသမဂ္ဂအပါအဝင် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်းစသည့်နိုင်ငံများမှ သံတမန်များ၊ ပြည်တွင်းအသိသက်သေများရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာ လက်မှတ်ရေးထိုးခဲ့သည်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် စာချုပ်ဖြစ်၍ မည်သည့်အခါမျှ ပျက်ပြယ်ခြင်းမရှိသည့် သမိုင်းဝင်စာချုပ်ဖြစ်သည်။

NCA စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ရှိသည်။ NCA စာချုပ်တွင် လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၇၀ ကျော်ဖြစ်ပွားလာခဲ့သော လက်နက်ကိုင်ပဋိပက္ခများကြောင့် တိုးတက်မှုမရှိသော မိမိတို့ဒေသများနှင့် ခံစားနေကြရသော မိမိတို့တိုင်းရင်းသားပြည်သူများကို အလေးအနက်နှလုံးသွင်း၍ နှစ်ပေါင်းရှည်ကြာဖြစ်ပွားခဲ့သည့် ပဋိပက္ခများမှ နိုင်ငံရေး၊ စစ်ရေးအဖြေမထွက်သည့် သင်ခန်းစာများကိုရယူ၍ ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသားပြည်သူများအားလုံး၏ အကျိုးစီးပွားကို အလေးအနက်ထားပြီး မိမိဒေသနှင့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံရေးနည်းဖြင့် ပူးပေါင်းလက်တွဲဆောင်ရွက်ရန် လက်ကမ်းဖိတ်ခေါ်ပါသည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးအတွင်း နှစ်ပေါင်းထောင်ချီ မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ အတူတကွ လက်တွဲနေထိုင်လာခဲ့ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ခိုင်မာသာယာဝပြောရေးကို ရှေးရှုလျက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်( NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့မှစတင်၍ ငြိမ်းချမ်းရေးခရီးတွင် အားလုံးအတူတကွ လက်တွဲပါဝင် လျှောက်လှမ်းကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲအတွက် အလှူငွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၁၄

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း အသက် ၈၀ အထက် ဆရာသမားများနှင့် အသင်းဝင် သက်ကြီးဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲအတွက် ဦးသိန်းမြင့် (စိမ်းလန်းရွှေမြေကုမ္ပဏီ)က အလှူငွေကျပ်နှစ်သိန်း၊ ဦးထွန်းအောင် (ဂါဒီယန်ဝန်ထမ်းဟောင်း) Gensecon Myanmar Pte က အလှူငွေကျပ်နှစ်သိန်း၊ ဦးမောင်မောင်တီ(သင်္ချာမောင်မောင်တီ)က အလှူငွေကျပ်တစ်သိန်း၊ ကြည့်မြင်တိုင်အထက်လမ်းနေ ဦးသန်းလွင်–ဒေါ်မွန်မွန်သာဆိုင် (ငွေစာရင်းအရာရှိချုပ်– ငြိမ်း)က အလှူငွေကျပ်တစ်သိန်း စုစုပေါင်းအလှူငွေကျပ်ခြောက်သိန်းကို အောက်တိုဘာ ၁၁ ရက်တွင် အသင်းရုံးခန်းသို့ လာရောက်လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အမှုဆောင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။




**အေးသန်း(စိန်တုံးကြီး)**

## သံဖြူဇရပ်၌ အယ်လ်နီညိုအကြောင်း အသိပညာပေးဟောပြော

သံဖြူဇရပ် အောက်တိုဘာ ၁၄

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ အယ်လ်နီညိုအကြောင်း အသိပညာပေး ဟောပြောခြင်းကို ယနေ့နံနက် ၁၀ နာရီက ကျိုက္ခမီမြို့ အောင်ပင်လယ်ဓမ္မာရုံ၌ ကျင်းပသည်။



**အသိပညာပေး**

ဟောပြောပွဲတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်နိုင်ဝင်းက အယ်လ်နီညိုရာသီဥတု သက်ရောက်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ကြိုတင်ကာကွယ်ခြင်း၊ အယ်လ်နီညို ဖြစ်ပွားနေချိန်တွင် လုပ်ငန်းများဆောင်ရွက်ခြင်း၊ အယ်လ်နီညိုဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ခြင်းကို ရေလုပ်သားများ သိရှိစေရေး အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | – ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | – ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | – ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | – ဦးနိုင်လင်းကြည်၊ | စာပြင် | – ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | – ဦးစိုးချစ်ဦးနှင့်အဖွဲ့ |




ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

## ❖ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် အိန္ဒိယနိုင်ငံအနေဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံ ဒုတိယအမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် H.E. Mr. Vikram Misri အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။

☆ ရွှေဖုံးမှ

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ ဒုတိယအမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအတွက် အရေးကြီးသည့် ငြိမ်းချမ်းရေးနှစ်ပတ်လည်နေ့အခမ်းအနားကို အိန္ဒိယနိုင်ငံကိုယ်စား လာရောက်တက်ရောက်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် အိန္ဒိယနိုင်ငံအနေဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ ယခုထက် ပိုမိုတိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်ရန် လိုအပ်လျက်ရှိမှု၊ နိုင်ငံတော်အစိုးရနှင့်တပ်မတော်အနေဖြင့် NCA လမ်းကြောင်းပေါ်၌ ခိုင်မာစွာရပ်တည်လျှောက်လှမ်းလျက်ရှိမှုနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိမှု၊ အိန္ဒိယနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် ဆက်လက်ကူညီဆောင်ရွက်သွားမည့် အခြေအနေများနှင့် NCA အပေါ် အပြည့်အဝယုံကြည်လျက်ရှိမှုနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အိန္ဒိယနိုင်ငံ ဒုတိယအမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့နှင့် အိန္ဒိယနိုင်ငံ ဒုတိယအမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် H.E. Mr. Vikram Misri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ကရင်ပြည်နယ်၏ ရော်ဘာထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေး ရော်ဘာလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

ဘားအံ အောက်တိုဘာ ၁၄

ကရင်ပြည်နယ်သည် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု တတိယအများဆုံးပြည်နယ်ဖြစ်ပြီး တစ်နိုင်ငံလုံးရော်ဘာစိုက်ဧက၏ ၁၆ ဒသမ ၅၇ ရာခိုင်နှုန်း၊ ဧက ၂၇၀၀၀၀ ကျော်စိုက်ပျိုးထားရှိရာ ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ရော်ဘာထုတ်လုပ်မှုကဏ္ဍတိုးတက်မြင့်မားရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ရော်ဘာလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။



ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက ကရင်ပြည်နယ်တွင် ရော်ဘာမျိုးကွဲပေါင်း ၁၅ မျိုးခန့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် ၆၇၅ ဒသမ ၅၆ ပေါင် ထွက်ရှိသည့်အတွက် အထွက်နှုန်းလျော့နည်းပြီး ဒေသနှင့်ကိုက်ညီသည့်မျိုးများကို စိုက်ပျိုးကြမှသာ အထွက်နှုန်းတိုးတက်ကာ စိုက်ပျိုးတောင်သူများ တွက်ခြေကိုက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်းစက်ရုံအင်အားနည်းသည့်အတွက် မှိုင်းခံရော်ဘာစက်ရုံ၊ အဆင့်မြင့် ရော်ဘာစက်ရုံများကို တိုးချဲ့တည်ဆောက်မှသာလျှင် ပြည်နယ်၏ ရော်ဘာထုတ်လုပ်မှုတိုးတက်ပြီး MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ သက်တမ်းလွန်ရော်ဘာပင်အိုပင်ဟောင်းများကို ကြိတ်ခွဲနိုင်သည့်စက်ရုံ မရှိသေးသည့်အတွက် ရော်ဘာသစ်ကုန်ချောထုတ်လုပ်သည့်စက်ရုံများ တည်ထောင်ရန်လိုကြောင်း ပြောကြားသည်။

### ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် တက်ရောက်လာသော ရော်ဘာလုပ်ငန်းရှင်များက မြေယာကိစ္စရပ်များ၊ အသင်းအဖွဲ့ကိစ္စရပ်များ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခက်အခဲများ၊ ဈေးငွေဆိုင်ရာကိစ္စရပ်များ၊ ရော်ဘာစက်ရုံမြေနေရာကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားရေးဆိုင်ရာကိစ္စရပ်များ၊ မြေဩဇာများသက်သာသောနှုန်းထားများဖြင့် ဝယ်ယူရရှိနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

အလားတူ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင် - ၁၀၀)နှင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ)တို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၄)ရပ်ကွက် ရွှေဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ယဉ်ကျေးမှုပြတိုက်၌ (၆၈) နှစ်မြောက် ကရင်ပြည်နယ်နေ့တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေသော ဌာနဆိုင်ရာစုပေါင်းဒုံးအဖွဲ့၏ အကတိုက်လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် Moscow Power Engineering Institute၊ National Research Nuclear University၊ RUDN တက္ကသိုလ်နှင့် Rosatom Technical Academy သို့ သွားရောက်လေ့လာ




**နေပြည်တော် အောက်တိုဘာ ၁၄**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက ရုရှားနိုင်ငံ Rosatom မှ တာဝန်ရှိသူများနှင့်အတူ Moscow Power Engineering Institute၊ National Research Nuclear Universityနှင့် RUDN တက္ကသိုလ်များသို့ သွားရောက်လေ့လာရာ တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များက တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ သင်ကြားသင်ယူမှုစနစ်များ၊ သုတေသနလုပ်ငန်းများ၊ တက္ကသိုလ်ပတ်ဝန်းကျင်၊ စာသင်ခန်း၊ စာကြည့်တိုက်၊ ဓာတ်ခွဲခန်းများ၊ အလုပ်ရုံများနှင့်သုတေသနခန်းများကို လိုက်လံရှင်းလင်းပြသသည်။

ထိုသို့လေ့လာကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါတက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော မြန်မာကျောင်းသားများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးပြီး ယင်းတက္ကသိုလ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ Moscow Power Engineering Institute၊ National Research Nuclear University၊ RUDN တက္ကသိုလ်များနှင့် မြန်မာနိုင်ငံမှ တက္ကသိုလ်များ သင်ကြားသင်ယူမှုနှင့် သုတေသနပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Rosatom Technical Academy (မော်စကိုကျောင်းခွဲ) သို့ရောက်ရှိရာ Rosatom Technical Academy အုပ်ချုပ်မှုဒါရိုက်တာက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြသခဲ့ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးအတွင်း စုပေါင်းသန့်ရှင်းလုပ်ငန်းများ ဆောင်ရွက်



**မုံရွာ အောက်တိုဘာ ၁၄**

မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ယနေ့ နံနက်ပိုင်းတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြသူများအား စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက် နေကြသူများအား အခြေခံ စားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ၃၀ တို့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်း အင်အား ၃၅၀၀ ကျော်ဖြင့် ပြည်သူ့ဆေးရုံကြီးများနှင့် မြို့သန့်ရှင်းသပ်ရပ် သာယာရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မော်လမြိုင်မြို့၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ပြုလုပ်

**မော်လမြိုင် အောက်တိုဘာ ၁၄**

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၉)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အမှတ်(၆) အခြေခံပညာ မူလတန်း(လွန်)ကျောင်း၌ ကျင်းပသည်။

ဦးစွာအမှတ်(၉)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်အောင်ကျော်ထူးက လူကုန်ကူးမှုအန္တရာယ် အကြောင်းအရာများကို လူငယ်များသိရှိပြီး လိုက်နာရှောင်ရှားနိုင်ကြစေရန် အသိပညာပေးဟောပြောပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က ကျောင်းသား ကျောင်းသူများ ပြင်ပစာပေများကို လေ့လာကြည့်ရှု၍ အသိပညာဗဟုသုတရရှိလာစေရန် အသိပညာပေး ဟောပြောသည်။

ထို့နောက် လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်အား ပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



# ပြင်ဦးလွင်မြို့၌ ပလတ်စတစ်လျှော့ချသုံးစွဲရေးနှင့် စနစ်တကျအမှိုက်ခွဲခြားစွန့်ပစ်ရေးအတွက် အသိပညာပေး လှုံ့ဆော်လှုပ်ရှားမှု ဆောင်ရွက်

**ပြင်ဦးလွင် အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူး၍ ပြင်ဦးလွင်မြို့နယ်အတွင်း ပလတ်စတစ် လျှော့ချသုံးစွဲရေးနှင့် စနစ်တကျ အမှိုက်ခွဲခြားစွန့်ပစ်ရေးတို့အတွက် အသိပညာပေး လှုံ့ဆော်လှုပ်ရှားမှုကို ယမန်နေ့က ပြင်ဦးလွင်မြို့ စည်ပင်သာယာ မြို့မဈေးကြီး၌ ဆောင်ရွက်သည်။

အဆိုပါလှုံ့ဆော်လှုပ်ရှားမှု ပညာပေးအစီအစဉ်တွင် ပလတ်စတစ်လျှော့ချသုံးစွဲရေးအတွက် Recycle Bag အိတ် ၅၀၀ ဖြန့်ဝေပေးခြင်း၊ ပလတ်စတစ်လျှော့ချသုံးစွဲရေးနှင့် အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်၊ ဘေးအန္တရာယ်ရှိသောအမှိုက် စသည်ဖြင့် စနစ်တကျ အမှိုက်ခွဲခြားစွန့်ပစ်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ပြင်ဦးလွင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှဦးစီးအရာရှိ ဒေါ်ဟန်နီသင်းနှင့် ဝန်ထမ်းများ၊ ပြင်ဦးလွင်မြို့ စည်ပင်သာယာရေးအဖွဲ့မှ ဈေးတာဝန်ခံ ဦးဝင်းကိုနှင့် ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။




**ခရိုင်(ပြန်/ဆက်)**

**စာအုပ်စာပေ**
**လှူမိတ်ဆွေ**

# မှော်ဘီမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

**မှော်ဘီ အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သမဝါယမအသင်းစုလီမိတက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့်ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်သမဝါယမအသင်းစုလီမိတက်ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးထွန်းမြင့်က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အုပ်ချုပ်မှုဒါရိုက်တာ ဦးအေးကြူက ဖတ်ကြားပြီး အသင်းသားစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာအား မှော်ဘီမြို့နယ် သမဝါယမအသင်းစုလီမိတက် အဖွဲ့ဝင် ဦးတင်ထွန်းက ဖတ်ကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ခဲ့ရာ အရွေးချယ်ခံပြီး အမှုဆောင်အသစ်များ အနေဖြင့် ရွေးချယ်ရေးအဖွဲ့ ခေါင်းဆောင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးသူမြင့်ရှေ့မှောက်တွင် ကတိသစ္စာခံယူခဲ့ကြောင်း သိရသည်။



**ဝင်းနွယ်**

☆ ကျောဖုံးမှ

လူ့အခွင့်အရေးကောင်စီသည် တရားစွဲဆိုသည့် ယန္တရားထူထောင်ရန် လုပ်ပိုင်ခွင့်မရှိဘဲ ယင်း၏လုပ်ပိုင်ခွင့်ကိုကျော်လွန်၍ IIMM ကို ထူထောင်ခဲ့သည်။ IIMM သည် လူ့အခွင့်အရေးကောင်စီ၏ နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်ပစ်မှတ်ထားသည့် နိုင်ငံရေးသွတ်သွင်းထားသော ဆုံးဖြတ်ချက်အဆိုမှစတင်ပေါ်ပေါက်လာခြင်းဖြစ်ရာ စတင်တည်ထောင်ချိန်မှအစပြု၍ IIMM ၏ လုပ်ပိုင်ခွင့်ကို မြန်မာနိုင်ငံက မည်သည့်အခါကမျှ အသိအမှတ်ပြုလက်ခံခြင်းမရှိခဲ့ပါ။ IIMM က စုဆောင်းခဲ့သည်ဟုဆိုသော သတင်းအချက်အလက်အပိုင်းအစ ၂၃ သန်းနှင့် ပတ်သက်၍ မည်သို့စိစစ်သည်ကို ဖော်ပြထားခြင်းမရှိရာ ယင်းအချက်အလက်များ၏ မှန်ကန်မှုကိုအတည်ပြုနိုင်ခြင်း မရှိပါ။ အစိုးရများထံမှ ထောက်ပံ့ငွေရယူခြင်းမပြုရန် ကုလသမဂ္ဂ အထူးလုပ်ပိုင်ခွင့် ရရှိထားသူများအား တင်းကျပ်စွာ တားမြစ်ထားသည့်တိုင် IIMM သည် အချို့သောအစိုးရများထံမှ ထောက်ပံ့ငွေများကို ပြောင်ပြောင်တင်းတင်းလက်ခံလျက်ရှိသည်။ သို့ဖြစ်ရာ IIMM သည် ၎င်းကို ဖန်တီးသူများ၏ ဆန္ဒနှင့်အညီ မြန်မာနိုင်ငံအပေါ် အကွက်ချအမှုဆင်ရန် အစီအမံသက်သက်သာဖြစ်သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးသည် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေဆိုင်ရာအစီရင်ခံစာကို အပြန်အလှန်ဆွေးနွေးမှုမပြုလုပ်မီ အချိန်အနည်းငယ်အလိုမှထုတ်ပြန်ခဲ့ပြီး တုံ့ပြန်ရန် လုံလောက်သောအချိန်မပေးခဲ့ပါ။ အစီရင်ခံစာတွင် စွပ်စွဲထားသည့်ဖြစ်ရပ်များသည် အစိုးရကို ဆန့်ကျင်သည့်ရင်းမြစ်များ သို့မဟုတ် အကြမ်းဖက်သမားများကို ထောက်ခံသည့် သတင်းမီဒီယာများကို ကိုးကားထားကြောင်းတွေ့ရှိရသည်။ အစီရင်ခံစာတွင် အစိုးရမှပံ့ပိုးထားသည့် စိစစ်အတည်ပြုပြီးသော ယုံကြည်စိတ်ချရသည့် သတင်းအချက်အလက်များကို ရည်ရွယ်ချက်ရှိရှိချန်လှပ်ထားပြီး စိစစ်ထားခြင်းမရှိသည့် စွပ်စွဲချက်များပေါင်းထည့်ထားသည်ကို စိတ်ပျက်ဖွယ်တွေ့ရှိရသည်။

ကလေးသူငယ် ၂၈ ဦးနှင့် ဝန်ထမ်း ၂၇၄ ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ၆၆၀၀ ကျော်ကို သတ်ဖြတ်မှုအတွက်တာဝန်ရှိသည့် NUG နှင့် PDF အကြမ်းဖက်အုပ်စုများကကျူးလွန်သည့် အလွန်ဆိုးရွားသော ရာဇဝတ်မှုများကို မဟာမင်းကြီး၏အစီရင်ခံစာတွင် သိသာစွာလျှော့ပေါ့ဖော်ပြခဲ့သည်။ ယင်းအကြမ်းဖက်အဖွဲ့အစည်းများ၏ ပြည်သူများကို ရက်စက်စွာသတ်ဖြတ်မှုများ၊ ၎င်းတို့အချင်းချင်း အပြန်အလှန်တိုက်ခိုက်မှု၊ သတ်ဖြတ်မှုသတင်းများ ကျယ်ပြန့်စွာထွက်ပေါ်လျက်ရှိသော်လည်း ဘက်လိုက်သောအစီရင်ခံစာရေးသားသူသည် ယင်းသို့သောသတင်းများကို အလေးမထားခဲ့ကြောင်း တွေ့ရှိရသည်။ NUG အကြမ်းဖက်များ၏ပယောဂကြောင့် လက်နက်ကိုင်လမ်းစဉ်ကို လိုက်ခဲ့ကြသော လူငယ်များသည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ အစိုးရအနေဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်အထိ ၆၆၇ ဦးကို မိသားစုများနှင့် ပြန်လည်ပေါင်းစည်းပေးခဲ့ပြီးဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ အစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်အားဖြည့်နိုင်ရန်အတွက်လည်းကောင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့် (၂၂)ကြိမ် ထုတ်ပြန်ခဲ့ပြီး အကျဉ်းသား/သူ စုစုပေါင်း ၇၆,၂၃၀ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းမှ လူပေါင်း ၅၀၀,၀၀၀ ကျော် နေရပ်စွန့်ခွာခဲ့ရခြင်း၏ အကြောင်းရင်းမှာ ARSA ခေါ် အကွာမူလ်မူဂျာဟစ်ဒင်အဖွဲ့က ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ပြီး ၎င်းတို့၏လမ်းစဉ်ကိုမလိုက်သော ဗုဒ္ဓဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များနှင့် မွတ်စလင်ဘာသာဝင်များကို သတ်ဖြတ်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာမှုများ ဖြစ်ပေါ်ခဲ့ရခြင်းမှာ ယင်းတိုက်ခိုက်မှုများကြောင့်သာ ဖြစ်သည်။ မြန်မာအစိုးရအနေဖြင့် စိစစ်အတည်ပြုပြီးသော ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်နိုင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယင်းကြိုးပမ်းမှုများကို ထိခိုက်စေရန်ဦးတည်သည့် မဟာမင်းကြီး၏ အားထုတ်မှုများသည် သင့်လျော်မှုမရှိပါ။ မြန်မာနိုင်ငံ၏ သမိုင်းနှင့် ဥပဒေအပါအဝင် အထောက်အထားမှတ်တမ်းများတွင် မည်သည့်အခါကမျှ ပါဝင်ခဲ့ခြင်းမရှိသည့် “ရိုဟင်ဂျာ” ဟူသော အသုံးအနှုန်းကို အသိအမှတ်မပြုသည့်ရပ်တည်ချက်ကို ထပ်လောင်းဖော်ပြအပ်သည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်တိုးတက်မှုများသည် နိုင်ငံတကာတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအပေါ် မည်သည့်သက်ရောက်မှုမျှမရှိသည့်တိုင် မဟာမင်းကြီးသည် ၎င်း၏ အစီရင်ခံစာတွင် မြန်မာကိစ္စအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) သို့ လွှဲပို့ရေး အပါအဝင် ဆီလျော်မှုမရှိသည့် သုံးသပ်အကြံပြုချက်များကို ထည့်သွင်းရေးသားခဲ့သည်။ သို့ဖြစ်၍ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးနှင့် နိုင်ငံအချို့၏ ယင်းကဲ့သို့လျော်ကန်မှုမရှိသည့် ရည်ညွှန်းပြောဆိုချက်များကို ခြွင်းချက်မရှိပယ်ချလိုက်သည်။

အပြန်အလှန်ဆွေးနွေးမှုများအတွင်း မြန်မာနိုင်ငံအပေါ် နားလည်ပေးပြီး အပြုသဘော ရပ်တည်မှုပေးခဲ့သည့် နိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်သည်။ ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးသည် သက်ဆိုင်ရာအပြန်အလှန်ဆွေးနွေးမှုအသီးသီးအပေါ် တုံ့ပြန်မှုပြုလုပ်ခဲ့ပြီးဖြစ်ရာ အသေးစိတ်ကို အဖွဲ့ရုံး၏ အင်တာနက်စာမျက်နှာတွင် ကြည့်ရှုနိုင်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၄ ရက်**

# တပ်မတော်တွင် စတုတ္ထအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသ



**နေပြည်တော် အောက်တိုဘာ ၁၄**

တပ်မတော်တွင် ပထမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အသည်းအစားထိုးလူနာ နှစ်ဦးကိုလည်းကောင်း၊ ဒုတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက်၊ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၁ ရက်တို့တွင် အသည်းအစားထိုး လူနာ သုံးဦးကိုလည်းကောင်း၊ တတိယအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ၂၀၂၃ ခုနှစ် ဇူလိုင် ၁၈ ရက်မှ ၂၀ ရက်အထိလည်းကောင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ယခုအခါ စတုတ္ထအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို လူနာ သုံးဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ ပထမနေ့ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိတပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပြီး လူနာအလုပ်သင်ဗိုလ် ဇော်မင်းလတ်(ငြိမ်း)နှင့်တူဖြစ်သူ အသည်းအလှူရှင် ကိုငြိမ်းချမ်းအောင်တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်း အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၇ နာရီ မိနစ် ၅၀ တွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၃ နာရီခွဲခန့်တွင် အသည်းလက်ခံ လူနာထံသို့ အစားထိုး ခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင် လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ ကျွမ်းကျင်သူများက ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်း အစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်ဆေးရုံကြီးများမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ပြည်တွင်းသို့ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Kan Bo Motorcycle Industrial Co., Ltd. မှ တင်သွင်းလာသော Kenbo အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏ၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အလုပ်အမှုဆောင်အဖွဲ့များ၊ လှည်းကူးခရိုင် ဘာသာပေါင်းစုံ ခေတ္တဥက္ကဋ္ဌ ဦးအောင်ချိုဝင်းနှင့် အလုပ်အမှုဆောင်များက အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူ (ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာဝင်များ)အတွက် ရေသန့်၊ ကြက်ဥနှင့် အသင့်စားခေါက်ဆွဲထုပ်များကို သွားရောက်လှူဒါန်းခဲ့ကြစဉ်။ သတင်းစဉ်

## ကျောက်တန်းမြို့နယ် သမအသင်းစုအစည်းအဝေး ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်သမအသင်းစုအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးသန်းစိုးနှင့် မြို့နယ်သမဦးစီးအရာရှိ ဒေါ်အေးအေးထွန်းတို့ကအမှာစကားပြောကြားပြီး ဒါရိုက်တာအဖွဲ့မှ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာများကို ဖတ်ကြားအတည်ပြုချက်ရယူပြီး အခြေခံအသင်းဝင် ၇၉ သင်း၏ အစုပေါ်အမြတ်ငွေများကို မြို့နယ်သမဦးစီးအရာရှိ ဒေါ်အေးအေးထွန်း



က အသင်းအားလုံးကိုယ်စားရွှေကံကော်အသင်းဥက္ကဋ္ဌ ဦးမောင်ထွန်းထံ ပေးအပ်ခဲ့သည်။ **ဘော်ဂါသွေး**

# နိုင်ငံရေးအမြတ်ထုတ် စားပေါက်ထွင် လုပ်စားနေသူတွေကို ရှုတ်ချကြပါစို့

ကိုရင်မောင်

မကြာသေးမီက မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ထူးတဲ့သတင်းတစ်ပုဒ်ကို ကြားသိခဲ့ရပါတယ်။ သတင်းကောင်းတစ်ပုဒ်တော့ မဟုတ်ပါဘူး။ ပြည်ပနိုင်ငံက အတိုက်အခံပါတီတစ်ခုက အနောက်နိုင်ငံတွေနဲ့ OIC နိုင်ငံတွေအလိုကျ မျက်နှာလိုမျက်နှာရ လှုံ့ဆော်လိုက်တဲ့ အကွက်ဆန်းဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ အတိုက်အခံပါတီ BNP ဟာ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့က "Rohingya Crisis and Repatriation Strategy" ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့ပြီး ဆွေးနွေးပွဲမှာ BNP အနေနဲ့ ဘင်္ဂါလီတွေရဲ့ အကျပ်အတည်းအတွက် ထိရောက်စွာဖြေရှင်းနိုင်ဖို့ အချက် ၁၆ ချက်ကို အဆိုပြုခဲ့ကြောင်း သတင်းဆောင်းပါးတစ်ပုဒ်မှာ တွေ့လိုက်ရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာခဲ့ကြတဲ့ ဘင်္ဂါလီအရေးနဲ့ ပတ်သက်လို့ ပြည်ပနိုင်ငံတွေက ပြောနေကြတာတွေဟာ အထူးအဆန်းမဟုတ်ပေမယ့်လည်း လုပ်နေကျမဟုတ်တဲ့ နိုင်ငံရေးပါတီတစ်ခုက ပြုလုပ်လာလို့ ဆန်းသလိုလိုဖြစ်နေပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက အတိုက်အခံနိုင်ငံရေးပါတီတစ်ခုက နိုင်ငံရေးအမြတ်ထုတ်လိုတဲ့ ရည်ရွယ်ချက်နဲ့ အဆန်းထွင်တဲ့အကွက်ဟာ အရင်လမ်းဟောင်းအတိုင်း ဖြစ်နေတာ တွေ့ရပါတယ်။ ၎င်းတို့ရဲ့ အဆိုပြုချက်မှာ ဘင်္ဂါလီတွေရဲ့ အကျပ်အတည်းကို တုံ့ပြန်ဆောင်ရွက်ဖို့အတွက် ကုလသမဂ္ဂနဲ့ နိုင်ငံတကာအသိုက်အဝန်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်မှုကို တိုးမြှင့်ဖို့၊ ဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာနဲ့ ဂုဏ်သိက္ခာရှိရှိ ရေရှည်တည်တံ့တဲ့ နေရပ်ပြန်ပို့ရေးကို ကုလသမဂ္ဂက ကြီးကြပ်ဖို့ ဆရာတွေပြောနေကျစကားကို အာဂုံဆောင်ပြီး ထပ်ပြောလာပြန်ပါတယ်။

### အမှန်တရားကို မျက်ကွယ်ပြု

ဒ့ါအပြင်ဘင်္ဂါလီတွေအပေါ် လူမျိုးတုံးသတ်ဖြတ်မှု၊ ရာဇဝတ်မှုတွေနဲ့ စစ်ရာဇဝတ်မှုတွေကို အသိအမှတ်ပြုဖို့၊ ရာဇဝတ်မှုကျူးလွန်သူအားလုံးကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး(ICC)နဲ့ အခြားနိုင်ငံတကာခုံရုံးတွေကတစ်ဆင့် တရားစီရင်ဖို့နဲ့ ထပ်မံဖြစ်ပွားခြင်းမှ ကာကွယ်ဖို့နဲ့ တရားမျှတမှုရှိစေဖို့အတွက် ကြိုးပမ်းမှုတွေမှာ ပံ့ပိုးကူညီဖို့၊ ဘင်္ဂါလီတွေကို နှိပ်စက်ညှဉ်းပန်းမှုနဲ့ ပတ်သက်လို့ အာဆီယံနိုင်ငံတွေက ကြိုတင်ကာကွယ်ဖို့အတွက် မူဝါဒချမှတ်ဆောင်ရွက်ဖို့ လိုအပ်တဲ့ ဒေသတွင်းနဲ့ ကမ္ဘာလုံးဆိုင်ရာ ပြဿနာအဖြစ် အသိအမှတ်ပြုဖို့၊ ဒေသတွင်းနဲ့ အာဆီယံနိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဖို့၊ မြန်မာနိုင်ငံနဲ့ပြည်ပနိုင်ငံတွေမှ ဒုက္ခသည်စခန်းတွေကို ယာယီအဖြစ် ရောက်ရှိလာတဲ့ ဘင်္ဂါလီတွေကို အကာအကွယ်ပေးမှု မြှင့်တင်ဖို့ မဟုတ်တရုတ်တွေ စာရင်းသွင်း ထည့်ပြောထားပါတယ်။

အနီ အတိုက်အခံပါတီ ပြောဆိုခဲ့တဲ့ စကားတွေဟာ အနောက်နိုင်ငံတွေနဲ့ OIC နိုင်ငံတွေရဲ့ ပြောဆိုလုပ်ကိုင်ခဲ့တာတွေဖြစ်လို့ အခု ၎င်းတို့သဘောထားဟန်နဲ့ ထပ်မံထုတ်ဖော်ပြောဆိုလာတော့ အဲဒီနိုင်ငံတွေရဲ့ ထောက်ခံမှုတွေရဖို့ မျှော်လင့်ဟန်တူပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ဖြစ်ခဲ့တဲ့ကိစ္စတွေနဲ့ပတ်သက်လို့ နိုင်ငံတကာတရားရုံးမှာ မြန်မာနိုင်ငံမှာ အဲဒီအချိန်က အစိုးရဖြစ်တဲ့ အာဏာရပါတီရဲ့ ခေါင်းဆောင်ကိုယ်တိုင် သွားရောက်ဖြေရှင်းခဲ့ပြီးဖြစ်ပါတယ်။ ယနေ့တိုင်လည်း သတ်မှတ်ထားတဲ့အချက်တွေအတိုင်း နိုင်ငံကိုတာဝန်ယူတဲ့အစိုးရက သွားရောက်ဖြေရှင်းခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ လိပ်ခဲတည်းလည်းဖြစ်နေတဲ့ ပြဿနာဟာ အမှန်တရားကို မျက်ကွယ်ပြုပြီး အမှားတွေနဲ့ တောင်းဆိုနေလို့ အဆုံးမသတ်နိုင်တဲ့ပြဿနာလို့ ဆိုနိုင်ပါတယ်။



အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများ၊ AHA Center တို့မှကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုများကို သွားရောက်လေ့လာစဉ်။

### ဖြေရှင်းမရတဲ့ပြဿနာ

ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေနဲ့ ပတ်သက်တဲ့ တံခါးပိတ်/တံခါးဖွင့် အစည်းအဝေးတွေ ခဏခဏလုပ်ရာမှာ နေရပ်စွန့်ခွာ ဘင်္ဂါလီအရေးဟာ အမြဲလိုလိုပါနေကျ ဖြစ်ပါတယ်။ ဆုံးဖြတ်မှုတွေ၊ ကြားနာမှုတွေ အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ကြပေမယ့် ထူးမခြားနား ဘာမျှဖြစ်မလာတာကို ၎င်းတို့နဲ့ပတ်သက်တဲ့ သူတွေကိုယ်တိုင် ဝန်ခံထားပါတယ်။ အာဆီယံအဖွဲ့အစည်းအတွင်းမှာလည်း အနောက်နိုင်ငံတွေနဲ့ OIC နိုင်ငံတွေနဲ့ မကင်းရာမကင်းကြောင်း နိုင်ငံအချို့က ကန့်ကွက်မှုတွေ၊ ဖိအားပေးမှုတွေ၊ တွန်းအားပေးမှုတွေ ပြုလုပ်ခဲ့ကြပေမယ့်လည်း ထူးမခြားနားပါပဲ။ ရခိုင်ပြည်နယ်က ဘင်္ဂါလီပြဿနာဟာ နောက်ခံသမိုင်းကြောင်းရှည်လျားပြီး ရှုပ်ထွေးနက်နဲတဲ့ ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ တကယ်တော့ ပြဿနာရှိရင် အဖြေရှိရမှာ ဖြစ်ပါတယ်။ ရိုးရိုးသားသားဆိုရင် ဖြေရှင်းနိုင်တဲ့ ပြဿနာဖြစ်ပါတယ်။ မရိုးသားဘဲ မမှန်ကန်တဲ့အကြောင်းအရာတွေကြောင့် ဖြေရှင်းမရတဲ့ပြဿနာ ဖြစ်နေပါတယ်။

နောက်တစ်ခုက အမေရိကန်ပြည်ထောင်စုက ပြဋ္ဌာန်းခဲ့တဲ့ Burma Act ကို BNP အနေနဲ့ ကြိုဆိုပြီး အာဆီယံအတွင်း မြန်မာနိုင်ငံအရေး ပိုမိုတက်ကြွစွာ ဆောင်ရွက်ရေးကို အားပေးဖို့အတွက် ဥရောပသမဂ္ဂ(EU)ရဲ့ ဩဇာလွှမ်းမိုးမှုကို အသုံးချဖို့၊ အစ္စလာမ့်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC)က မြန်မာအစိုးရကို အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ)မှာ တရားစွဲဆိုခြင်းအပါအဝင် ကမ္ဘာလုံးဆိုင်ရာထောက်ခံမှုကို စည်းရုံးရယူဖို့နဲ့ အာဆီယံမှာ အင်ဒိုနီးရှားရဲ့ ဦးဆောင်မှုနဲ့အတူ အာဆီယံရဲ့ အခန်းကဏ္ဍ ပိုမိုအားကောင်းလာစေဖို့အတွက် အာဆီယံကို ထောက်ခံအားပေးဖို့၊ ဘင်္ဂါလီတွေကို ထောက်ပံ့ဖို့ ကုလသမဂ္ဂ အေဂျင်စီတွေထံက လူသားချင်းစာနာ ထောက်ထားမှုအကူအညီတွေ တိုးမြှင့်တောင်းခံဖို့တွေလည်း ပါပါတယ်။

### သခွတ်ပင်က မီးတကျီကျီ

အမေရိကန်ပြည်ထောင်စုက ပြဋ္ဌာန်းခဲ့တဲ့ Burma Act ၂၀၂၂ မှာ အဓိကပါဝင်တဲ့အချက်က လာမယ့်ငါးနှစ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီနဲ့ ဒီမိုကရေစီရေးလှုပ်ရှားသူတွေကို ထောက်ပံ့ဖို့ အမေရိကန်ဒေါ်လာ သန်း ၄၅၀ တရားဝင်ခွင့်ပြုဖို့ဆိုတဲ့ အချက်ပါဝင်ပါတယ်။ Burma Act အတည်ပြုလို့ ယမန်နှစ်ကလည်း အမေရိကန်ဒေါ်လာ ၁၃၆ သန်းနဲ့ စီးပွားဖြစ်ခဲ့ကြတဲ့ အဖွဲ့အစည်းတွေရှိသလို စိတ်ဝင်စားစရာကောင်းတဲ့ Burma Act ကို ယခု ၂၀၂၃ ခုနှစ်မှာလည်း ပြည်တွင်း၊ ပြည်ပက ဆန့်ကျင်ဘက် အဖွဲ့အစည်းတွေက သူ့ထက်ငါဦးအောင် ကြိုတင်ပြင်ဆင်မှုတွေ၊ အစီအမံတွေနဲ့ တက်တက်ကြွကြွ လှုပ်ရှားနေကြတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံပြည်တွင်းရေး အကြောင်းပြုပြီး သခွတ်ပင်က မီးတကျီကျီလုပ်နေကြတာ ဖြစ်ပါတယ်။ ဒုက္ခသည်တွေကိုအကြောင်းပြုပြီး နိုင်ငံရေးအမြတ်ထုတ်တာတွေ၊ လုပ်စားနေကြတာတွေ ရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။

နောက်တစ်ခါ ဒုက္ခသည်စခန်းတွေမှာ အရပ်သားဘင်္ဂါလီတွေရဲ့ ခေါင်းဆောင်မှုကို တည်ဆောက်ပြီး ရာဇဝတ်မှုတွေ တိုက်ဖျက်ဖို့၊ ပြည်ပရောက်ဘင်္ဂါလီတွေရဲ့ အရေးကြီးတဲ့ အခန်းကဏ္ဍကို မြှင့်တင်ဖို့၊ အကြမ်းဖက်မှုမပြုလုပ်တဲ့ ပြည်ပရောက် ဘင်္ဂါလီခေါင်းဆောင်တွေနဲ့ ဆက်ဆံရေး ထူထောင်ကာ နိုင်ငံတကာဖိုရမ်တွေမှာ ပူးပေါင်းဆောင်ရွက်ဖို့၊ အလုပ်အကိုင် အခွင့်အလမ်းကိစ္စတွေ ဖြေရှင်းပေးဖို့၊ ကလေးငယ်တိုင်း ပညာသင်ကြားခွင့် ရရှိစေဖို့၊ ဘာဆန်ဂျာကျွန်းရှိ ဒုက္ခသည်စခန်းသို့ ပို့ဆောင်နေခြင်းကို ပြန်လည်သုံးသပ်ဖို့၊ နေရပ်ပြန်ရေးအစီအစဉ်တွေ ရေးဆွဲရာမှာ ဒုက္ခသည်တွေရဲ့ သဘောထားတွေနဲ့လိုလားချက်တွေကို ထည့်သွင်းစဉ်းစားဖို့၊ ဘင်္ဂါလီနဲ့ရခိုင်အသိုက်အဝန်းတွေအကြား ဆွေးနွေးမှုတွေနဲ့ ပြန်လည်သင့်မြတ်ရေးကို အားပေးမြှင့်တင်ဖို့အတွက် အစည်းအဝေးတွေ ပြုလုပ်ရေး အကူအညီပေးဖို့ အချက်တွေကို အရှုးချေးပန်းဆိုတာလို ပေါက်သောက်ထည့်သွင်းတောင်းဆိုထားတာ တွေ့ရပါတယ်။

### ပြန်လည်လက်ခံရေးပြင်ဆင်ထား

**တစ်ဖက်နိုင်ငံ ဒုက္ခသည်စခန်းတွေမှာ ARSA အကြမ်းဖက်သမားတွေ စိမ့်ဝင်ရောနှောနေထိုင်ပြီး အနိုင်ကျင့် နှိပ်စက်သတ်ဖြတ်မှုတွေ၊ အကြမ်းဖက်မှုတွေရှိနေလို့ ဘင်္ဂလားဒေ့ရှ်အစိုးရက ကိုင်တွယ်ရှင်းလင်းနေရပါတယ်။ ၎င်းတို့ရဲ့ ဒုက္ခသည်စခန်းမှာ ဖြစ်ပျက်နေတဲ့ကိစ္စတွေဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရနဲ့ ၎င်းတို့ရဲ့ အတွင်းရေးကိစ္စဖြစ်လို့ ၎င်းတို့ကိုယ်တိုင် ဖြေရှင်းရမှာ ဖြစ်ပါတယ်။ ဘင်္ဂါလီတွေ နေရပ်ပြန်ရေးအစီအစဉ်နဲ့ ပတ်သက်လို့ ပြဿနာစတင်ဖြစ်ပြီးတဲ့ အချိန်ကစလို့ မြန်မာနိုင်ငံအစိုးရ အဆက်ဆက်က အလေးထားဆောင်ရွက်ခဲ့၊ ဆောင်ရွက်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း BNP လို နိုင်ငံရေးပါတီတွေ၊ အဖွဲ့အစည်းတွေက သတင်းမှားတွေကို အခြေခံပြီး မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်နေသယောင် တွင်တွင်ပြောဆိုနေကြတာ ရှိပါတယ်။**

မကြာသေးမီက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီက တာဝန်ရှိပုဂ္ဂိုလ်တွေက နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုတွေကို မြန်မာနိုင်ငံအခြေစိုက်သံရုံးတွေက သံရုံးအကြီးအကဲတွေနဲ့ သံတမန်တွေကို ကွင်းဆင်းသွားရောက် ရှင်းလင်းပြသတဲ့အခါမှာ သံတမန်တွေက နားလည်သဘောပေါက်ပြီးတော့ သူတို့ရဲ့နိုင်ငံတွေကို ပြန်လည်ပြီး အခြေအနေမှန်တွေကို အစီရင်ခံသွားမယ်လို့ ဆိုကြပါတယ်။ မြန်မာနိုင်ငံရဲ့ ဆောင်ရွက်ချက်တွေကို အသိအမှတ်ပြု ကျေးဇူးတင်တယ်လို့ ပြောပါတယ်။ ပြန်လည်လက်ခံရေး လုပ်ငန်းတွေကို

စာမျက်နှာ ၇ သို့ ❍

**“တစ်ဖက်နိုင်ငံ ဒုက္ခသည်စခန်းတွေမှာ ARSA အကြမ်းဖက်သမားတွေ စိမ့်ဝင်ရောနှောနေထိုင်ပြီး အနိုင်ကျင့်နှိပ်စက်သတ်ဖြတ်မှုတွေ၊ အကြမ်းဖက်မှုတွေရှိနေလို့ ဘင်္ဂလားဒေ့ရှ်အစိုးရက ကိုင်တွယ်ရှင်းလင်းနေရပါတယ်။ ၎င်းတို့ရဲ့ ဒုက္ခသည်စခန်းမှာ ဖြစ်ပျက်နေတဲ့ကိစ္စတွေဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရနဲ့ ၎င်းတို့ရဲ့ အတွင်းရေးကိစ္စဖြစ်လို့ ၎င်းတို့ကိုယ်တိုင်ဖြေရှင်းရမှာဖြစ်ပါတယ်။ ဘင်္ဂါလီတွေ နေရပ်ပြန်ရေးအစီအစဉ်နဲ့ပတ်သက်လို့ ပြဿနာစတင်ဖြစ်ပြီးတဲ့အချိန်ကစလို့ မြန်မာနိုင်ငံအစိုးရအဆက်ဆက်က အလေးထားဆောင်ရွက်ခဲ့၊ ဆောင်ရွက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း BNP လို နိုင်ငံရေးပါတီတွေ၊ အဖွဲ့အစည်းတွေက သတင်းမှားတွေကိုအခြေခံပြီး မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်နေသယောင် တွင်တွင်ပြောဆိုနေကြတာရှိပါတယ်”**

# ချစ်ကြည်လက်တွဲ မြကြစို့

❖ ဟိုမှာသည်မှာ၊ ရှုကြည့်ပါလော့
စီကာသွယ်ဆန်း၊ တောင်ပြာတန်းနှင့်
စိမ့်စမ်းတူယှဉ်၊ အလှဆင်လျက်
စိုလွင်သစ်ဝါး၊ ကျေးငှက်များပြင်
သားမျိုးစုံစုံ၊ ခိုမှီလှုံသည်
သာပုံဆန်းသည် မဟုတ်လော…။

❖ ဟိုမှာသည်မှာ၊ ရှုကြည့်ပါလော့
ဧရာအစ၊ မလိခနှင့်
မေခ စစ်တောင်း၊ အားဖြည့်လောင်း၍
ပေါင်းလောင်း သံလွင်၊ မြစ်ရေယဉ်တို့
သို့လျှင်မကၢ၊ များပြားစွတည့်
ဝန်းခကြကုန်၊ လှမျိုးစုံသည်
သာပုံဆန်းသည် မဟုတ်လော…။

❖ ဟိုမှာသည်မှာ၊ ရှုကြည့်ပါလော့
လယ်ယာဆည်မြောင်း၊ ဥယျာဉ်ကောင်းနှင့်
ပြောင်းနှမ်းစပါး၊ သီးနှံများတို့
ထက်ဖျားညာကြွေ၊ တောင်ပေါ်မြေဟု
ရွှန်းဝေထွက်ကုန်၊ ဖြစ်ထွန်းစုံသည်
သာပုံဆန်းသည် မဟုတ်လော…။

❖ သာပုံဆန်းစွာ၊ ဤမြေချာသည်
မြန်မာဟူငြား၊ နောင်ညီများ၏
ဘိုးဘွားပေးဝေ၊ ရှေးအမွေတည့်
တည်နေပိုင်နက်၊ ပဲ့မထွက်ဖို့
သွေးသက်ပေးကာ၊ ညီတညာဖြင့်
ကာကွယ်ခဲ့သည် မဟုတ်လော…။

❖ ကမ္ဘာ့မြေပုံ၊ သွေးရောင်စုံ၍
ဂုဏ်အင်ရှိစွာ၊ နောင်ရှည်ကြာထိ
မြန်မာဟူငြား၊ ဂုဏ်တောက်ကြွားအောင်
မခြားစိတ်ဝမ်း၊ ပြည်တစ်ဝန်းတွင်
ယမ်းနံ့ကင်းရေး၊ အရှည်တွေးလျက်
သွေးချင်းနောင်ညီ၊ ရှေ့ဆက်ချီဖို့
"အန်စီအေ"ဟု၊ ညွှန်းဆိုပြုသော်
ရတုရှစ်လီ တိုင်ပြီတည်း…။

❖ အို…
အချစ်တွေထပ်၊ အပစ်ရပ်လို့
တည့်မတ်ညီညီ၊ ရှေ့ဆက်ချီမည်
ပြည်ခွင်အလုံး ငြိမ်းချမ်းဖို့…။
ကြည်ရွှင်မဆုံး အေးချမ်းဖို့…။
ချစ်ကြည်လက်တွဲ မြကြစို့…။ ။

မောင်စိမ်းနောင်(လယ်ဝေး)

(တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုလျက်)

❍ စာမျက်နှာ ၆ မှ

"BNP ပါတီဟာ ကျွန်တော်တို့နိုင်ငံက အစွန်းရောက်နိုင်ငံရေးသမားတွေလိုပါပဲ။ ရွေးကောက်ပွဲမှာ နိုင်ခြေမရှိရင် လမ်းပေါ်ထွက် အကြမ်းဖက်လှုပ်ရှားမှုတွေ BNP ပါတီက ပြုလုပ်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်ဝန်းကျင်ခန့်က AL ပါတီအစိုးရ ဦးဆောင်ကျင်းပပြုလုပ်တဲ့ ရွေးကောက်ပွဲကို အယုံအကြည်မရှိ ကန့်ကွက်ရှုတ်ချ သပိတ်မှောက်ပြီး မီးရှို့တိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့တဲ့ပါတီဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် ကုန်ပိုင်းကလည်း BNP ပါတီထောက်ခံသူ သောင်းနှင့်ချီပြီး အစိုးရကိုကန့်ကွက်ကြောင်း ဆန္ဒပြခဲ့ကြပါတယ်"

အစိုးရအဆက်ဆက်က အလေးထားလုပ်ခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်တော့ ပေါ်မလာသေးပါဘူး။ ဒါပေမဲ့ လာမယ့် ပွင့်လင်းရာသီမှာ လုပ်ငန်းတွေ ပြန်လည်စတင်နိုင်ဖို့ အစစအရာရာ လိုလေသေးမရှိ အသင့်ပြင်ဆင်ထားပါတယ်။

**လိုအပ်သမျှဖြည့်ဆည်းထား**

နေရပ်စွန့်ခွာသွားသူတွေကို ပြန်လည်လက်ခံရာမှာ နှစ်နိုင်ငံအစိုးရရဲ့ သဘောတူညီချက်တွေနဲ့ လက်ခံနိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ပထမဆုံး ဝင်လာတဲ့နေရာမှာ လက်ခံမယ်၊ လုံခြုံရေးအရ လိုအပ်တာကို စိစစ်မယ်၊ လူဝင်မှုကြီးကြပ်ရေးက စိစစ်မယ်၊ ပြီးရင် နိုင်ငံသားဖြစ်မှုအတွက် စိစစ်ကတ်ထုတ်ပေးမယ်၊ ပြီးရင် နိုင်ငံသားဖြစ်ဖို့အတွက် မြန်မာနိုင်ငံက ပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်း ဆက်လက်လျှောက်ထားနိုင်တယ်။ အမှန်တကယ်တော့ ရှင်းရှင်းလေးပါပဲ။ မြန်မာနိုင်ငံက ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့ညီညွတ်ရင် နိုင်ငံသားဖြစ်လာမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံက ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့ မညီညွတ်ရင် ဘယ်နိုင်ငံမှာမှ နိုင်ငံသားဖြစ်လာမှာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံကို ဝင်ခွင့်ရတဲ့သူတွေ ပြန်လည်လက်ခံရေးစခန်းမှာ ခေတ္တထားပြီး နောက် ကြားစခန်းမှာ လိုအပ်တဲ့ အထောက်အပံ့တွေနဲ့ထားရှိပြီး နေရပ်ပြန်သူတွေရဲ့ဆန္ဒအတိုင်း နှစ်သက်ရာရွာတွေမှာ နေထိုင်ကြရမှာဖြစ်ပါတယ်။ ရွာတွေမှာ ဆေးရုံ၊ ဆေးခန်း၊ ကျောင်းတွေလည်း ရှိပြီးသားဖြစ်ပါတယ်။

**ဒီမိုကရေစီကိုဖျက်ဆီး**

ရှင်းရှင်းလေးကို ရှုပ်ရှုပ်ထွေးထွေး ဖြစ်အောင် BNP ပါတီက အချိန်ကိုက် ဝင်လုပ်ခဲ့တာဖြစ်ပါတယ်။ BNP ပါတီဆိုတာဟာ ယခင်ဝန်ကြီးချုပ်ဟောင်း ခါလတ် ဒါဇီယာရဲ့ Bangladesh Nationalist Party (BNP) ပါတီဖြစ်ပါတယ်။ လက်ရှိအာဏာရ ဝန်ကြီးချုပ် ရှိတ်ဟာစီနာ ဦးဆောင်တဲ့ Awami League (AL) ပါတီရဲ့ အတိုက်အခံပါတီတစ်ခု ဖြစ်ပါတယ်။ AL ပါတီဟာ ၁၉၉၆-၂၀၀၁ မှာ တစ်ကြိမ်အာဏာရရှိခဲ့ပြီးနောက် ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှစတင်ကာ ယနေ့အချိန်အထိ ငါးနှစ်သက်တမ်း ဆက်တိုက် သုံးကြိမ် အာဏာရရှိခဲ့ပါတယ်။ ခါလတ် ဒါဇီယာရဲ့ BNP ပါတီဟာ နောက်ဆုံးအကြိမ်မှာ လွှတ်တော်နေရာ ငါးနေရာ သာရရှိခဲ့တယ်။ BNP ပါတီဟာ ၁၉၇၈ ခုနှစ်ကစလို့ ၎င်းတို့ရဲ့ နိုင်ငံရေးသမိုင်းကြောင်းမှာ မညီမျှဆုံး ရှုံးနိမ့်မှုအဖြစ် ကြုံတွေ့ခဲ့ရပါတယ်။ BNP ပါတီဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အာဏာရအစိုးရအဖြစ် ၁၉၉၁-၁၉၉၆ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၀၁-၂၀၀၆ ခုနှစ်မှာ တစ်ကြိမ် အာဏာရရှိခဲ့ပါတယ်။ BNP ပါတီဟာ ဒီမိုကရေစီအနှစ်သာရတွေကို ဖျက်ဆီးခဲ့တဲ့ ပါတီဖြစ်ပါတယ်။

BNP ပါတီဟာ ကျွန်တော်တို့နိုင်ငံက အစွန်းရောက်နိုင်ငံရေးသမားတွေလိုပါပဲ။ ရွေးကောက်ပွဲမှာ နိုင်ခြေမရှိရင် လမ်းပေါ်ထွက် အကြမ်းဖက်လှုပ်ရှားမှုတွေ BNP ပါတီက ပြုလုပ်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်ဝန်းကျင်ခန့်က AL ပါတီအစိုးရ ဦးဆောင်ကျင်းပပြုလုပ်တဲ့ ရွေးကောက်ပွဲကို အယုံအကြည်မရှိ ကန့်ကွက်ရှုတ်ချ သပိတ်မှောက်ပြီး မီးရှို့တိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့တဲ့ပါတီဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် ကုန်ပိုင်းကလည်း BNP ပါတီထောက်ခံသူ သောင်းနှင့်ချီပြီး အစိုးရကိုကန့်ကွက်ကြောင်း ဆန္ဒပြခဲ့ကြပါတယ်။

လက်ရှိအစိုးရက BNP ပါတီထိပ်ပိုင်းခေါင်းဆောင်အချို့ကို အကြမ်းဖက်လှုံ့ဆော်မှုနဲ့ အရေးယူဖမ်းဆီးခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်အစိုးရက ယခု ၂၀၂၃ ခုနှစ်ကုန်မှာ ရွေးကောက်ပွဲကျင်းပဖို့ စီစဉ်ထားပြီး ရွေးကောက်ပွဲမတိုင်မီကာလမှာ ဘင်္ဂလားဒေ့ရှ်ပြည်သူတွေရဲ့ ထောက်ခံမှုပိုမိုရရှိဖို့အတွက် ပြည်တွင်းမှာ စည်းရုံးလှုံ့ဆော်မှုတွေ ပြုလုပ်တာသာမက နေရပ်စွန့်ခွာ ဘင်္ဂါလီတွေကို အသုံးချပြီး ပြည်တွင်း/ပြည်ပက အထောက်အပံ့တွေ ရရှိလာစေဖို့အတွက် မြန်မာနိုင်ငံအပေါ် ထိုးနှက်တိုက်ခိုက်မှုတွေ ပြုလုပ်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ ရွေးကောက်ပွဲနီးလာချိန်မှာ နိုင်ခြေမရှိလို့ အဆန်းထွင်တဲ့ အကွက်တွေကို BNP က ပြုလုပ်ခဲ့ပါတယ်။ သူ့နိုင်ငံမှာ အကြမ်းဖက်မှုတွေ၊ အကျင့်ပျက်ခြစားမှုတွေပြုလုပ်လို့ လက်ရှိအစိုးရက ဖိအားပေးအရေးယူခံနေရချိန်မှာ နိုင်ငံတကာက စိတ်ဝင်စားမှုမြင့်တက်နေတဲ့ မြန်မာနိုင်ငံမှာ ကာလရှည်ကြာဖြစ်ပေါ်ခဲ့တဲ့ ဘင်္ဂါလီတွေရဲ့ အရေးကိစ္စကို အကြောင်းပြုပြီးတော့ နိုင်ငံရေးအမြတ်ထုတ် စားပေါက်ထွင်တဲ့လုပ်ရပ်ကို လက်မခံ၊ ဆန့်ကျင်ရှုတ်ချလိုက်ပါတယ်။ ။



မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)နှင့် သဃ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ်ရှိ ရွှေပြည်ဟိန်းစက္ကူဒါန ဆေးရုံကြီးတို့ပူးပေါင်း၍ မျက်စိဝေဒနာရှင်များအား အခမဲ့စစ်ဆေးကုသမှုကို အောက်တိုဘာ ၁၄ ရက် နံနက်က ယင်းဆေးရုံကြီးတွင် ပြုလုပ်ရာ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏနှင့်အဖွဲ့ မျက်စိဝေဒနာရှင်များကို ကြည့်ရှုအားပေးကြစဉ်။ တင်ဝင်းတင်



စစ်ကိုင်း တိုင်းဒေသကြီး ကောလင်းမြို့၌ အောက်တိုဘာ ၁၄ ရက် နံနက် ၇ နာရီတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူရ ဦးဆောင်၍ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ စုစုပေါင်း အင်အား ၁၂၀ ခန့်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ လမ်းဘေးဝဲယာနှင့် ပြည်သူ့ဆေးရုံရှေ့လမ်းဘေးဝဲယာတို့ရှိ ချုံ၊ နွယ်၊ မြက်၊ အမှိုက်များကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ခရိုင်(ပြန်/ဆက်)

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် ( ၁၁ / ၂၀၂၃)

၁။ မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို နိုင်ငံသားများအနေဖြင့် အပြည့်အဝ ခံစားနိုင်ခြင်း မရှိခဲ့၍ နိုင်ငံတော်အစိုးရအဆက်ဆက် တာဝန်ရှိသူများက ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင်မှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA) ကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း(၈)ဖွဲ့တို့ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။ အဆိုပါ သဘောတူစာချုပ်ကို ကုလသမဂ္ဂအပါအဝင် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းကိုယ်စားလှယ်များက အသိသက်သေအဖြစ် ပါဝင်လက်မှတ်ရေးထိုးခြင်း၊ ကမ္ဘာ့နိုင်ငံများက ကြိုဆိုထောက်ခံခြင်း၊ NCA ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ခြင်းတို့သည် မြန်မာ့သမိုင်းမှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက် ယနေ့တွင် NCA (၈) နှစ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

၂။ တိုင်းသူပြည်သားများ၏ အေးချမ်းသာယာသော ဘဝနေထိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတိုင်း၏ မွန်မြတ်သော တာဝန်တစ်ရပ်ဖြစ်ကြောင်း အသိအမှတ်ပြု၍ ကမ္ဘာပေါ်ရှိ လူသားများသည် ထိုမွန်မြတ်သော ငြိမ်းချမ်းရေး ရပိုင်ခွင့်ရှိကြောင်းကို ၁၉၈၄ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၃၉/၁၁ ဖြင့် ငြိမ်းချမ်းရေးအတွက် ပြည်သူများ၏ အခွင့်အရေးများဆိုင်ရာ ကြေညာစာတမ်း (Declaration on the Right of Peoples to Peace) တွင် လေးနက်စွာ ကြေညာထားပါသည်။ ထို့ပြင် အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် ၃၈ တွင်လည်း အာဆီယံ နိုင်ငံများရှိ ပြည်သူအားလုံးနှင့် လူတိုင်းတွင် ငြိမ်းချမ်းရေးကို ရရှိခံစားခွင့်ရှိကြောင်း ဖော်ပြထားပါသည်။

၃။ လူ့အခွင့်အရေး ကာကွယ်ရေးနှင့် မြှင့်တင်ရေးသည် ငြိမ်းချမ်းရေးကို ထူထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းအား အထောက်အကူဖြစ်စေပြီး ငြိမ်းချမ်းရေးသည် လူ့အခွင့်အရေး အပြည့်အဝ ခံစားခွင့်အတွက် မရှိမဖြစ် လိုအပ်ပါသည်။ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး စစ်မှန်သည့် ငြိမ်းချမ်းရေး ရရှိမှသာလျှင် နိုင်ငံသားအားလုံး၏ အကျိုးကို ပိုမိုဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး တန်းတူညီမျှမှု၊ တရားမျှတမှု အခွင့်အရေးများ ခံစားနိုင်ရေးတို့အတွက် NCA လုပ်ငန်းစဉ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းသည် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက မျှော်မှန်းထားသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရန်ကိုလည်း အထောက်အပံ့ဖြစ်စေမည်ဟု မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်က မျှော်လင့်ပါကြောင်းနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်

# (၁၁) ကြိမ်မြောက် ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနား ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၄**

(၁၁)ကြိမ်မြောက် ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိသိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်လုံးတွင် အလေ့အကျင့်ကောင်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ကျင့်သုံးခြင်းဖြင့် မိမိတို့၏ ထုတ်ကုန်၊ ထုတ်လုပ်မှုနည်းစဉ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေး ပြည့်ဝပြီး နိုင်ငံတကာ အသိအမှတ်ပြုမှုကို ရရှိစေခြင်းကြောင့် ကုန်သွယ်မှုတွင် လွယ်ကူချောမွေ့စေပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားလည်း ပိုမိုမြင့်မားလာကာ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာစံချိန်စံညွှန်း ချမှတ်ခြင်းလုပ်ငန်းစဉ်အနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ကျွမ်းကျင်ပညာရှင်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခုအခါ သက်ဆိုင်ရာကဏ္ဍအလိုက် မြန်မာစံချိန်စံညွှန်းအရေအတွက် ၇၅၆ ခုကို အတည်ပြုချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းအဖွဲ့ကြီး၏ Secretary General Mr Sergio Mujica ၏ အမှာစကားနှင့် ISO ၏ World Standards Day (2023)ဆိုင်ရာ ဗီဒီယိုပြသပြီး ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကကဏ္ဍများမှ ပညာရှင်များနှင့် တာဝန်ရှိသူများက အမျိုးသားအဆင့် အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြရာ တက်ရောက်သူများက ပြောကြားချက်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျက panelist များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။

အခမ်းအနားသို့ အမျိုးသားစံချိန်စံညွှန်းကောင်စီဝင်များဖြစ်ကြသော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီဝင်များ၊ UMFCCI နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ MSMEs အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အရည်အသွေး ကိုက်ညီမှုစစ်ဆေးရေးဆိုင်ရာ အဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**



ရောဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ် (၉)ရပ်ကွက်ရှိ အထွေထွေရောဂါကုဆေးရုံကြီး၌ အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးကြီးကြပ်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့လုံခြုံရေးအဖွဲ့များ၊ ပြည်သူ့စစ်များနှင့် ပြည်သူများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

## ငြိမ်းချမ်းရေး ပန်းခင်းလမ်း

✻ ပြည်ထောင်စု တစ်မိဖွားတဲ့
တစ်မိသား တို့တစ်တွေ၊
ညီအစ်ကို မောင်နှမအရင်းမို့
ချစ်ခြင်းတည်နေ၊
ပြည်ထောင်စု အမိမြေ
စည်ဝေဖို့ တို့အရေး။
တို့အရေးပေမို့
တို့အတွေး ရေရှည်မျှော်လို့
ပုံဖော်ကာ တစ်ခေတ်ဆန်းအောင်
ပန်းခင်းစို့လေး။

✻ တို့တစ်တွေ ပန်းခင်းလမ်းက
အေးချမ်းလို့ မွှေးလန်းစည်၊
တို့တစ်တွေ အတူလှမ်းလို့
ဝမ်းမြောက်ရွှင်ကြည်၊
သစ္စာစကား တိုင်တည်
ခိုင်ကျည်တဲ့ တွဲလက်များ။
ဆောင်မနှေးပါဘု
အောင်တေး တကြော်ကြော်နဲ့
အောင်ရေး အကောင်အထည်ဖော်လို့
အောင်စည်တော် အောင်သံပေးတယ်
တို့သွေးတို့သား။

✻ တို့သွေးသား ဆွေမျိုးများက
ခြေထိုးစကား ဘေးဖယ်ကာ၊
ဖက်ဒရယ် ပြည်ထောင်စုသို့
ရှေးရှုဆောင်မှာ၊
အမျိုးသားရေး စရိုက်လက္ခဏာ
အသက်ပမာ မြတ်နိုး။
အယူအဆ အလေးမူလို့
မူအလှ ဆွေးနွေးအတူတူပေါ့
အတွေးဖြူ တစ်စိတ်တစ်ဝမ်းရယ်နဲ့
ထမ်းရွက်ကောင်းကျိုး။

ရေနံ့သာမောင်ကျော်ညွန့်

(တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုလျက်)

# ထာဝရငြိမ်းချမ်းရေးအတွက် . . . . .

ကောင်းဆက်

> သွေးခွဲအုပ်ချုပ်ရေးစနစ်ကြောင့် တစ်မြေတည်းနေ တစ်ရေတည်းသောက် သမိုင်းစဉ်တစ်လျှောက်လုံး အေးအတူပူအမျှ အတူတကွနေထိုင်ခဲ့ကြတဲ့ မိမိတို့တိုင်းရင်းသားသွေးချင်းတွေကို သံသယစိတ်တွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒီလိုသံသယစိတ်တွေကပဲ အမျိုးသားစည်းလုံးညီညွတ်ရေးလမ်းကြောင်းမှာ အဟန့်အတားတွေ ဖြစ်ပေါ်စေခဲ့သလို အခြေခံဥပဒေရေးဆွဲရာမှာလည်း အရှုပ်အထွေးတွေဖြစ်ပေါ်စေခဲ့ပါတယ်။ ဒီအခြေခံအကြောင်းတရားတွေကပဲ အနာဂတ် မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွေမှာ ပင်လုံကတိကဝတ်၊ ခွဲထွက်ခွင့်၊ တန်းတူညီမျှရေးစတဲ့ အတောမသတ်နိုင်တဲ့ အရေးပေါင်းစုံ ပေါ်ပေါက်ခဲ့ရတာဖြစ်ပါတယ်။ ဒီလိုအခြေအနေတွေကို နိုင်ငံရေးနည်းလမ်းအရ မဖြေရှင်းကြဘဲ လက်နက်ကိုင်လမ်းစဉ်လိုက်ပြီး ဖြေရှင်းနေကြလို့လည်း ပဋိပက္ခတွေ ရှည်ကြာနေရတာဖြစ်

**“ မည်သူမဆို… ကူညီသည်ဖြစ်စေ…**
**မည်သူမဆို… မကူညီသည်ဖြစ်စေ…**
**ကိုယ်ထူကိုယ်ထ ကိုယ့်ဘဝအခြေအနေ…**
**ကိုယ့်အားကိုယ်ကိုးမှ … ကိုယ်သာသခင်ဖြစ်ပေ…**
**ဝန်ထမ်း…ရှင်လန်း**
**ပန်းတိုင်ကိုအရောက် လျှောက်နိုင်ဖို့မသွေ…**
**လုလင်ငယ်သွေး…အားမာန်မွေးရမလေ”**

ဒီသီချင်းစာသားလေးကို လူတိုင်းကြားဖူးကြမှာပါ။ အခုဆိုရင် ည ၈ နာရီ သတင်းလာခါနီးမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဦးတည်ချက် (၉)ရပ် အသံလွှင့်တဲ့အခါ နောက်ခံတီးလုံးအနေနဲ့ နေ့စဉ်ကြားနေကျဖြစ်နေမှာပါ။ သံစဉ်စာသားလေးတွေဟာ အဓိပ္ပာယ်ရှိသလို **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုတဲ့အတိုင်း ဘယ်သူ့အကူအညီမှမလိုဘဲ ကိုယ့်ခွန်ကိုယ့်အားနဲ့ ကိုယ့်အားကိုယ်ကိုးစိတ်ကိုဖြစ်စေပါတယ်။

**ဘာကြောင့်များ သက်ဆိုးရှည်ကြာနေလဲ**

ည ၈ နာရီထိုးခါနီး လုလင်ငယ်သွေးသီချင်း တီးလုံးသံလေးကြားရပြီဆိုရင် လူက ရုပ်မြင်သံကြားအနားကို ရောက်သွားလေ့ရှိပါတယ်။ မျက်စိကလည်း စခရင်ပေါ်က စာသားတွေကို လိုက်ဖတ်နေမိတယ်။ နိုင်ငံရေးဦးတည်ချက် (၃)ရပ်ထဲက ဒုတိယအချက်ဖြစ်တဲ့ “တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး” ဆိုတဲ့ ဦးတည်ချက်ကို ဖတ်မိတော့ မိမိတို့နိုင်ငံရဲ့ ပြည်တွင်းရေးပဋိပက္ခတွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ဖြစ်ပွားနေတဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေဟာ ဘာကြောင့်များ ဒီလောက်အထိ သက်ဆိုးရှည်ကြာနေလဲဆိုတာ အတွေးပွားမိတယ်။

လက်နက်ကိုင်ပဋိပက္ခတွေလို့ ပြောလိုက်တာနဲ့ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေဖြစ်နေတဲ့ တိုက်ပွဲတွေကိုပြေးမြင်တတ်ကြပါတယ်။ တကယ်တော့ မြန်မာ့နိုင်ငံရေးကို လေ့လာကြည့်မယ်ဆိုရင် ၁၉၄၈ ခုနှစ် ဇန်နဝါရီလမှာ မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့တယ်။ မတ်လမှာပဲ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဖဆပလအစိုးရကို ဝါဒရေးအရ ဆန့်ကျင်ပြီး တောခိုသွားရာကနေ လက်နက်ကိုင်ပဋိပက္ခတွေစတင်ခဲ့တယ်။ မရှေးမနှောင်းမှာပဲ ကရင်လူမျိုးရေး၊ သီးခြားကရင်ပြည်နယ်ထူထောင်ရေးဆိုပြီး ကရင်လက်နက်ကိုင် ပဋိပက္ခပေါ်ပေါက်လာရပြန်ပါတယ်။ နောက်တစ်ခါ ၁၉၆၁ ခုနှစ် ပြည်ထောင်စုပါတီ(ပထစ) အစိုးရလက်ထက်မှာ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းလိုက်လို့ ဘာသာရေးကိုအခြေခံပြီး ကချင်ဒေသမှာ ကေအိုင်အိုလက်နက်ကိုင်အဖွဲ့ ပေါ်ပေါက်ခဲ့တယ်။

အဓိကအားဖြင့် ဒီအချက်တွေကို လေ့လာကြည့်မယ်ဆိုရင် ခေတ်အဆက်ဆက်တက်လာတဲ့ အစိုးရတွေရဲ့ ဆောင်ရွက်ချက်တွေအပေါ် မူတည်ပြီး လက်နက်ကိုင်ပဋိပက္ခတွေ ပေါ်ပေါက်လာရတာဖြစ်ပါတယ်။ တပ်မတော်ဆိုတာကတော့ ဘယ်အစိုးရတက်တက် တက်လာတဲ့အစိုးရနဲ့ ပြည်သူ့ဘဝလုံခြုံရေးကို ရပ်တည်ကာကွယ်ပေးရမှာ ဖြစ်ပါတယ်။ ဒါတွေကို ကြည့်ခြင်းအားဖြင့် လက်နက်ကိုင်ပဋိပက္ခတွေဟာ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ တပ်မတော်ဖြစ်နေတဲ့ ပဋိပက္ခတွေမဟုတ်ဘဲ နိုင်ငံရေး၊ အယူဝါဒရေး၊ လူမျိုးရေးစတဲ့ အကြောင်းတရားတွေကြောင့်သာ ဖြစ်ပွားနေရတာဖြစ်ပါတယ်။

**ဒီအကြောင်းတရားတွေကို ပြန်ကြည့်မယ်ဆိုရင်လည်း သူ့ကျွန်ဘဝ တိုင်းတစ်ပါးရဲ့ကျူးကျော်အုပ်ချုပ်မှုအောက်မှာ သွေးခွဲအုပ်ချုပ်ခြင်းခံခဲ့ရတာကြောင့်လို့ ဆိုနိုင်ပါတယ်။ မိမိတို့နိုင်ငံဟာ ရေမြေတောတောင်သဘာဝအရ မြေမျက်နှာသွင်ပြင်အမျိုးမျိုးရှိသလို တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်တဲ့နိုင်ငံဖြစ်ပါတယ်။ ဒီလိုကွဲပြားခြားနားမှုရှိတဲ့နိုင်ငံကို ကိုလိုနီနယ်ချဲ့တို့က တစ်ချိန်တည်း တစ်ပြိုင်တည်း သိမ်းပိုက်အုပ်ချုပ်ခဲ့တာမဟုတ်ဘဲ ၁၈၂၆ ခုနှစ်ကနေ ၁၈၈၆ ခုနှစ်အထိ နှစ်ပေါင်း ၆၀ အတွင်းမှာ ကျူးကျော်စစ်သုံးကြိမ်ပြုလုပ်ပြီးမှ တစ်နိုင်ငံလုံးကို သိမ်းပိုက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ ကိုလိုနီခေတ်အုပ်ချုပ်ရေးပုံစံဟာ တစ်နယ်နဲ့ တစ်နယ် ကွဲပြားခြားနားခဲ့ပါတယ်။ ဒီလိုကွဲပြားခြားနားမှုတွေကနေ အစပြုပြီးတော့ သွေးခွဲအုပ်ချုပ်မှုတွေကို ဖန်တီးခဲ့ပါတယ်။**

> တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ဟာ မိမိတို့တိုင်းရင်းသားညီအစ်ကိုအချင်းချင်းအကြား နှစ်ပေါင်းများစွာ အဖြေရှာခြင်းမပြုနိုင်ခဲ့တဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ရေးအတွက် အဓိကကျတဲ့ လမ်းညွှန်မှုကြီးဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တိုင်းရင်းသားညီအစ်ကိုတွေ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တာကြောင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လမ်းကြောင်းကနေ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းအဖြေရှာ

**စက္ကူဖြူစာတမ်း**

အထင်ရှားဆုံး အထောက်အထားအနေနဲ့ တင်ပြရရင် ဒုတိယကမ္ဘာစစ်ကြီးပြီးသွားတော့ မြန်မာပြည်စစ်ပြေးဘုရင်ခံ ဒေါ်မန်စမစ်ဟာ မြန်မာပြည်ကိုပြန်လည်အုပ်ချုပ်ဖို့အတွက် စာတမ်းတစ်စောင်ကို အိန္ဒိယမှာကြိုတင်ပြင်ဆင်ရေးဆွဲခဲ့တယ်။ နောင်မြန်မာ့သမိုင်းမှာ စက္ကူဖြူစာတမ်းဆိုပြီးထင်ရှားတယ်။ ဒီစာတမ်းမှာ တောင်တန်းဒေသတွေရဲ့ အနာဂတ်အရေးနဲ့ပတ်သက်ပြီး “မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် နေထိုင်ကြသော ဗမာလူမျိုးတို့နှင့် ဘာသာစကား၊ ဓလေ့ထုံးစံ၊ နိုင်ငံရေးတိုးတက်မှု အဆင့်အတန်းမတူကြသူတို့ နေထိုင်ရာ ရှမ်းပြည်နယ်များနှင့် လူမျိုးစုတို့နေထိုင်ရာ တောတောင်ထူထပ်သည့် သီးခြားနယ်မြေများကိုမူ ထိုလူမျိုးများက မိမိတို့နေထိုင်သောဒေသများကို မြန်မာပြည်မနှင့် သင့်လျော်သောပုံစံဖြင့် ပူးပေါင်းလိုကြောင်း မိမိတို့ဆန္ဒကို ထုတ်ဖော်မပြုသေးမီကာလအတွင်း ဘုရင်ခံက အထူးစီမံအုပ်ချုပ်ထားလိမ့်မည်ဖြစ်ကြောင်း” ပါရှိသလို ဘုရင်ခံ ဒေါ်မန်စမစ်ကလည်း “မြန်မာပြည်ရှိ တောင်တန်းလူမျိုးများထံသို့ ကျွန်ုပ်အထူးစကားတစ်ခွန်း မြွက်ကြားလိုကြောင်း၊ သင်တို့အဖို့ သီးသန့်အုပ်ချုပ်ရေးကိုပေးမည်ဖြစ်၍ သင်တို့၏ကြီးပွားရေးနှင့် ထုံးတမ်းဓလေ့အရ တိုးတက်မှုများကို အထူးဂရုပြုလိမ့်မည်ဖြစ်ကြောင်း၊ လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးရရှိသော မြန်မာပြည်မအတွင်းသို့ သင်တို့တစ်နေ့ဝင်ကောင်းဝင်ချင်လာကြလိမ့်မည် ဖြစ်ကြောင်း၊ ကျွန်ုပ်၏အစိုးရသည် မြန်မာပြည် စည်းလုံးညီညွတ်ရေး၏နောက်ဆုံးအဆင့်ဖြစ်သော ဤအဆင့်အတန်းသို့ရောက်ရှိလာအောင် အစွမ်းကုန်ကြိုးစားမည်ဖြစ်ကြောင်း” ပြောကြားတာတွေကို ကြည့်ခြင်းအားဖြင့် ဗြိတိသျှတို့ဟာ မြန်မာပြည်မကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးသည့်တိုင်အောင် တောင်တန်းဒေသတွေကို ချန်လှပ်ထားပြီး သူတို့ဆက်လက်အုပ်ချုပ်လိုတာ ထင်ရှားတဲ့သာဓကတွေဖြစ်ပါတယ်။

ဒီလိုလူမျိုးရေးအရ ခွဲခြားထားမှုတွေဟာ ဒုတိယကမ္ဘာစစ်အပြီး အမျိုးသားလွတ်လပ်ရေးကို ပြန်လည်ရယူဖို့ ကြိုးပမ်းနေတဲ့မြန်မာနိုင်ငံအတွက် မလိုလားတဲ့ ဆိုးကျိုးတွေကို ဖြစ်ပေါ်စေပါတယ်။ သွေးခွဲအုပ်ချုပ်ရေးစနစ်ကြောင့် တစ်မြေတည်းနေ တစ်ရေတည်းသောက် သမိုင်းစဉ်တစ်လျှောက်လုံး အေးအတူပူအမျှ အတူတကွနေထိုင်ခဲ့ကြတဲ့ မိမိတို့တိုင်းရင်းသားသွေးချင်းတွေကို သံသယစိတ်တွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒီလိုသံသယစိတ်တွေကပဲ အမျိုးသားစည်းလုံးညီညွတ်ရေး လမ်းကြောင်းမှာ အဟန့်အတားတွေဖြစ်ပေါ်စေခဲ့သလို အခြေခံဥပဒေရေးဆွဲရာမှာလည်း အရှုပ်အထွေးတွေဖြစ်ပေါ်စေခဲ့ပါတယ်။ ဒီအခြေခံအကြောင်းတရားတွေကပဲ အနာဂတ် မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွေမှာ ပင်လုံကတိကဝတ်၊ ခွဲထွက်ခွင့်၊ တန်းတူညီမျှရေးစတဲ့ အတောမသတ်နိုင်တဲ့ အရေးပေါင်းစုံ ပေါ်ပေါက်ခဲ့ရတာဖြစ်ပါတယ်။ ဒီလိုအခြေအနေတွေကို နိုင်ငံရေးနည်းလမ်းအရ မဖြေရှင်းကြဘဲ လက်နက်ကိုင်လမ်းစဉ်လိုက်ပြီး ဖြေရှင်းနေကြလို့လည်း ပဋိပက္ခတွေ ရှည်ကြာနေရတာဖြစ်ပါတယ်။

**ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်း**

လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုအတွင်းမှာတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီအစိုးရတွေ ပေါ်ပေါက်ခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လွှတ်တော်တွေပေါ်ပေါက်လာပြီးတော့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ မဏ္ဍိုင်ကြီးတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ ပထမအကြိမ် ဒီမိုကရေစီအစိုးရလက်ထက်မှာ မိမိတို့တိုင်းရင်းသားညီအစ်ကိုအချင်းချင်းအကြား သမနိရှည်ကြာနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့အတွက် နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ တွေ့ဆုံဆွေးနွေးရေးစားပွဲဝိုင်းမှာ ဆွေးနွေးအဖြေရှာကြမယ်ဆိုပြီး သဘောထားကြီးစွာနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးဖို့အတွက် ကြိုတင်ကန့်သတ်ချက်မထားဘဲ အဖွဲ့အစည်းအားလုံး တန်းတူရည်တူဆွေးနွေးနိုင်ဖို့ ရှေးရှုပြီးတော့ နှစ်ဦးနှစ်ဖက်အကြား အပြန်အလှန်လေးစားမှု၊ နားလည်မှုနဲ့ စိတ်ရှည်သည်းခံမှုတွေကြောင့်ပဲ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှာ တိုင်းရင်းသားခေါင်းဆောင်တွေ၊ ပြည်တွင်းအသိသက်သေတွေ၊ နိုင်ငံတကာအသိသက်သေတွေ၊ နိုင်ငံခြားသံတမန်အကြီးအကဲတွေ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်မှ ကိုယ်စားလှယ်တွေ၊ နိုင်ငံရေးပါတီတွေကခေါင်းဆောင်တွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေစတဲ့ အဖွဲ့အစည်းပေါင်းစုံရှေ့မှာ လက်မှတ်ရေးထိုးနိုင်ခဲ့ကာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်က ကန့်ကွက်သူမရှိ အတည်ပြုပြီးတော့မှ ပေါ်ပေါက်လာတဲ့စာချုပ်ဖြစ်ပါတယ်။

သဘောတူစာချုပ်ရဲ့ နိဒါန်းပိုင်းကိုလေ့လာကြည့်ရင် “ဤတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးကြသော ကျွန်ုပ်တို့သည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကိုအခြေခံ၍ ဤသဘောတူစာချုပ်ပါအချက်များကို ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွ ပူးတွဲအကောင်အထည်ဖော်သွားရန် အပြန်အလှန် သန္နိဋ္ဌာန်ပြုကြသည်”ဟု ဖော်ပြထားရာ စာမျက်နှာ ၁၀ သို့ ❑

❑ စာမျက်နှာ ၉ မှ
စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည့် အဖွဲ့အစည်းအသီးသီးဟာ ထာဝရငြိမ်းချမ်းရေး ရရှိသည်အထိ အတူတကွ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သို့သော်လည်း ၂၀၂၁ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော နိုင်ငံရေးပြောင်းလဲမှုအခြေအနေတွေကြောင့် အဖွဲ့အစည်းအချို့ဟာ ငြိမ်းချမ်းရေး ဆွေးနွေးရေးလုပ်ငန်းစဉ်တွေကို ကျောခိုင်းကာ သဘောတူစာချုပ်ပျက်ပြယ်သယောင် ပြောဆိုနေမှုတွေရှိနေတာကို တွေ့ရပါတယ်။

ယနေ့ နိုင်ငံတော်တာဝန်ကိုယူထားတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ ငြိမ်းချမ်းရေးဆွေးနွေးရေးလုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ယနေ့ကာလဟာ နိုင်ငံတော်မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်တွေနဲ့အညီ စီမံအုပ်ချုပ်နေတဲ့ကာလ ဖြစ်ပါတယ်။ ဒီလိုကာလမျိုးမှာတောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တစ်နည်းအားဖြင့် တပ်မတော်ဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆက်လက် အကောင်အထည်ဖော်နေခြင်းဟာ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားလို့ဆိုတာ ထင်သာမြင်သာတဲ့ အချက်ပဲဖြစ်ပါတယ်။

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဟာ မိမိတို့တိုင်းရင်းသား ညီအစ်ကိုအချင်းချင်းအကြား နှစ်ပေါင်းများစွာ အဖြေရှာခြင်းမပြုနိုင်ခဲ့တဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ရေးအတွက် အဓိကကျတဲ့ လမ်းညွှန်မှုကြီးဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တိုင်းရင်းသားညီအစ်ကိုတွေ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တာကြောင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)လမ်းကြောင်းကနေ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းအဖြေရှာကြဖို့ ရေးသားတိုက်တွန်းလိုက်ရပါတယ်။ ။**




# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၄**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာများရှိ ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင်၊ ပေါက်ပွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက် ကုသနေသော လူနာများအား လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို အားတက်သရော ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌ လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိမြို့နယ် ၁၀ မြို့နယ်၌ လည်းကောင်း၊ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ကိုးမြို့နယ်၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၉ မြို့နယ်၌လည်းကောင်း၊ ချင်းပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်နှင့် ပြည်မြို့နယ်၌ လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင် ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ဆေးရုံဝင်းအတွင်း/အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ခြင်၊ ယင်ပိုးမွှားများ ပေါက်ပွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





ကျိုက်လတ်မြို့ အမှတ်(၃)ရပ်ကွက် (၅ x ၆) ဦးပြုံးချိုလမ်းရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက သန့်ရှင်းရေးဆောင်ရွက်စဉ်။ ၂၀၇



မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ အောက်တိုဘာ ၁၄ ရက် နံနက် ၇ နာရီက ကျိုက်မရောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနော်ခမ်းဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဆေးရုံမှကျန်းမာရေးဝန်ထမ်းများ စုစုပေါင်းအင်အား ၇၃ ဦးတို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မိချို(ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၄**

ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။ မိုး/ဇလ

# ကလောမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကလော အောက်တိုဘာ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ယနေ့ နံနက် ၇ နာရီခွဲက ခရိုင်/မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သည့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ကလောခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်/မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကလောတပ်နယ်အရာရှိ၊ စစ်သည်များ၊ ဌာနဆိုင်ရာများပါဝင်သည့်အဖွဲ့သည် ကလောမြို့ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ ချုံ နွယ်၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းနေမှုကို ကလောတပ်နယ်ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# တိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးမြို့အနိမ့်ပိုင်းရပ်ကွက်များ၌ ရေကျန်ရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ပဲခူး အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက ပဲခူးမြို့ အနိမ့်ပိုင်း ရပ်ကွက်များ၌ ရေကျန်ရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**အားပေးစကားပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ပဲခူးမြစ် စိုးရိမ်ရေမှတ်အောက် ကျဆင်းသွားသော်လည်း ရေတားပန်းတာအပြင်ဘက်ရှိ မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် ပဲခူးမြစ်နှင့် ဆက်စပ်လျက်ရှိသော ကျောက်တွင်းကုန်းရပ်ကွက်နှင့် ကျောက်ကြီးစုရပ်ကွက်တို့အတွင်း ရေကျန်ရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုသည်။ ယင်းနောက် ကျောက်ကြီးစုရပ်ကွက်အတွင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရေသန့်စင်စက်တပ်ဆင်ထားသည့် မော်တော်ယာဉ်များဖြင့် ရေသန့်အခမဲ့ ဖြန့်ဝေပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခဲ့သည့် ကျောက်ကြီးစုရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက်ရှိ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းတို့၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့များ စုပေါင်းအားဖြင့် သန့်ရှင်းရေးပြုလုပ်နေမှုကို ကြည့်ရှုအားပေးပြီး သန့်ရှင်းရေးပြုလုပ်နေသူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်းလှိုင်ရပ်ကွက် အဓိကလမ်းမကြီးများအား သန့်ရှင်းရေးပြုလုပ်နေမှုနှင့် ရေကြီးနစ်မြုပ်ခဲ့သည့် ပဲခူးမြို့ မြို့မဈေးကြီး ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပဲခူးမြို့ ရေဘေးအတွက် တိုင်းဒေသကြီး သဘာဝဘေးကွပ်ကဲမှုရုံးသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ် သိန်း ၁၀၀၀၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ်သိန်း ၁၅၀ တန်ဖိုးရှိ ငါးခြောက်မျိုးစုံ ပိဿာ ၁၃၀၀၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းက ငွေကျပ်သိန်း ၁၀၀ နှင့် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး မိသားစုက ငွေကျပ် သိန်း ၈၀ တန်ဖိုးရှိ ဆန်အိတ် ၁၀၀ တို့ကို ထောက်ပံ့လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့က လွိုင်ကော်မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများသို့ အခြေခံစားသောက်ကုန်များ သွားရောက်ထောက်ပံ့

**လွိုင်ကော် အောက်တိုဘာ ၁၄**

ကယားပြည်နယ် သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဒေသကွပ်ကဲရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းက ဘီလူးချောင်း ရေမြင့်တက်မှုကြောင့် ရေဝင်ရောက်သည့် လွိုင်ကော်မြို့နယ် အတွင်းရှိ ရပ်ကွက်ကျေးရွာများသို့ အခြေခံစားသောက်ကုန်များ သွားရောက်ထောက်ပံ့ပေးအပ်သည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နမ့်ကွတ်ရပ်ကွက်အတွင်း ဘီလူးချောင်း တစ်လျှောက် ရေဝင်ရောက်သည့် အိမ်ထောင်စုများမှ ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးပြီး ပြည်သူများ၏တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ အခြေခံစားသောက်ကုန်များ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် နမ့်ကွတ်ရပ်ကွက်အတွင်း ဘီလူးချောင်းရေမြင့်တက်လာပါက ရေနစ်မြုပ်မှုမရှိစေရန် ကာရံထားသည့် မြေထိန်းနံရံများ ကြံ့ခိုင်မှု ရှိ မရှိ ကြည့်ရှုစစ်ဆေးပြီး ရေဝင်ရောက်နိုင်သော ကြံ့ခိုင်မှုအားနည်းသည့် နေရာများတွင် သဲအိတ်များ ထပ်မံမြှင့်တင်ခြင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ပြည်နယ်ဆည်မြောင်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည့် ဘီလူးချောင်းတစ်လျှောက် အမှိုက်များနှင့် သဲနုန်းများ ဆယ်ယူနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဘီလူးချောင်းကို ဖြတ်သန်းသည့် တံတားများ ကြံ့ခိုင်မှုအခြေအနေနှင့် ရေမြင့်တက်လာမှုအခြေအနေများကို ဘီလူးချောင်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်သွားရန် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အဖွဲ့က တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မှုံပြာကျေးရွာအတွင်းရှိ ဘီလူးချောင်း ရေမြင့်တက်လာမှုကြောင့် နေအိမ်ခြံဝင်းများအတွင်း ရေဝင်ရောက်သည့်အိမ်ထောင်စုများမှ ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးပြီး အခြေခံစားသောက်ကုန်များကို အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တပ်ကုန်းမြို့နယ် နဝင်းချောင်းရေလျှံမှုကြောင့် အနော်ရထာရပ်ကွက်အတွင်း ရေများဝင်ရောက်

**တပ်ကုန်း အောက်တိုဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် ယနေ့မွန်းလွဲ ၃ နာရီက နဝင်းချောင်းရေလျှံမှုကြောင့် အနော်ရထာရပ်ကွက် နယ်မြေကိုးခုရှိ မဟာဗောဓိကျောင်း၊ ယင်းမာပင်ကျောင်း၊ အောင်သုခကျောင်း၊ ကျောင်းသစ်ကျောင်း၊ မင်းကျောင်း၊ ရေလည်ကွေ့ကျောင်းတိုက်တို့တွင် ရေများဝင်ရောက်ခြင်း၊ ယင်းမာပင်ကျောင်းတိုက်အနောက်ဘက် ကာရံထားသည့် အုတ်တံတိုင်း ၁၃ ခန်း ရေတိုက်စား၍ လဲကျခြင်းများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေများဝင်ရောက်မှုကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်နှင့် ရပ်မိရပ်ဖများ၊ နယ်မြေမှူးများ၊ အရန်မီးသတ်များ တွေ့ဆုံ၍ ရပ်ကွက်အတွင်း ရေဝင်မှုကြောင့် အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်နိုင်ရေး ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာနယ်မြေမှူးများအား နယ်မြေတစ်ခုလျှင် ငါးဦးနှုန်း နယ်မြေအလိုက်ဖွဲ့စည်း၍ နောင်သဓါအလယ်တန်းကျောင်းနှင့် ရွာသစ်အလယ်တန်းကျောင်းတို့တွင် နေရာချထားရေး ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်စိုးလွင်**



# ဇေယျာသီရိမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုလျော့နည်းရေး နည်းပညာပေး ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအတွင်းရှိ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းရေး နည်းပညာပေးဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ဆွေးနွေးပွဲတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ တိုင်းဦးစီးမှူး ဦးစိုးနိုင်က အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများ၊ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးထုတ်လုပ်မှုအပေါ် ထိခိုက်လာနိုင်သည့် အခြေအနေများ၊ တောင်သူများအနေဖြင့် ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရေးအတွက် ကြိုတင်သတိပြု ပြင်ဆင်ရမည့်အချက်များနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးပြီး နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မာအေးက ရာသီဥတုပြောင်းလဲမှုအပေါ် မြေဆီလွှာနှင့် အပင်အာဟာရဓာတ်များ စီမံခန့်ခွဲခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ အပင်များအစာချက်လုပ်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းကို ဖြစ်ပေါ်စေသော အဓိကအချက်များ၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သည့် စိုက်ပျိုးနည်းစနစ်များနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးနည်းစနစ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြေသိန်းက ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်နိုင်သော ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းနှင့် တောင်သူများကြိုတင်ပြင်ဆင်ရန် အချက်များ၊ သီးနှံအလိုက် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသော သီးနှံများ စိုက်ပျိုးနိုင်ရေး ဆွေးနွေးပြီး တက်ရောက်လာသည့်တောင်သူများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားပေးသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## SIM Card များ စနစ်တကျမှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုက်ဆိုင်စစ်ဆေးပြီး အချက်အလက် မမှန်သော နိုင်ငံသားစိစစ်ရေးကတ်များဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်သုံးစွဲသူများထံ မှန်ကန်စွာ ပြန်လည်မှတ်ပုံတင်ရန် အသိပေးစာတို(SMS)များ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ အသိပေးစာတို(SMS)များ ရရှိသည့် သုံးစွဲသူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်အချက်အလက်အမှန်ဖြင့် အမြန်လာရောက်မှတ်ပုံတင်ကြပါရန်နှင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလမကုန်မီ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၃။ ထို့ကြောင့် ဆင်းကတ်သုံးစွဲသူ ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသောဆင်းကတ် ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် ပြန်လည်မှတ်ပုံတင်နိုင်ရန် အသိပေးစာတို (SMS) ရရှိပါက သက်ဆိုင်ရာမိုဘိုင်းအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များ၊ Website တို့တွင် နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် အမြန်ပြန်လည်မှတ်ပုံတင်ကြပါရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2023)

**“ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့၊ မညီမျှမှုတွေ တိုက်ဖျက်စို့”**

**“Fighting Inequality for A Resilient Future”**

**အောက်တိုဘာလ (၁၈) ရက်**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် တောင်ကြီးမြို့ပေါ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုအားပေး

**တောင်ကြီး အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီခွဲတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက တောင်ကြီးမြို့ ဇီဝိတဒါနသံဃာ့ဆေးရုံ၌ ဆေးရုံအဆောက်အအုံအတွင်း၊ အပြင် သန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



ဆက်လက်၍ တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ချုံနွယ်၊ မြက်များ၊ သစ်ကိုင်း၊ သစ်ခက်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကျင်းပသော တောင်ကြီးမြို့ အောင်မြေဘုံစံသာမဏေကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တခေမာနန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်တို့အား ဆွမ်း၊ ခဲဖွယ်ဘောဇဉ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို တက်ရောက်ပြီး ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပေးကြသည်။ ထို့နောက် ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မင်းတပ်မြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မင်းတပ် အောက်တိုဘာ ၁၄**

ချင်းပြည်နယ် မင်းတပ်မြို့ ခရိုင်ပြည်သူ့ဆေးရုံ၌ စစ်နယ်မြေမှူး၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာ စုပေါင်းသန့်ရှင်းရေးနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ယနေ့နံနက် ၇ နာရီခွဲက ကျင်းပသည်။

စစ်နယ်မြေမှူး ဗိုလ်မှူးကြီး ကျော်ဝင်းမြင့်၏ ဦးဆောင်မှုဖြင့် ခရိုင်ပြည်သူ့ဆေးရုံအတွင်း/ အပြင်နှင့် ခရိုင်ပြည်သူ့ဆေးရုံ ပရဝဏ်အတွင်းရှိ ချုံများထူထပ်လျက်ရှိသည့်နေရာများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ခရိုင်ပြည်သူ့ဆေးရုံတွင် လူနာများအား ဆေးကုသပေးနေသည့် စစ်ဆေးဆရာဝန်နှစ်ဦးကို တစ်ဦးလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့်လည်းကောင်း၊ သူနာပြုနှစ်ဦးကို တစ်ဦးလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့်လည်းကောင်း၊ ဆေးရုံတက်ရောက်နေသည့် လူနာ ၁၀ ဦးကို ကြက်ဥ၊ နို့ဆီနှင့်သကြားတို့ကို စစ်နယ်မြေမှူးကိုယ်စား ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဝေဖြိုး(ဇလပ်မြေ)**



## မူဆယ်မြို့နယ် မော်တောင်းရွာမကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ပြီးစီးမှုစစ်ဆေး

**မူဆယ် အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မော်တောင်းကျေးရွာအုပ်စု မော်တောင်းရွာမကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မူဆယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် မော်တောင်းရွာမကျေးရွာတွင် ကျေးလက်ရေရရှိရေးအတွက် အနက်ပေ ၄၀၀ ရှိ တွင်းနက်တူးဖော်ခြင်း၊ ဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ တွင်းနက်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၇၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် မဟာမောမြေကုမ္ပဏီက ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်မှုကြောင့် ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး မော်တောင်းရွာမကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၄၆ အိမ်၊ လူဦးရေ ၂၁၁ ဦးတို့အတွက် နွေရာသီရေရှားပါးသည့် ပြဿနာများ ပြေလည်၍ သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**၂၂၂**

ချင်းပြည်နယ် တီးတိန်မြို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းနှင့်အဖွဲ့ဝင်များ ဦးဆောင်ပြီး အောက်တိုဘာ ၁၄ ရက် နံနက် ၇ နာရီခွဲတွင် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများက တီးတိန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အဝင်လမ်းများနှင့် ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

**မြို့နယ်(ပြန်/ဆက်)**



**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## ဂါဇာကမ်းမြောင်ဒေသ၌ မြေပြင်စစ်ဆင်ရေးအခြေအနေ မြင့်တက်လာနိုင်ဖွယ်ရှိသည့်အပေါ် စိုးရိမ်မှုများ မြင့်တက်

**ဂျေရုဆလင် အောက်တိုဘာ ၁၄**

အစ္စရေးက ဂါဇာကမ်းမြောင်ဒေသ၌ နေထိုင်သူများအား ၂၄ နာရီကြာ ရွှေ့ပြောင်းရေးကာလ ပြီးဆုံးသည်ဟု ကြေညာပြီးနောက် မြေပြင်စစ်ဆင်ရေးအခြေအနေ မြင့်တက်လာနိုင်ဖွယ်ရှိသည့်အပေါ် စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

အစ္စရေးနှင့် ပါလက်စတိုင်း စစ်သွေးကြွအဖွဲ့ ဟားမတ်စ်တို့ကြား စစ်ဆင်ရေးဆင်နွှဲမှုများသည် အောက်တိုဘာ ၁၄ ရက်တွင် ရှစ်ရက်မြောက်နေ့သို့ ဝင်ရောက်လာခဲ့ပြီဖြစ်သည်။

**ရွှေ့ပြောင်းသင့်**

ဂါဇာကမ်းမြောင်ဒေသ၏ မြောက်ဘက်ပိုင်းတွင် နေထိုင်သူများကို ၂၄ နာရီအတွင်း သို့မဟုတ် အောက်တိုဘာ ၁၃ ရက်တစ်ရက်တာအတွင်း တောင်ပိုင်းဒေသသို့ ရွှေ့ပြောင်းသင့်ကြောင်း အစ္စရေးတပ်မတော်က အောက်တိုဘာ ၁၂ ရက်တွင် ကုလသမဂ္ဂထံသို့ အကြောင်းကြားစာပေးပို့ခဲ့ကြောင်း သိရသည်။

သို့သော် အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့်ဟု ယူဆရသည့် ပေါက်ကွဲသံများနှင့်အတူ အဆိုပါ ဧရိယာအတွင်း တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေပုံကို မှတ်တမ်းတင်ဗီဒီယိုများတွင် ကြည့်ရှုနိုင်သည်။

ဟားမတ်စ်သည် အစ္စရေး၏ ဘေးကင်းရေး သတိပေးချက်ကို အကြမ်းဖက်မှုဖြင့် တုံ့ပြန်ခဲ့ကြောင်းနှင့် အစ္စရေးလေတပ်စခန်းနှင့် ၎င်း၏အကြီးဆုံး စီးပွားရေးမြို့တော် Tel Aviv ကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အောက်တိုဘာ ၁၃ ရက်တွင် အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ခဲ့သည်။

ယခုစစ်ဆင်ရေးဆင်နွှဲခြင်းသည် အနည်းငယ်သာဖြစ်ပြီး ၎င်း၏တပ်ဖွဲ့ဝင်များက ဟားမတ်စ်များကို ဖျက်ဆီးပစ်တော့မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ရာဟုက ပြောကြားသည်။

အစ္စရေးသည် မြေပြင်ထိုးစစ်အပါအဝင် အကြီးစားစစ်ဆင်ရေးဆင်နွှဲရန်အတွက် ပြင်ဆင်နေဖွယ်ရှိသည်။

ဂါဇာကမ်းမြောင်ဒေသတွင် နေထိုင်သူ ၁ ဒသမ ၁ သန်းခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ၎င်း၏အင်တာနက်စာမျက်နှာတွင် အောက်တိုဘာ ၁၃ ရက်က မှတ်ချက်ပြုရေးသားထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**






## အစ္စရေး-ပါလက်စတိုင်းတိုက်ခိုက်မှုအတွင်း သေဆုံးသူ ၃၀၀၀ ကျော်ရှိလာ

**ဂျေရုဆလင် အောက်တိုဘာ ၁၄**

အစ္စရေးနှင့် ပါလက်စတိုင်းအစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့ ဟားမတ်စ်တို့အကြား ဖြစ်ပွားလျက်ရှိသည့် တိုက်ခိုက်မှုများကြောင့် သေဆုံးသူအရေအတွက် ၃၀၀၀ ကျော်ရှိလာခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

**ထုတ်ပြန်ကြေညာ**

အဆိုပါတိုက်ခိုက်မှုကြောင့် ဂါဇာကမ်းမြောင်ဒေသတွင် သေဆုံးသူ ၁၉၀၀ ကျော်ရှိကြောင်း ပါလက်စတိုင်း ကျန်းမာရေးအာဏာပိုင်များက အောက်တိုဘာ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ပြင် အစ္စရေးဘက်ခြမ်းတွင်လည်း ယင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး ၁၃၀၀ သေဆုံးခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–အလင်းသစ်**

## သီရိလင်္ကာနိုင်ငံ၏ ကြွေးမြီပြဿနာများကို ဖြေရှင်းရန် ကြွေးမြီရှင်နိုင်ငံများ ကြိုးပမ်း

**ကိုလံဘို အောက်တိုဘာ ၁၄**

သီရိလင်္ကာနိုင်ငံ၏ ကြွေးမြီပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းလျက်ရှိသည့် ကြွေးမြီရှင်နိုင်ငံများကြား ဒုတိယဝန်ကြီးအဆင့် အစည်းအဝေးများကို မော်ရိုကိုနိုင်ငံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ပြောကြား**

ကြွေးမြီရှင်နိုင်ငံများဖြစ်သည့် ဂျပန်၊ အိန္ဒိယနှင့် ပြင်သစ်နိုင်ငံတို့က သီရိလင်္ကာနိုင်ငံ၏ ကြွေးမြီပြဿနာများကို ဖြေရှင်းရာတွင် တိုးတက်မှုများ ရှိသော်လည်း စိန်ခေါ်မှုများစွာ ရှိနေဆဲဖြစ်ကြောင်း ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် ၎င်း၏ ဘဏ္ဍာရေးမူဝါဒများကြောင့် ငွေကြေးတန်ဖိုးလျော့ကျကာ ငွေကြေးဖောင်းပွမှုများနှင့် ရင်ဆိုင်နေရသည်။ ယမန်နှစ် ဧပြီလကတည်းက နိုင်ငံခြားကြွေးမြီများကို ပြန်မဆပ်နိုင်သည့်အခြေအနေတွင် ရောက်ရှိခဲ့ရသည်။

ဂျပန်နှင့် အခြားနိုင်ငံများက သီရိလင်္ကာနိုင်ငံကို ကူညီမှုများပေးရန် ယခုနှစ် ဧပြီလတွင် မူဘောင်တစ်ရပ်ကို ထူထောင်ခဲ့ပြီး ကြွေးမြီများပြန်လည်ပေးဆပ်မှုပုံစံ ပြောင်းလဲခြင်းကဲ့သို့သော ကိစ္စရပ်များကို အခြားသော ကြွေးမြီရှင်နိုင်ငံများနှင့် ဆွေးနွေးခဲ့ကြသည်။

မြီရှင်နိုင်ငံများသည် သတ်မှတ်ရက်ကို သက်တမ်းတိုးခြင်းနှင့် အတိုးနှုန်းလျှော့ချခြင်းကဲ့သို့သော ပြန်ဆပ်ရမည့်အခြေအနေများတွင် အပြောင်းအလဲများပြုလုပ်ပေးရန် စဉ်းစားသုံးသပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## အစ္စရေးနိုင်ငံမှ ဂျပန်နိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်ရန် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့မှ လေယာဉ်များ ထွက်ခွာ

**တိုကျို အောက်တိုဘာ ၁၄**

ဂျပန် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ လေယာဉ်များသည် အစ္စရေးနိုင်ငံမှ ဂျပန်နိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်ရန် အရန်တာဝန်ဖြင့် နိုင်ငံမှ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လေယာဉ်များသည် အာဖရိက ဦးချိုဒေသရှိ ဂျီဘူတီနိုင်ငံသို့ ဦးတည်သွားလျက်ရှိသည်။

စင်းလုံးငှားလေယာဉ်တစ်စင်းကိုလည်း အစ္စရေးနိုင်ငံသို့ စေလွှတ်ထားရာ အတားအဆီးများ ကြုံတွေ့ရပါက ၎င်းတို့သည် အသင့်အနေအထားတွင် ရှိနေမည်ဖြစ်သည်။ စင်းလုံးငှားလေယာဉ်သည် ဒေသစံတော်ချိန် အောက်တိုဘာ ၁၄ ရက်တွင် အစ္စရေးနိုင်ငံ Tel Aviv မြို့မှ ပြန်လည်ထွက်ခွာရန် စီစဉ်ထားသည်။

ထို့ပြင် KC–767 လေယာဉ်သည် ဝေဟင်ဆီဖြည့်ခြင်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အောက်တိုဘာ ၁၄ ရက်နံနက်ပိုင်းတွင် ဂျပန်နိုင်ငံအလယ်ပိုင်း Aichi စီရင်စုရှိ Komaki လေတပ်စခန်းမှ အစ္စရေးနိုင်ငံသို့ ဦးတည်ထွက်ခွာသွားခဲ့သည်။

အလားတူ C–2 သယ်ယူပို့ဆောင်ရေးလေယာဉ်နှစ်စင်းသည် အောက်တိုဘာ ၁၄ ရက်နံနက်ပိုင်းတွင် ဂျပန်နိုင်ငံအနောက်ပိုင်း Tottori စီရင်စုရှိ Miho လေတပ်စခန်းမှ အစ္စရေးနိုင်ငံသို့ ဦးတည်ထွက်ခွာသွားခဲ့သည်။

ဂျပန် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့သည် အစ္စရေးနိုင်ငံမှ ဂျပန်နိုင်ငံသားများ ပြန်လည်ခေါ်ဆောင်ရေးမစ်ရှင်အတွက် အဖွဲ့ဝင် ၄၂၀ ခန့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## အိန္ဒိယနိုင်ငံ၏ စက်တင်ဘာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၈၄ ဘီလီယံရှိ

**နယူးဒေလီ အောက်တိုဘာ ၁၄**

အိန္ဒိယနိုင်ငံ၏ စက်တင်ဘာလအတွင်း ပို့ကုန်အားလုံး၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၈၄ ဘီလီယံရှိကြောင်း အိန္ဒိယနိုင်ငံ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက အောက်တိုဘာ ၁၃ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့်နှစ် အလားတူကာလအတွင်းက ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၆၁ ဘီလီယံရှိခဲ့ကြောင်းလည်း သိရသည်။

**သွင်းကုန်တန်ဖိုး**

အိန္ဒိယနိုင်ငံ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ စက်တင်ဘာလအတွင်း သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆၈ ဒသမ ၇၅ ဘီလီယံရှိကြောင်းနှင့် ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်းက သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇၉ ဒသမ ၆၄ ဘီလီယံရှိခဲ့ကြောင်း သိရသည်။



အိန္ဒိယနိုင်ငံ၏ ဧပြီလမှ စက်တင်ဘာလအတွင်း ပို့ကုန်တန်ဖိုးသည် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၉၇ ရာခိုင်နှုန်း လျော့ကျမှုရှိကြောင်း အဆိုပါဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရသည်။

အိန္ဒိယနိုင်ငံ၏ ယခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ကုန်သွယ်ရေးလိုငွေပြမှုသည် အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၉၁ ဘီလီယံရှိကြောင်းနှင့် ၂၀၂၂ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ကုန်သွယ်ရေးလိုငွေပြမှုမှာ အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၃၄ ဘီလီယံရှိကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန် နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

နေပြည်တော် အောက်တိုဘာ ၁၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၃ ရက်က ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဘားအံမြို့ ကမော့ကစင်ကျေးရွာအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Borouge ကော်စေ့ ကီလိုဂရမ် ၁၀၂၅၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း၊ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ လိုင်စင်မဲ့ Suzuki V-50 (Used) ဆိုင်ကယ် တစ်စီး အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၆၁၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၃ ရက်က ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်လမြိုင်မှ မန္တလေးသို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Gaysorn ဟင်းသီး ဟင်းရွက်ဆီ လီတာ ၄၀၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၁၃၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၁၃၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က တာမွေမြို့နယ်အတွင်းရှိ ဘေထုပ် ရောင်းဝယ်ရေးဆိုင်များကို စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မအေးဘေထုပ်ရောင်းဝယ်ရေး ဆိုင်မှ စက်မှုကုန်ကြမ်းဘေထုပ် ၂၀၃ ထုပ် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၂၄ မိုင် ၃ ဖာလုံ၌ မူဆယ်မှ မန္တလေးသို့ မောင်းနှင် လာသော ယာဉ်တစ်စီးပေါ်မှသွင်းကုန်ကြေညာ လွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် TV Stand အခု ၈၀၊ စက်မှုကုန်ကြမ်း (ဘေထုပ်) ကီလိုဂရမ် ၉၀၀၀(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၆၂၇၉၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀၀၀)ကို လည်းကောင်း၊ မန္တလေးမြို့ ချမ်းမြသာစည် မြို့နယ် တမ္ပဝတီရပ်ကွက် အမှတ်-၄၈၂ ရှိ ဂိုဒေါင်၌ တရားဝင် စာရွက်စာတမ်း အထောက် အထား တင်ပြနိုင်ခြင်းမရှိသည့် Leo Beer ၅၃၅၂ ဘူး၊ Dutch Mill ဒိန်ချဉ် ၂၇၆၅ လီတာ၊ Yum Yum ခေါက်ဆွဲ ခြောက် ကီလိုဂရမ် ၃၄၂၀ အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၈၂၀၄၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၅၅၄၈၃၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၃ ရက်နေ့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၃၇၈၃၀၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၁၀-၂၀၂၂ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၅ ၂၀၂၂ ခုနှစ်၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း(၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ (၁၀၃)နှစ်မြောက်မြန်မာ့ရုပ်ရှင်နေ့ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲထုတ်လွှင့်မှု(ပွဲစဉ်-၂)
- ၁၅:၂၀ မျိုးဝှက်တင့်စေဆိုကရေးတီအမွေ
- ၁၆:၃၅ (၂၄)ကြိမ်မြောက်အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ 'ရုပ်သေးပြိုင်ပွဲ' အကဲဖြတ်ပညာရှင်များ၊ အကဲဖြတ်လုပ်ငန်းအဖွဲ့ စကားဝိုင်းဆွေးနွေးပွဲ
- ၁၆:၅၀ Sports Diary
- ၁၇:၂၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၃၅ Economic Review
- ၁၈:၀၀ ပြည်တွင်းသတင်း၊
- ၁၈:၃၅ ဘယ်သူမှန်လဲအပြိုင်ကြ
- ၁၉:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'သုတောင်းပြည့်ကြယ်တာယာတောလာ'** (အပိုင်း-၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ **'အနုပညာ၊ အတတ်ပညာများနှင့် နာမည်အမျိုးမျိုးရှိခဲ့သောပညာသည်'** 'ဒါရိုက်တာ အောင်မြင့်မြတ်' (အပိုင်း-၅)
- ၂၂:၃၀ ဆေးရောင်စုံရုပ်ရှင် **'မင်းနဲ့မှ ချစ်တတ်ပြီ'** (ဒွေး၊ နေအောင်၊ သုမောင်၊ အိန္ဒြာကျော်ဇင်)

### mitv

- 07:01 Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
- 07:10 Awesome Myanma Sculptures
- 07:25 Products of Myanmar - Bamboo Hat
- 07:33 Sayit-wyne Girls
- 08:01 News
- 08:27 Products of Myanmar - Myanmar Circular Stone Slab
- 08:39 Popa Trip
- 08:49 Mote Sein Paung from Intaing Village
- 09:01 Thilawa SEZ (Thriving Model Special Economic Zone)
- 09:20 Today Myanmar: Scenic Spot, Ngwe Hsaung
- 09:30 Ramayana Classic Talk & Discussion (Episode-2)
- 10:01 News
- 09:28 Ancient Shwe-San-Taw Pagoda

### MRTV NRC

- **မွန် (၀၆:၀၀ မှ ၀၈:၀၀)** အလှဖြာဝေရာမည်မြေ
- **ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** တို့ရွာအလှနဲ့ရာသီစာ
- **ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** ရှမ်းဘာသာစကားပြောကြရအောင်နော်
- **ဝ (၁၂:၀၀ မှ ၁၄:၀၀)** ချစ်ရမွက်ပီး
- **ကချင် (၁၄:၀၀ မှ ၁၆:၀၀)** ကချင်ဝက်အူချောင်း
- **ကယား (၁၆:၀၀ မှ ၁၈:၀၀)** ရိုးရာဝါးခမောက်လက်မှုပညာအမွေ
- **စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)** သင်ယူလေ့လာတို့ရဲ့စာ
- **အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** နွဲ့စိုတူပျော် ရိုးရာမီးထွန်းပွဲတော်
- **အရှေ့ပိုးကရင် (၂၀ :၀၀ မှ ၂၁:၀၀)** စာပေစကားပြောကြရအောင်
- **ချင်း (လိုင်ဇို) (၂၁:၀၀ မှ ၂၂:၀၀)** ရင်သားကင်ဆာအကြောင်းသိကောင်းစရာ
- **ချင်း (ဇိုး) (၂၂:၀၀ မှ ၂၃:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ၂၀၂၂ ခုနှစ်၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးခြင်း(၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အတုမှန်းသိလျက်လက်ရှိထားမှု'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏အဂတိတိုက်ဖျက်ရေး
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၅)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၃၀ အာဟာရကြွယ်ဝရောင်းပန်းလှ ကျန်းမာလှပဝင်ငွေရ မြန်မာ့လိမ္မော်ရောက်မျိုးများရဲ့အလှ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Back To Eden Gardening Documentary Film
- ၁၉:၀၀ Last Day of Wheat Harvest!
- ၁၉:၃၀ First Ever Tour of My New Garden
- ၂၂:၀၀ Livestock on the Land-Full-Length

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary
- ၁၆:၃၀ MNL 2022 Match(Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၈:၂၀ ပညာပေးဇာတ်လမ်း

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် နန်းဦးကျေးရွာရှိ စာသင်ကျောင်းမှ PDF အမည်ခံအကြမ်းဖက်သမားများ သိုဝှက်သိမ်းဆည်းထားသည့် လက်နက်နှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၄

နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ဆောင်မှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူအချို့၏ လျှို့ဝှက်ဆက်သွယ်သတင်းပေးပို့မှုအရ NUG၊ CRPH တို့၏ ဆက်သွယ်ညွှန်ကြားမှုဖြင့် မကွေးတိုင်းဒေသကြီးအတွင်း အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများသည် ရေစကြိုမြို့နယ် နန်းဦးကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း၌ ခိုအောင်းနေထိုင်ပြီး လက်နက်၊ ခဲယမ်းများ သိုဝှက်သိမ်းဆည်းထားကြောင်းသိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ နန်းဦးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအတွင်းမှ PDF အမည်ခံအကြမ်းဖက်သမားများ သိုဝှက်သိမ်းဆည်းထားသည့် လက်လုပ်သေနတ်အရှည် ၂၁ လက်၊ လက်လုပ်သေနတ်အတို တစ်လက်၊ လက်လုပ်အာပီဂျီ သုံးလက်၊ လက်လုပ်စိန်ပြောင်း ၁၇ လက်နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် စစ်ရေးနှင့် မသက်ဆိုင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးအတွက် အသုံးပြုနေသည့် စာသင်ကျောင်းများကို အသုံးချကာ ခိုအောင်းနေထိုင်ခြင်း၊ လက်နက်၊ ခဲယမ်းများ သိုဝှက်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျောင်းနေအရွယ်ကလေးငယ်များ၏ ပညာသင်ယူခွင့်ကို ထိခိုက်နစ်နာစေရုံသာမက ဒေသဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် ပညာရည်မြင့်မားမှုကို ပိတ်ပင်ဖျက်ဆီးမှုဖြစ်သဖြင့် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ခြင်းဖြစ်ကြောင်းနှင့် အဆိုပါသိမ်းဆည်းရမိလက်နက်များနှင့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် နန်းဦးကျေးရွာရှိ စာသင်ကျောင်းမှ PDF အမည်ခံအကြမ်းဖက်သမားများ သိုဝှက်သိမ်းဆည်းထားသည့် လက်နက်နှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည့် မှတ်တမ်းဓာတ်ပုံ။

# စီးတီးတက္ကစီယာဉ်များ အခြားယာဉ်များနှင့် ကွဲပြားစေရန် အဝါရောင်လိုင်း စတေကာကပ်၍ ပြေးဆွဲရမည်

ရန်ကုန် အောက်တိုဘာ ၁၄

စီးတီးတက္ကစီယာဉ်များ အခြားယာဉ်များနှင့်ကွဲပြားမှုရှိစေရန် ဘေးတစ်ဖက်တစ်ချက်တွင် အဝါရောင်လိုင်းစတေကာကပ်၍ ပြေးဆွဲရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)မှ သိရသည်။





City Taxi ယာဉ်၏ ဘေးနှစ်ဖက်ကိုယ်ထည်တွင် အဝါရောင်လိုင်းထည့်သွင်းမည့် နမူနာပုံစံ ဘေးမှ မြင်ရပုံ။

"စီးတီးတက္ကစီယာဉ်တွေကို အခြားယာဉ်တွေနဲ့ကွဲကွဲပြားပြား ဖြစ်ဖို့နဲ့ သိသာထင်ရှားစွာမြင်နိုင်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီရဲ့လမ်းညွှန်ချက်အရ စီးတီးတက္ကစီယာဉ်တွေရဲ့ဘေးမှာ ငါးလက်မအနံလောက်ရှိတဲ့ အဝါလိုင်းစတေကာကပ်ခြင်း၊ ဒါမှမဟုတ် ဆေးအဝါသုတ်ခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု YRTC တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

စီးတီးတက္ကစီယာဉ်များ၌ အဝါလိုင်းစတေကာကပ်ခြင်းကို ယခုနှစ် နိုဝင်ဘာ ၁ ရက်တွင် စတင်မည်ဖြစ်ပြီး ယင်းနေ့မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိကာလအတွင်း YRTC က ကျခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဘေးစတေကာ၏ တန်ဖိုးမှာ ဒီဇိုင်းညှပ်ခအပါအဝင် ငွေကျပ် ၅၀၀၀ ခန့်ကုန်ကျမည်ဖြစ်ကြောင်း၊ ယာဉ်ပိုင်ရှင်များအနေဖြင့် ၎င်းတို့ဘာသာပြင်ပတွင်ပုံစံတူစတေကာကပ်ခြင်းနှင့် ဆေးသုတ်ခြင်းတို့ကိုလည်း YRTC က ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

"နိုဝင်ဘာ ၁ ရက်ကနေစပြီးတော့ သုံးလအတွင်း လာရောက်ဆောင်ရွက်တဲ့သူတွေကို ကျွန်တော်တို့ YRTC က အခမဲ့ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ သုံးလကြာပြီးလို့ လိုက်နာဆောင်ရွက်ခြင်းမရှိရင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနဲ့ မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ညွှန်ကြားမှုမနာခံတဲ့အတွက် ဒဏ်ကြေးငွေကျပ် ၃၀၀၀၀ အရေးယူမှာဖြစ်ပါတယ်"ဟု ဦးလျှန်ကျင့်မန်က ဆက်လက်ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကညနတွင်မှတ်ပုံတင်ထားသည့် တက္ကစီအစီးရေ ၅၉၀၀၀ ကျော်ရှိပြီး YRTC တွင် စီးတီးတက္ကစီမှတ်ပုံတင်ထားသည့်ယာဉ်စီးရေ ၅၃၀၀၀ ကျော်ရှိကြောင်း၊ စီးတီးတက္ကစီယာဉ်များကို အဝါရောင်လိုင်းစတေကာကပ်ခြင်းသည် ပုဂ္ဂလိကတစ်ဦးချင်းပိုင် တစ်စီးတစ်ရောင် ဖြစ်နေသည့်ယာဉ်များကို စုစည်းကာ စီးတီးတက္ကစီယာဉ်များကို အခြားယာဉ်များနှင့် ကွဲပြားစေရန်နှင့် မြို့တော်အင်္ဂါရပ်နှင့် ညီစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း YRTC မှ သိရသည်။

လင်းရာမ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၁၀-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၅ | ၂၀၂၅ | ၂၀၂၀ | ၁၉၈၅ | ၂၀၂၅ | ၂၀၄၅ | ၂၀၃၀ | ၂၀၁၀ | ၂၁၁၀ | ၂၁၂၅ | ၂၀၁၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၅ | ၂၂၉၅ | ၂၉၅၀ |
| 95 Ron | ၂၀၇၅ | ၂၁၂၅ | ၂၁၂၅ | ၂၀၈၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၃၀ | ၂၁၁၀ | ၂၂၀၅ | ၂၂၂၅ | ၂၁၁၅ | ၂၁၃၀ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၉၅ | ၃၀၅၀ |
| HSD (500 ppm) | ၂၁၉၀ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၅ | ၂၂၆၀ | ၂၂၂၅ | ၂၃၄၅ | ၂၃၄၀ | ၂၂၃၀ | ၂၂၄၀ | ၂၂၇၅ | ၂၂၈၀ | ၂၂၈၀ | ၂၅၁၀ | ၃၂၉၀ |
| HSD (50 ppm) | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၅ | ၃၃၅၀ |
| HSD (10 ppm) | ၂၃၁၀ | ၂၃၆၀ | ၂၃၆၀ | ၂၃၂၀ | ၂၃၆၀ | ၂၃၈၅ | ၂၃၈၀ | ၂၃၄၅ | ၂၄၆၅ | ၂၄၆၀ | ၂၃၅၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ | ၂၆၃၀ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၄ | ၁၉၄၅ |
| 95 Ron | ၁၉၇၀ | ၂၀၄၃ |
| HSD (500 ppm) | ၂၀၈၃ | ၂၁၅၄ |
| HSD (50 ppm) | ၂၁၉၄ | ၂၂၆၇ |
| HSD (10 ppm) | ၂၂၀၀ | ၂၂၇၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅၇၇ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၄-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၃-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၄-၁၀-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၇၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၂) ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်အကြောင်း သိကောင်းစရာ

ဒေါက်တာစုစုမြတ်၊ ပါမောက္ခ/ဌာနမှူး၊ အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ဘောဂဗေဒဘာသာရပ်နှင့် ပတ်သက်သော အထောက်အကူပြုဆွေးနွေးချက်များကို အပိုင်း (၂)ပိုင်းခွဲ၍ ရှင်းလင်းဖော်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို တင်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ယင်းမေးခွန်းကို ဖြေဆိုပုံဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းပါမည်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာတွင် မေးခွန်း(၅)ပုဒ် ပါရှိပါသည်။ မေးခွန်း(၅)ပုဒ်စလုံးကို ဖြေဆိုကြရမည်ဖြစ်သည်။

မေးခွန်းနံပါတ် (၁)တွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ (၃) ပိုင်း ခွဲထားပါသည်။ ပြဋ္ဌာန်းစာအုပ်တွင် ပါဝင်သည့် အခန်းအားလုံးမှ သဘောတရားများနားလည်သဘောပေါက်မှုကို ဆန်းစစ်သော မေးခွန်းဖြစ်သည့်အတွက် ဘာသာရပ်ကို ကောင်းစွာနားလည်မှသာ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ မေးခွန်းနံပါတ် (၁)အတွက် စုစုပေါင်း ပေးမှတ်မှာ (၃၀)မှတ် ဖြစ်သည်။

မေးခွန်းနံပါတ် ၁။(က)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီကို မှား သို့မဟုတ် မှန် ဖြေဆိုရန် ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၁။(ခ)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ အဖြေ (၃)မျိုး ပေးထားသည့်အနက် အဖြေမှန်တစ်ခုကိုသာ ရွေးချယ်ရန်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။(ဂ)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် စာကြောင်း အပြည့်အစုံမဖော်ပြဘဲ ကွက်လပ်ပေးထားသည်။ ကွက်လပ်တွင် ဖြည့်စွက်ရန် လိုအပ်သောစာသားကို ရေးသားဖြေဆိုရမည်ဖြစ်သည်။ ဖြေဆိုရာတွင် နံပါတ်တပ်၍ အဖြေကိုတိကျစွာ ဖြေဆိုရန်ဖြစ်သည်။

မေးခွန်းနံပါတ် (၂)တွင် ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များအနက် အဓိပ္ပာယ်ဖွင့်ဆိုချက်(၅)ခု မေးထားပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက် (၁) ခုလျှင် ပေးမှတ် (၂) မှတ်ဖြစ်သဖြင့် အဓိပ္ပာယ်ဖွင့်ဆိုချက်(၅) ခုအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်သည်။

မေးခွန်းနံပါတ် (၃)တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ်ပေးထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ် (၃)အတွက် ပေးမှတ်မှာ (၂၀)မှတ် ဖြစ်သည်။ မေးခွန်းနံပါတ် (၄)တွင် (၂၀)မှတ်တန် မှတ်စုရှည်(၁)ပုဒ်ပေးထားပြီး (ရွေးချယ်ရန်အပုဒ်အပိုမပေးထား) မှတ်စုရှည် (၁)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်းနံပါတ်(၅)မှာ တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုများ ပြုလုပ်ရသည့်မေးခွန်းဖြစ်သည်။ ပေးထားသော ကိန်းဂဏန်းများနှင့် အချက်အလက်များကိုအသုံးပြု၍ တွက်ချက်ခြင်း၊ မျဉ်းကွေးများ ရေးဆွဲခြင်း၊ သုံးသပ်ခြင်းများ ပြုလုပ်ဖြေဆိုရသည့်အတွက် သီအိုရီသဘောတရားများအပေါ် နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သော မေးခွန်းများဖြစ်သည်။ မေးခွန်းနံပါတ်(၅) မေးခွန်းခွဲ(က)၊ (ခ) နှင့် (ဂ)မှ နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းနံပါတ်(၅)အတွက် ပေးမှတ်မှာ (၂၀)မှတ် ဖြစ်သည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် မေးခွန်းအမျိုးအစား (၅)မျိုးပါဝင်သည့် မေးခွန်း (၅)ပုဒ် ပေးထားသော မေးခွန်းလွှာဖြစ်သည်။ အမျိုးအစား (၅)မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မှတ်စုရှည်မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုများ ပြုလုပ်ရသည့်မေးခွန်းတို့ ဖြစ်သည်။ စုစုပေါင်း မေးခွန်း (၅)ပုဒ် စလုံးကို ဖြေဆိုရမည်ဖြစ်သည်။

**မေးခွန်းလွှာအမှတ်ခွဲဝေမှုပုံစံ**

| စဉ် | မေးခွန်း နံပါတ် | မေးခွန်းအမျိုးအစား | | ပေးမှတ် | |
|---|---|---|---|---|---|
| ၁ | ၁။ | ဓမ္မဓိဋ္ဌာန်<br>(က) မှား/မှန်<br>( ခ ) အဖြေမှန်ရွေးချယ်<br>( ဂ ) ကွက်လပ်ဖြည့် | <br>(၁၀ )ခု<br>(၁၀) ခု<br>(၁၀) ခု | အားလုံးဖြေ<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု) | (၃၀) မှတ် |
| ၂ | ၂။ | အဓိပ္ပာယ်ဖွင့်ဆိုချက် | (၅) ခု | (၅) ခု<br>(၂ မှတ် x ၅ ခု) | (၁၀) မှတ် |
| ၃ | ၃။ | မှတ်စုတို | (၄) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| ၄ | ၄။ | မှတ်စုရှည် | (၁) ပုဒ် | (၁) ပုဒ်ဖြေ<br>(၂၀ မှတ် x ၁ ပုဒ်) | (၂၀ ) မှတ် |
| ၅ | ၅။ | တွက်ချက်မှုနှင့်သုံးသပ် ဖြေဆိုမှု | (၃) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀ ) မှတ် |

**ဖြေဆိုပုံဖြေဆိုနည်း**

မေးထားသော မေးခွန်း (၅)ပုဒ်ကို ဖြေဆိုရာတွင် တိကျမှန်ကန်စေရေးနှင့် အမှတ်ကောင်းရရန် ဖြေဆိုပုံဖြေဆိုနည်းကို မေးခွန်း (၁)ပုဒ်ချင်းစီအတွက် ရှင်းလင်းသွားပါမည်။

မေးခွန်း (၁-က) ။ ။ ဤမေးခွန်းသည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသော ဖော်ပြချက်ကို မှားသလား (သို့) မှန်သလား ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ စာကြောင်းပြန်ရေးရန်မလိုဘဲ ရွေးချယ်ထားသောအဖြေကိုသာ နံပါတ်တပ်၍ဖြေဆိုရန် ဖြစ်သည်။ ဥပမာ - 'ကာလတို စုစုပေါင်း ရောင်းလိုအား မျဉ်းကွေးသည် အပေါင်းလက္ခဏာလျှောစောက် ရှိသည်။' ဟူသော ဖော်ပြချက်အတွက် အဖြေမှာ 'မှန်' ဖြစ်သည့်အတွက် 'မှန်' ဟုသာ ဖြေဆိုရန်ဖြစ်သည်။ အဖြေလွှာစစ်ဆေးသူ (စာစစ်သူ) ဖတ်၍မရသော၊ မှား/မှန် မကွဲပြားသောအဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် ဖြေဆိုသူက အဖြေကို ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ ဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ်ဖြစ်သည်။

မေးခွန်း (၁-ခ) ။ ။ ဤမေးခွန်းတွင် ပေးထားသောဖော်ပြချက်များအတွက် အဖြေကို (က)၊ (ခ) နှင့် (ဂ) ဟု (၃)မျိုးပေးထားပြီး ယင်းအဖြေများထဲမှ အဖြေမှန်တစ်ခုကို ရွေးချယ်ဖြေဆိုရမည် ဖြစ်သည်။ ဥပမာ 'စက်မှုနှင့် စားသုံးကုန်စည်များ ထုတ်လုပ်သောလုပ်ငန်းများမှာ (က) ကုန်ထုတ်လုပ်ငန်း၊ (ခ) ဝန်ဆောင်မှုလုပ်ငန်း၊ (ဂ) ကူးသန်းရောင်းဝယ်မှုလုပ်ငန်းဖြစ်သည်။' ဟူသော ဖော်ပြချက်တွင် အဖြေမှာ (က) ကုန်ထုတ်လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် မေးခွန်း (၁-ခ)၊ မေးခွန်းနံပါတ်သေး(၁) အတွက် အဖြေကို (၁) (က) ဟု ဖြေဆိုရန်ဖြစ်သည်။ ဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်း ပေးမှတ် (၁၀)မှတ် ဖြစ်သည်။

မေးခွန်း (၁-ဂ) ။ ။ ဤမေးခွန်းသည်လည်း ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသော စာကြောင်းတွင် လိုအပ်သည့်ကွက်လပ်အတွက် အဖြေမှန်ဖြည့်စွက်ပေးရန်ဖြစ်သည်။ မေးခွန်းစာကြောင်းကို ပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့် အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန် ဖြစ်သည်။ တိကျသော အဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန်လိုပါသည်။ ဥပမာ- ' စုစုပေါင်း စရိတ်မှ စုစုပေါင်းစရိတ်ရှင်ကို နုတ်ခြင်းဖြင့် ____________ ကိုရရှိသည်။' ဟူသော မေးခွန်းအတွက် အဖြေမှာ 'စုစုပေါင်းပုံသေစရိတ်' ဖြစ်ရာ ယင်းအဖြေကိုသာနံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်း ဖော်ပြချက် (၁) ခုလျှင် (၁)မှတ်ဖြင့် (၁၀)ခုအတွက် စုစုပေါင်းပေးမှတ် (၁၀)မှတ် ဖြစ်သည်။

မေးခွန်းနံပါတ်(၁)အတွက် အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီမှ ပြဋ္ဌာန်းထုတ်ဝေထားသည့် ဒွါဒသမတန်းဘောဂဗေဒ ကျောင်းသုံးစာအုပ်တွင် သင်ခန်းစာ အခန်းတိုင်း၏အဆုံး၌ ဓမ္မဓိဋ္ဌာန်မေးခွန်းပုံစံများကို လေ့ကျင့်ရန် ထည့်သွင်းပေးထားသဖြင့် ကျောင်းသားများအနေဖြင့် လေ့လာနိုင်ပါသည်။

မေးခွန်းနံပါတ်(၂)တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိတိကျကျပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် တိကျမှန်ကန်ပြည့်စုံပါက အဓိပ္ပာယ်ဖွင့်ဆိုချက် (၁)ခုအတွက် (၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက (၁)မှတ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် မှားယွင်းပါက (၀)မှတ်ဟု အမှတ်ပေးစည်းမျဉ်း ချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန်ဖြစ်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက် တစ်ခုလျှင် (၂) မှတ်နှင့် (၅)ခု ဖြေဆိုရသည့်အတွက် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ် ဖြစ်သည်။ မေးခွန်းနံပါတ် (၁)နှင့် မေးခွန်းနံပါတ် (၂) ကို တိကျမှန်ကန်စွာ ဖြေဆိုနိုင်ခြင်းဖြင့် အမှတ် (၄၀) အပြည့် ရရှိနိုင်ပါသည်။

မေးခွန်းနံပါတ်(၃)တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ် ပေးထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ် (၄)တွင် အမှတ်(၂၀)မှတ်တန် မှတ်စုရှည် (၁)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်း (၁)ပုဒ်စီအတွက် ပေးမှတ်မှာ (၂၀) မှတ်ဖြစ်သည်။ မှတ်စုတိုနှင့် မှတ်စုရှည်မေးခွန်းများကို ဖြေဆိုနိုင်ရန်မှာ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နှံ့စပ်စွာ ဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။ အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက အဖြေလွှာစစ်ဆေးသူ ရှင်းလင်းစွာ စစ်ဆေးနိုင်ရန် မေးထားသည့်အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို ရှင်းလင်းဖြေဆိုသင့်ပါသည်။

မေးခွန်းနံပါတ် (၅)တွင် တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့်မေးခွန်းများကို (က)၊ (ခ) နှင့် (ဂ) ဟူ၍ မေးခွန်း (၃)ခု မေးထားပြီး နှစ်သက်ရာ (၂)ခုကို ဖြေဆိုရပါမည်။ တိကျမှန်ကန်စွာ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့် သုံးသပ်ချက်များ မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်းနံပါတ်(၅)နှင့် ပတ်သက်၍ အထူးအလေးပေး ရှင်းလင်းလိုပါသည်။

သင်ခန်းစာ (၈)ခန်း ရှိသည့်အနက် တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို မေးနိုင်သည့်အခန်းမှာ (၄)ခန်းရှိသည်။ ယင်းအခန်းများမှာ သင်ခန်းစာ အခန်း(၁)၊ အခန်း(၂)၊ အခန်း(၃) နှင့် အခန်း(၇) တို့ဖြစ်ကြသည်။

(က) အခန်း(၁) 'ဝယ်လိုအားအလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်း'တွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း၊ အခြားဝယ်လိုအားအလျော့အတင်းများနှင့် ရောင်းလိုအားအလျော့အတင်းများကို တွက်ချက်စေသောမေးခွန်းများတွင် မေးထားသည့် အလျော့အတင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုရပါမည်။ ထို့နောက် တွက်ချက်မှုနှင့် သုံးသပ်မှုကို ပြုလုပ်ရပါမည်။ ဥပမာ - ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း ပုစ္ဆာမေးခွန်းကို ဖြေဆိုရာတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသော ကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ တွက်ချက်ရပါမည်။ ထို့နောက် တွက်ချက်ရရှိသောအဖြေကို ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း သဘောတရားများအရ သုံးသပ်ဖြေဆိုရမည်။ ထို့အတူ အခြားသော အလျော့အတင်း ပုစ္ဆာမေးခွန်းများကို ဖြေဆိုရာတွင်လည်း အထက်ပါအတိုင်း ဖြေဆိုရမည်။

**ဤအခန်းတွင်သတိပြုရန်အချက်မှာ** တွက်ချက်ရရှိသော ဝယ်လိုအား အလျော့အတင်း တန်ဖိုးအရ ကုန်စည်၏ဝယ်လိုအား အလျော့အတင်းအနည်း/အများကို သုံးသပ်နိုင်သကဲ့သို့ အလျော့အတင်းတန်ဖိုးကို တွက်ချက်မှုမပြုလုပ်ဘဲ ဈေးနှုန်းပြောင်းလဲမှုနှင့် စုစုပေါင်းရောင်းရငွေပြောင်းလဲမှုအရလည်း ကုန်စည်၏ ဝယ်လိုအားအလျော့အတင်း

**စာမျက်နှာ ၁၇ သို့ »»**

»»» စာမျက်နှာ ၁၆ မှ

အနည်း/အများကို သုံးသပ်နိုင်ကြောင်း သိရှိထားရန်လိုအပ်ပါသည်။ ဥပမာ အောက်ဖော်ပြပါဇယားတွင် ဈေးနှုန်းနှင့် ဝယ်ယူသည့်အရေအတွက်များကို ဖော်ပြထားသည် –

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း ($E_d$) |
|---|---|---|---|
| ၇၀ | ၂ | ၁၄၀ | – |
| ၆၀ | ၄ | ၂၄၀ | များ |
| ၅၀ | ၆ | ၃၀၀ | များ |

**ဇယားပါအချက်အလက်များအရ "ဈေးနှုန်း၊ စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအားအလျော့အတင်းတို့၏ ဆက်စပ်မှုများကို ရှင်းလင်းဖော်ပြပါ" ဟူသော မေးခွန်းမျိုးတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း ($E_d$)ကို တွက်ချက်ဖော်ပြရန် မလိုအပ်ပါ။** ဈေးနှုန်းနှင့် အရေအတွက်ကို မြှောက်ခြင်းဖြင့် စုစုပေါင်းရောင်းရငွေကို တွက်ချက်ရရှိမည်။ အထက်ပါ ဇယားအရ ဈေးနှုန်း (၇၀) ကျပ်တွင် ရောင်းရငွေမှာ (၁၄၀) ကျပ် [ ဈေးနှုန်း (၇၀) ကျပ် x (၂) ယူနစ် = ရောင်းရငွေ ၁၄၀ ကျပ် ]၊ ဈေးနှုန်း (၆၀) ကျပ်တွင် ရောင်းရငွေမှာ (၂၄၀) ကျပ် [ ဈေးနှုန်း (၆၀) ကျပ် x (၄) ယူနစ် = ရောင်းရငွေ ၂၄၀ ကျပ် ]၊ ဈေးနှုန်း (၅၀) ကျပ်တွင် ရောင်းရငွေမှာ (၃၀၀) ကျပ် [ ဈေးနှုန်း (၅၀) ကျပ် x (၆) ယူနစ် = ရောင်းရငွေ ၃၀၀ ကျပ် ] စသဖြင့် တွက်ချက်ရရှိသည်။ ဈေးနှုန်းသည် (၇၀) ကျပ်မှ (၆၀) ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသောအရေအတွက်သည် (၂) ယူနစ်မှ (၄)ယူနစ်သို့ တိုးလာပြီး ရောင်းရငွေမှာ (၁၄၀) ကျပ်မှ (၂၄၀) ကျပ်သို့ တိုးသွားသည်။ ဈေးနှုန်း၊ ရောင်းရငွေနှင့် ဝယ်လိုအားအလျော့အတင်း၏ ဆက်စပ်မှုအရ ဈေးနှုန်းကျသော်လည်း ရောင်းရငွေတိုးလာသဖြင့် ဝယ်လိုအား အလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။ ဝယ်ယူသည့် အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားပိုများသောကြောင့် ရောင်းရငွေတိုးလာခြင်းဖြစ်သည်။ အလားတူပင် ဈေးနှုန်းသည် (၆၀) ကျပ်မှ (၅၀) ကျပ်သို့ ကျဆင်းသွားသောအခြေအနေအတွက် ဝယ်လိုအားအလျော့အတင်း များသည်ဟု သုံးသပ်နိုင်သည်။

အောက်ဖော်ပြပါဇယားတွင် ဈေးနှုန်းနှင့်ဝယ်ယူသည့် အရေအတွက်များကို ဖော်ပြထားသည် –

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း ($E_d$) |
|---|---|---|---|
| ၃၀ | ၁၀ | ၃၀၀ | – |
| ၂၀ | ၁၂ | ၂၄၀ | နည်း |
| ၁၀ | ၁၄ | ၁၄၀ | နည်း |

**ဇယားပါအချက်အလက်များအရ** ဈေးနှုန်းနှင့် အရေအတွက်ကို မြှောက်ခြင်းဖြင့် စုစုပေါင်းရောင်းရငွေကို တွက်ချက်ရရှိမည်။ အထက်ပါဇယားအရ ဈေးနှုန်း(၃၀)ကျပ်တွင် ရောင်းရငွေမှာ (၃၀၀) ကျပ် [ ဈေးနှုန်း (၃၀) ကျပ် x (၁၀) ယူနစ် = ရောင်းရငွေ ၃၀၀ ကျပ် ]၊ ဈေးနှုန်း (၂၀) ကျပ်တွင် ရောင်းရငွေမှာ (၂၄၀) ကျပ် [ ဈေးနှုန်း (၂၀) ကျပ် x (၁၂) ယူနစ် = ရောင်းရငွေ ၂၄၀ ကျပ် ]၊ ဈေးနှုန်း (၁၀) ကျပ်တွင် ရောင်းရငွေမှာ (၁၄၀) ကျပ် [ ဈေးနှုန်း (၁၀) ကျပ် x (၁၄) ယူနစ် = ရောင်းရငွေ ၁၄၀ ကျပ် ] စသဖြင့် တွက်ချက်ရရှိနိုင်သည်။ ဈေးနှုန်းသည် (၃၀) ကျပ်မှ (၂၀) ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသော အရေအတွက်သည် (၁၀) ယူနစ်မှ (၁၂) ယူနစ်သို့ တိုးလာပြီး ရောင်းရငွေမှာ (၃၀၀) ကျပ်မှ (၂၄၀) ကျပ်သို့ လျော့သွားသည်။ ဈေးနှုန်း၊ ရောင်းရငွေနှင့် ဝယ်လိုအားအလျော့အတင်း၏ ဆက်စပ်မှုအရ ဈေးနှုန်းကျဆင်း၍ ဝယ်ယူသည့်အရေအတွက် တိုးလာသော်လည်း ရောင်းရငွေကျဆင်းသွားသဖြင့် ဝယ်လိုအား အလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည်။ ဝယ်ယူသည့်အရေအတွက် တိုးခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားပိုနည်းသောကြောင့် ရောင်းရငွေ လျော့နည်းသွားခြင်း ဖြစ်သည်။ အလားတူပင် ဈေးနှုန်းသည် (၂၀)ကျပ်မှ (၁၀)ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသည့် အရေအတွက် တိုးလာသော်လည်း ရောင်းရငွေကျဆင်းသွားသဖြင့် ဝယ်လိုအားအလျော့အတင်း နည်းသည်ဟု သုံးသပ်နိုင်သည်။

( ခ ) အခန်း(၂) 'ထုတ်လုပ်မှုသီအိုရီ'တွင် စုစုပေါင်းထုတ်ကုန်၊ ပျမ်းမျှထုတ်ကုန်နှင့် အစွန်းထွက်ထုတ်ကုန်ဆိုင်ရာမေးခွန်းမျိုးတွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ ထုတ်ကုန်များတွက်ချက်ပုံ၊ ထုတ်ကုန်မျဉ်းကွေးများရေးဆွဲပုံ၊ ထုတ်ကုန်မျဉ်းကွေးများ၏ ဆက်စပ်ပုံနှင့် ထုတ်လုပ်မှုအဆင့်များ ပိုင်းခြားသတ်မှတ်ပုံများကို သိရှိထားရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသော ကိန်းဂဏန်းအချက်အလက်များအရ တွက်ချက်ရရှိသော ထုတ်ကုန်အရေအတွက်များကို ဇယားတွင် ဖြည့်စွက်ဖြေဆိုရပါသည်။

( ဂ ) အခန်း(၃) 'စရိတ်သီအိုရီ'တွင် စုစုပေါင်းစရိတ်၊ ပျမ်းမျှစရိတ်နှင့် အစွန်းထွက်စရိတ်ဆိုင်ရာမေးခွန်းမျိုးတွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ စရိတ်အမျိုးမျိုးတွက်ချက်ပုံ၊ စရိတ်မျဉ်းကွေးများရေးဆွဲပုံနှင့် စရိတ်မျဉ်းကွေးများဆက်စပ်ပုံတို့ကို လေ့လာသိရှိထားရန်လိုအပ်သည်။ တွက်ချက်ရာတွင် ပုံသေစရိတ်နှင့် စရိတ်ရှင်သဘောကိုလည်း သိရှိနားလည်ရန်လိုအပ်ပါသည်။ ဥပမာ– မေးခွန်းတွင် ကုန်ထွက်အသီးသီးရှိ စုစုပေါင်း စရိတ်များကို ပေးထားပါက ကုန်ထွက်သုညရှိ စုစုပေါင်းစရိတ်သည် ပုံသေစရိတ်ဖြစ်ကြောင်း၊ ပုံသေစရိတ်သည် ကုန်ထွက်အဆင့်တိုင်းအတွက် အတူတူပင်ဖြစ်ကြောင်း၊ စုစုပေါင်းစရိတ်မှ ပုံသေစရိတ်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းစရိတ်ရှင်ကိုရရှိနိုင်ကြောင်း သိရှိရန်လိုသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသော ကိန်းဂဏန်း အချက်အလက်များအရ တွက်ချက်ရရှိသောစရိတ်များကို ဇယားတွင် ဖြည့်စွက်ဖြေဆိုရပါမည်။

(ဃ) အခန်း(၇) 'စီးပွားရေးတိုးတက်မှု' တွင် အမှန် GDP တန်ဖိုးများမှ စီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့်သုံးသပ်ပုံ၊ အချိန်ကာလတစ်ခုအတွက် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့်သုံးသပ်ပုံ၊ GDP ကျုံ့ကိန်းတွက်ချက်ပုံ၊ GDP ကျုံ့ကိန်းမှ ဈေးဆနှုန်းကိန်းတွက်ချက်ပုံ၊ GDP ဈေးဆနှုန်းကိန်းမှ ငွေဖောင်းပွမှုနှုန်းတွက်ချက်ပုံနှင့် သုံးသပ်ပုံများကိုလေ့လာထားရန် လိုအပ်သည်။ တွက်ချက်ရာတွင် အသုံးပြုသော ပုံသေနည်းများကို ဦးစွာဖော်ပြရမည်။ ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ရာတွင် တွက်ချက်လိုသော လက်ရှိနှစ်နှင့် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်အကြား ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ခြင်းဖြစ်သည်။

ငွေဖောင်းပွမှုနှုန်းတွက်ချက်သောပုံသေနည်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း} - \text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}} \times \text{၁၀၀}$$

ဥပမာ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်၍ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ရာတွင် ၂၀၁၅ ခုနှစ်သည် တွက်ချက်လိုသောလက်ရှိနှစ်ဖြစ်ပြီး ၂၀၁၄ ခုနှစ်သည် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်ဖြစ်သည်။ သို့ဖြစ်၍

၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ဈေးဆနှုန်းကိန်း} - \text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}} \times \text{၁၀၀ ဖြစ်သည်။}$$

အကယ်၍ နှစ်အလိုက်ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့် နှိုင်းယှဉ်၍ တွက်ချက်ပါဟု ဖော်ပြထားပါက ပုံသေနည်းတွင် လွန်ခဲ့သောနှစ်နေရာ၌ အခြေခံနှစ်ကို ထည့်သွင်းတွက်ချက်ရမည်။

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း} - \text{အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း}} \times \text{၁၀၀}$$

ဥပမာ ၂၀၁၀ ပြည့်နှစ်သည် အခြေခံနှစ်ဖြစ်သည်ဆိုပါစို့။ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့်နှိုင်းယှဉ်တွက်ချက်လိုလျှင်

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း} - \text{၂၀၁၀၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၀ ၏ ဈေးဆနှုန်းကိန်း}} \times \text{၁၀၀ ဖြစ်သည်။}$$

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် သင်ခန်းစာများအား နှံ့စပ်စွာနားလည်တတ်မြောက်စေမှုကို ရည်ရွယ်ခြင်းဖြစ်ရာ သင်ခန်းစာများအား နှံ့စပ်စွာ လေ့လာထားရန် လိုအပ်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းနှင့် တွက်ချက်သုံးသပ်မှု မေးခွန်းများကို ဖြေဆိုနိုင်ပါက အောင်မှတ်ရရှိနိုင်သော်လည်း အခန်းရွေးချယ်၍ အလွတ်ကျက်မှတ်ဖြေဆိုခြင်းဖြင့် ဂုဏ်ထူးမှတ်ရရှိရန် လွယ်ကူမည် မဟုတ်ကြောင်း သတိပြုစေလိုပါသည်။

ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအားလုံး ထူးချွန်စွာ အောင်မြင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။

## သဲကုန်းမြို့နယ်အတွင်း မိုးစပါး စံကွက်ရိတ်သိမ်းခြင်းဆောင်ရွက်

သဲကုန်း အောက်တိုဘာ ၁၄

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်း မိုးစပါးအထွက်နှုန်းကောင်းစေရန် မျိုးကောင်းမျိုးသန့်စပါးမျိုးများ စိုက်ပျိုးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ကန်နှစ်ဆင့်ကျေးရွာ တောင်သူဦးကျော်ဝင်းစိန်၏ ထိုင်းနံ့ကောက်မိုးစပါး ငါးဧကတွင် စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကတွင် အစိုပျမ်းမျှ တင်း ၁၁၀ ထွက်ရှိသည်။



အဆိုပါ စံကွက်ရိတ်သိမ်းရာတွင် ခရိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် သက်ဆိုင်ရာမြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများက ၆၆ ပေပတ်လည် သုည ဒသမ ၁၀ ဧက စံကွက်အား ရိတ်သိမ်းခဲ့ကြသည်။

သဲကုန်းမြို့နယ်အတွင်း ယခုနှစ်မိုးစပါးစိုက်ပျိုးဧကပေါင်း ၈၂၆၁၀ လျာထားစိုက်ပျိုးထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကွန်ဟိန်းမြို့ လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်း ပြုလုပ်

ကွန်ဟိန်း အောက်တိုဘာ ၁၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်၌ ဝန်ထမ်းများ စာဖတ်သည့် အလေ့အကျင့်များ ရရှိစေရန်နှင့် ရုံးလုပ်ငန်းများ ပိုမိုသိရှိလိုက်နာ ဆောင်ရွက်ကြစေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့ မွန်းလွဲ ၃ နာရီက Digital Library Management System ( DLMS) အသုံးပြုနည်းစာအုပ်ဖြင့် စာဖတ်ဝိုင်းပြုလုပ် ဆွေးနွေးခဲ့ကြောင်း သိရသည်။




ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ရဲထွေးက စာဖတ်ဝိုင်း ပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး Digital Library Management System(DLMS)အသုံးပြုနည်း စာအုပ်ပါ စာကြည့်တိုက်ဆိုင်ရာ လုပ်ငန်းစဉ်များကို တက်ရောက်လာသည့် ဝန်ထမ်းများက အလှည့်ကျ ဖတ်ကြားခြင်း၊ ရှင်းလင်း ဆွေးနွေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၀) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း(၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄) ခရိုင်၌ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတတ်ပညာများ တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်း(၃၄)ကျောင်း ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂၀၂၄–၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အဆိုပါအခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာစသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့်အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။




**(၁) အခြေခံပညာအထက်တန်းဆင့်**

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

**(၂) စက်မှုနည်းပညာ**

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့်အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၆)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄)နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည် ဖြစ်ပါသည်။

**(၃) စိုက်ပျိုးရေးအတတ်ပညာ**

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science)(၅) နှစ်သင်တန်းကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃) နှစ်သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည် ဖြစ်ပါသည်။

**(၄) မွေးမြူရေးအတတ်ပညာ**

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆) နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄) နှစ်သင်တန်းများကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) (၃) နှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည် ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

**၂၀၂၄–၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့်**
**စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်း (၃၄)ကျောင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံးစိုက်ရာမြို့ | ကျောင်းတည်ရှိရာမြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက–ဒုတ္တန် |
| ၂ | စစ်ကိုင်း | ၂ | ခန္တီး | ခန္တီး | ခန္တီး | အထက–ဆင်သေ |
| | | ၃ | ဟုမ္မလင်း | ဟုမ္မလင်း | ဟုမ္မလင်း | အထက(၁)၊ဟုမ္မလင်း |

စာမျက်နှာ ၁၉ သို့ ✧

✧ စာမျက်နှာ ၁၈ မှ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံးစိုက်ရာမြို့ | ကျောင်းတည်ရှိရာမြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၃ | တနင်္သာရီ | ၄ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂)၊ ကော့သောင်း |
| ၄ | ပဲခူး(အရှေ့) | ၅ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက-ပဲနွယ်ကုန်း |
| ၅ | ပဲခူး (အနောက်) | ၆ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက-သဲကုန်း |
| ၆ | မကွေး | ၇ | ချောက် | ချောက် | ချောက် | အထက-ဝွေးချို |
| ၇ | မန္တလေး | ၈ | မဟာအောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၉ | အမရပူရ | အမရပူရ | အမရပူရ | အထက-ပလစ(၂) |
| | | ၁၀ | တံတားဦး | တံတားဦး | တံတားဦး | အထက-တံတားဦး |
| | | ၁၁ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| ၈ | မွန် | ၁၂ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက-ရွာလွတ်၊ ချောင်းဆုံ |
| ၉ | ရခိုင် | ၁၃ | မြောက်ဦး | မြောက်ဦး | မြောက်ဦး | အထက(၁)၊ မြောက်ဦး |
| | | ၁၄ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၅ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၁၀ | ရန်ကုန် | ၁၆ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၇ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက - တိုက်ကြီး |
| | | ၁၈ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၉ | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | အထက-သုဝဏ္ဏ |
| | | ၂၀ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၁ | သန်လျင် | သန်လျင် | သန်လျင် | အထက - ဖားကူး |
| | | ၂၂ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |
| ၁၁ | ရှမ်း(တောင်) | ၂၃ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၄ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁)ပင်လုံ |
| | | ၂၅ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတပ် |
| ၁၂ | ရှမ်း (မြောက်) | ၂၆ | ကွတ်ခိုင် | ကွတ်ခိုင် | ကွတ်ခိုင် | အထက(၁)၊ ကွတ်ခိုင် |
| ၁၃ | ရှမ်း(ရှေ့) | ၂၇ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၈ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက-နားကောင်းမူး |
| ၁၄ | ဧရာဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂)၊ ကျုံပျော် |
| | | ၃၀ | ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ | အထက-နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက-ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၅ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက-ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက-MRTV |



## ဟားခါးပြည်သူ့ဆေးရုံကြီးမှ လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ဟားခါး အောက်တိုဘာ ၁၄**

ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်နှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့ နံနက်ပိုင်းက ဟားခါးမြို့ စစ်ဗျူဟာအခြေချ (ဟားခါး)မှ အရာရှိ၊ စစ်သည်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ ဟားခါးပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုအားပေးသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်က ဟားခါးပြည်သူ့ဆေးရုံအုပ်ကြီး၊ ကျန်းမာရေး ဝန်ထမ်းများနှင့် ဟားခါး ပြည်သူ့ဆေးရုံကြီးတွင် တွဲဖက် တာဝန်ထမ်းဆောင်နေကြသော တပ်မတော်ဆရာဝန်ကြီးများအား တွေ့ဆုံအားပေး စကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဟားခါးပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေသော လူနာများအား သွားရောက်ကြည့်ရှု၍ အားပေးစကား ပြောကြားပြီး လူနာများအား တစ်ဦးချင်း ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**✪ ပေါ်တူဂီအသင်းမှ**

ပြင်သစ်အသင်းကတော့ အုပ်စု(B)ရဲ့ အုပ်စုအဆင့် ခြေစစ်ပွဲမြောက်ပွဲစဉ်မှာ နယ်သာလန်အသင်းနဲ့ ကစားခဲ့ရပြီး နယ်သာလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့လို့ ရမှတ် ၁၈ မှတ်နဲ့ ခြေစစ်ပွဲအောင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ပြင်သစ်အသင်းက တိုက်စစ်မှူး အမ်ဘတ်ပီရဲ့သွင်းဂိုး နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အမ်ဘတ်ပီဟာ အခုဘောလုံးရာသီမှာ ကလပ်အသင်းနဲ့ နိုင်ငံအသင်းအတွက် ပွဲစဉ် ၁၀ ပွဲမှာ သွင်းဂိုး ၁၀ ဂိုး သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ဘယ်လ်ဂျီယံအသင်းဟာ အုပ်စု(F)ရဲ့ အုပ်စုအဆင့်ခြေစစ်ပွဲမြောက်အဖြစ် ဩစတြီးယားအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး ဩစတြီးယားအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့လို့ ရမှတ် ၁၆ မှတ်နဲ့ ယူရို ၂၀၂၄ ခြေစစ်ပွဲအောင်ခဲ့တာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ပေါ်တူဂီအသင်း၊ ပြင်သစ်အသင်းနဲ့ ဘယ်လ်ဂျီယံအသင်းတို့ဟာ အိမ်ရှင်ဂျာမနီအသင်းနဲ့အတူ ယူရို ၂၀၂၄ ပြိုင်ပွဲခြေစစ်ပွဲအောင်ခဲ့ပြီဖြစ်ပြီး အောက်တိုဘာ ၁၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ခြေစစ်ပွဲစဉ်တွေမှာတော့ ဂရိအသင်းက အိုင်ယာလန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အဇာဘိုင်ဂျန်အသင်းက အက်စ်တိုးနီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဘော့စနီးယားအသင်းက လီချန်စတိန်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အိုက်စ်လန်အသင်းနဲ့ လူဇင်ဘတ်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

**❍ ကမ္ဘာ့ဖလားမှ**

Macau Olympic Complex ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၁၂ ရက်က ယှဉ်ပြိုင်ကစားသည့် ပထမအကျော့ပွဲတွင် ငါးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရထားသဖြင့် နောက်တစ်ဆင့်တက်ရောက်ရန် အခြေအနေကောင်းနေသည်။

ပထမအကျော့ကစားခဲ့သည့် ခြေစွမ်း၊ မြန်မာအသင်းနှင့် မကာအိုအသင်းကြား ခြေစွမ်းကွာဟမှုများကြောင့် မြန်မာအသင်းအနေဖြင့် ဒုတိယအကျော့တွင်လည်း ရလဒ်ကောင်းရယူနိုင်ဖွယ်ရှိနေသည်။ မြန်မာအသင်းသည် နှစ်ပေါင်းများစွာ မရရှိသည့် ငါးဂိုးနှင့်အထက် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် မကာအိုအသင်းကို ကျော်ဖြတ်နိုင်ပါက ဒုတိယအဆင့် တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ဒုတိယအဆင့်တွင် အုပ်စု (B)၌ ဂျပန်၊ ဆီးရီးယား၊ မြောက်ကိုရီးယားတို့နှင့် တစ်အုပ်စုတည်း ကျရောက်မည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-သော်ကြီး**

**ဒုဋ္ဌဝတီမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်**

**နေပြည်တော် အောက်တိုဘာ ၁၄**


ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့် (၇၂ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

ဝတ္ထုတို

## ■ ကိုရွှေတောသား(ဆင်ကူး)




(၁)

"နွယ် ငါ ငါနင့်ကိုချစ်တယ် တကယ်ပြောတာပါဟာ''

ရုတ်တရက်ပြောလိုက်သည့်ကျွန်တော့်စကားကြောင့် နွယ်တစ်ယောက် အံ့သြသွား၏။ ခေတ္တမျှ ငြိမ်သက်သွားသည်။ ကျွန်တော့်ကို စိုက်ကြည့်ပြီး နွယ်က အကဲခတ်နေပုံရသည်။ ခဏကြာတော့ မျက်နှာတစ်ဖက်သို့ လွှဲသွားပြီး ခိုးခိုးခစ်ခစ် လှောင်ရယ်ရယ်သည်။

" ဖိုးအောင်ရယ် နင်ဘာတွေလာပြောနေတာလဲ နင် ငါ့အကြောင်း မသိတာလဲ မဟုတ်ဘဲနဲ့''

နွယ့်ရင်ထဲကရှိသည့်အတိုင်း ထွက်ကျလာသည့်စကားတွေမှန်း ကျွန်တော်သိပါ၏။ နွယ့်ဘက်က ကျွန်တော့်ကို ပြန်မချစ်နိုင်မှန်း ကျွန်တော်သိ၏။ သို့သော် ကျွန်တော့်အတွက် အံ့ပုန်းတမြည့်မြည့် ရင်ထဲသိုမှီးထားရသည်ထက် ရင်ဖွင့်ပြလိုက်ခြင်းက သက်သာရာရလေမလားဟူသော၊ ရူးမူးသည့်အတွေးတွေဖြင့် ပြောမိခြင်းဖြစ်သည်။

"ဘာဖြစ်လို့လဲ နွယ် ဘာလဲ နင် ရည်းစားတွေ အများကြီးထားတာ ငါသိနေလို့လား"

ကျွန်တော် တမင်သက်သက်မေးလိုက်ခြင်းဖြစ်သည်။

"ငါ ငါရည်းစားတွေ အများကြီးထားတာ ထားချင်လို့ထားခဲ့တာ မဟုတ်ဘူး။ အချို့ကို သနားလို့ ခဏတွဲပေးခဲ့တာ၊ အချို့ကိုကျတော့ အမြင်ကပ်လို့၊ အသည်းခွဲချင်လို့ ဟန်ဆောင်တွဲခဲ့တာ ဒါပေမဲ့"

စကားစကို ဆက်မပြောဘဲရပ်ထားပြီး ကန်ရေပြင်ထက်က ကြာပန်းတွေဆီ ငေးကြည့်နေသည်။

"ဆက်ပြောဦးလေ နွယ်''

ကျွန်တော့်မေးခွန်း၌ အသက်မပါလှ။ သူ့ရှေ့၌ ကိုယ့်ကိုယ်ကိုယ် ပြိုလဲမကျစေဖို့ရာ ဟန်ဆောင်ထားရသည်။

"အချို့ကိုတော့ ငါကိုယ်တိုင်က တကယ်ချစ်ခဲ့မိတာ၊ ထားပါတော့ဟာ ငါဒါတွေ မပြောချင်တော့ဘူး''

"ငါ့ကိုကျတော့ရော ဘယ်လိုကြောင့်"

ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်မှုကင်းမဲ့စွာပင် မေးလိုက်မိသည်။ သူ့ထံမှ ထွက်ကျလာမည့် အဖြေစကားကို ရင်ခုန်လှိုက်မောစွာ စောင့်စားနေမိသည်။

"ငါ နင့်ကို သနားတော့ သနားပါတယ် ဖိုးအောင်ရယ်၊ ဒါပေမဲ့ ငါနင့်ကို ပြန်ပြီး မချစ်နိုင်တာကိုတော့ ငါ့ကိုခွင့်လွှတ်ပေးပါဟာ၊ တကယ်တော့ နင်က ငါမငြင်းသင့်တဲ့လူတစ်ယောက်ပါဟာ။ ငါကိုယ်တိုင်က ရည်မှန်းထားတဲ့ ရည်ရွယ်ချက်အတိုင်း သွားချင်သေးတာ။ ဘာပဲဖြစ်ဖြစ်ပါ နင်ငါ့ကို မေ့လိုက်ပါ ဖိုးအောင်ရယ် ငါစိတ်မကောင်းပါဘူး ကဲ ငါသွားတော့မယ်"

ပြောပြောဆိုဆို လှစ်ခနဲပြေးထွက်သွားသည့် နွယ်၏ကျောပြင်ကို ကျွန်တော် ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

(၂)

"ဟေ့ကောင် စိုင်းနောင်ကြီး''

"ဟ ဖိုးအောင်ပါလား''

"မင်းဘယ်ကနေဘယ်လို ဒီကိုရောက်"

အမှတ်မထင်ဘဲ ကျောင်းနေဘက် ငယ်သူငယ်ချင်းနှင့် အလုပ်ဆိုက်တစ်ဆိုက်တွင်ဆုံသည်။ အားရဝမ်းသာ နှုတ်ဆက်ကြသည်။ တစ်ယောက်နှင့် တစ်ယောက် မတွေ့ရသည်မှာ ကြာနေပေမယ့် စိုင်းနောင်က ငယ်ရုပ်မပျောက်။ အရင်တုန်းကအတိုင်း ဖော်ဖော်ရွေရွေရှိသည်။

"ငါဒီကို ရောက်နေတာကြာပြီကွ''

"ဟေ"

"အခုဆို သုံးနှစ်တောင် ပြည့်တော့မယ်''

နှစ်ယောက်သား စကားတွေဖောင်ဖွဲ့ကာ ပြောကြသည်။ ရောက်တတ်ရာရာ ပြောကြသည်။ ရှေးဟောင်း နှောင်းဖြစ်တွေ ပြောကြရင်း နွယ့်အကြောင်းတွေပါ၊ ပါလာသည်။

"ဖိုးအောင် မင်းကြားပြီးပြီလား နွယ့်အကြောင်း''

စိုင်းနောင်၏အမေးကို ကျွန်တော် ခေါင်းခါပြီး ဖြေလိုက်သည်။

"နွယ်က အိမ်ထောင်ရေးကံမကောင်းပါဘူး ဖိုးအောင်ရာ''

"……''

ကျွန်တော် ဘာစကားမှ ပြန်မပြောနိုင်စွာ၊ စိုင်းနောင်၏စကားကို ပုစ္ဆာတစ်ပုဒ်နှယ် စဉ်းစားနေမိသည်။

"နွယ့်ကို ဟိုးတုန်းက ရည်းစားပဲများတယ်လို့ ငါကထင်ခဲ့မိတာ၊ အခုနွယ်က အိမ်ထောင်ဆက်လည်း များတယ် ဖိုးအောင် ပြီးတော့ တခြား အယ်''

"ဟင်....''

အံ့သြမှုများကြောင့် ရုတ်တရက် စိုင်းနောင်၏မျက်နှာကို ကျွန်တော်အလန့်တကြား ကြည့်မိသည်။ စိုင်းနောင်သည် မဟုတ်မမှန်သည့်စကားမျိုး၊ ဘယ်ခါမှ မပြောခဲ့။ တည်ကြည်အေးဆေးစွာ ပြောနေသည့် စိုင်းနောင်၏စကားက ကျွန်တော့်နားထဲ အဝင်ဆိုးနေတော့သည်။

" နွယ်က သူ့မာနကြောင့် ဒုက္ခရောက်နေတာ၊ အစကတည်းက အချစ်ဆိုတဲ့အရာကို ကစားစရာတစ်ခုလို သူကစားခဲ့တယ်၊ အခုလည်း အိမ်ထောင်ရေးလောကထဲ သူကစားနေလေရော့သလား ငါတွေးမိတယ် ဖိုးအောင်ရာ''

"ဟေ''

"ငါကတော့ နွယ့်ကိုနားမလည်တော့ဘူး စိုင်းနောင်ရေ''

"ဟုတ်တယ် ငါလည်း နွယ့်ကို နားမလည်နိုင်တော့ဘူး၊ နွယ်နဲ့ပတ်သက်ပြီး အခုလိုပြောရတာ ငါစိတ်မကောင်းပါဘူး ဖိုးအောင်ရာ၊ ငါတောင်ငယ်သူငယ်ချင်းတစ်ယောက်အနေနဲ့ ဒီလောက်စိတ်မကောင်းဖြစ်ရတာ မင်းဆိုရင် ပိုပြီးခံစားရမယ်မှန်းငါသိပါတယ်ကွာ''

"ငါ နွယ်နဲ့တွေ့ချင်လိုက်တာ စိုင်းနောင်ရာ''

ကျွန်တော့်စကားကြောင့် စိုင်းနောင်က ကျွန်တော့်ကို နားမလည်နိုင်သည့်ဟန်ကြည့်သည်။

" ငါနွယ့်ကို မေ့တာမပျက်ပါဘူး စိုင်းနောင်ရာ ဖြစ်နိုင်ရင်''

"..ဟာ''

စိုင်းနောင်က တစ်ခုခုပြောချင်ပေမယ့် မပြောဘဲ စကားကို တန့်လိုက်သည်။

"နွယ်သာ ငါ့စကားနားထောင်ခဲ့ရင်"

"အေးပါကွာ မင်းလည်းမင်းခံစားမှုနဲ့ မင်းကိုး ငါဘာမှမပြောလိုတော့ပါဘူး ဒါပေမဲ့ နွယ်ကအရင်တုန်းက နွယ်မဟုတ်တော့ဘူး အခုနွယ်က ဟို ဟို''

"ဘာလဲစိုင်းနောင် နှစ်ခုလပ် သုံးခုလပ်မလေးဖြစ်နေပြီလို့ မင်းပြောချင်တာလား'

"ဒီထက်မကကို ပြောချင်တာ ဒါပေမဲ့ သူငယ်ချင်းသံယောဇဉ်ကြောင့် ငါမပြောရက်ဘူး''

"မင်းပြောချင်တာ ငါသိပါတယ်၊ ဒါပေမဲ့ ငါ နွယ့်ကို ချစ်တာပိုင်ဆိုင်ခွင့်ရဖို့ ချည်းသက်သက် ချစ်ခဲ့တာ မဟုတ်ဘူး မပိုင်ဆိုင်ရလည်းချစ်နေခဲ့တာ၊ အဓိက နွယ်စိတ်ချမ်းသာတာ နွယ်ပျော်တာကို ကြည့်ပြီး ငါကျေနပ်ခဲ့တာ၊ အခုလို နွယ်တစ်ယောက် ဒုက္ခရောက်နေတာဆိုတော့ ငါဘယ်လိုလုပ်ပြီးတော့ နေစိမ့်နိုင်တော့မှာလဲ စိုင်းနောင်ရာ''

ထိုနေ့က စိုင်းနောင်နှင့် ကျွန်တော် နွယ့်အကြောင်းတွေ တခုပ်တရပြောရင်း အချိန်ကုန်ခဲ့ကြ၏။ ထိုအချိန်ကစပြီး ကျွန်တော့်စိတ်ထဲ မေ့မေ့လျော့လျော့မရှိနိုင်သေးသည့်နွယ် ခပ်အေးအေးနေခွင့်ရခဲ့သော နွယ်နှင့်ပတ်သက်သည့်ခံစားမှုများပင် တရေးနိုးထကာ ဆူပွက်ပူလောင်လာတော့သည်။

(၃)

မွေးရပ်မြေကို ရောက်ရောက်ချင်းပင် နွယ့်အကြောင်းကို အရင်ဆုံး စုံစမ်းမိသည်။ ကြာကြာမရှာလိုက်ရ၊ နွယ်ရှိသည့်နေရာသို့ ကျွန်တော်သိလိုက်ရသည်။ သိသိချင်း ကျွန်တော် နွယ့်ဆီကို ရောက်ဖြစ်သည်။ နွယ်၏အိမ်ကလေးကို မြင်မြင်ချင်း ကျွန်တော့်ရင်ထဲ မွန်းကျပ်စွာခံစားရသည်။ ကျွန်တော့်ကိုမြင်တော့ နွယ်က ရှက်ရွံ့သိမ်ငယ်နေသည့်နှယ် မဝံ့မရဲကြည့်သည်။ အရိုးပေါ်အရေတင်ဖြစ်နေသည့် ခန္ဓာကိုယ်ကို အားယူပြီးရုန်းထသည်။ နွယ့်ပါးစပ်တွေ လှုပ်ခါနေသည့်တိုင် အသံသည် ထွက်မလာ။ ပါးပြင်ထက်မှာတော့ မျက်ရည်တွေ စီးဆင်းပြီး ကျလာသည်။

"ဖြစ်မှဖြစ်ရလေ နွယ်ရယ်"

တီးတိုးရေရွတ်မိသည့် ကျွန်တော့်အသံတွေသည်လည်း နှုတ်ဖျားမှာပင် ကွယ်ပျောက်ကုန်သည်။ နွယ်သည် ကံဆိုးလှ၏။ ငယ်ငယ်လေးတည်းကပင် အထီးကျန်ခဲ့သည်။ နွယ်၌ မိဘဆွေမျိုးဟူ၍မရှိ။ တစ်ကောင်ကြွက်တစ်မျက်နှာ။ ပိုင်ဆိုင်မှု စည်းစိမ်ဥစ္စာဟူ၍မရှိ။ သို့သော် နွယ်သည် အလှမာန် တက်ခဲ့သည်။ နွယ်ပြောဖူးသည့် စကားတစ်ခွန်းကို ကျွန်တော်မှတ်မိနေသည်။

"ဟဲ့ ဖိုးအောင် နင်မကြားဖူးဘူးလား တို့တွေ ယဉ်ကျေးလိမ္မာသင်တန်းတုန်းက သင်ခဲ့ရတယ်လေဟယ် ဓမ္မပဒစာစဉ်မှာလေ မိန်းမတို့၏ဥစ္စာစည်းစိမ်သည်ကား အလှပရူပကာတဲ့လေ၊ အခုနင့်အမြင်ပဲ မဟုတ်လား။ ငါကလှတော့ ငါ့ကိုလိုချင်ကြတဲ့သူတွေမှအများကြီး ဆရာဝန်ကို ယူမလား၊ ကျောင်းဆရာကို ယူမလား၊ သူဌေးသားကို ယူမလား ခေါင်းခေါက်ပြီး ရွေးချင်တာရွေးလို့ရတယ်။ အဲဒါကြောင့် ငါ့က သူဌေးမကြီးလုပ်ရင်ကောင်းမလား၊ ဆရာဝန်ကတော် လုပ်ရင်ကောင်းမလား စဉ်းစားရတောင်ခက်တယ်ဟ 'ဟင်း.... ဟင်း...' ဟူသည့် နွယ်ပြောသည့်စကား၊ နွယ့်ရယ်သံတွေကို ကျွန်တော်ကြားယောင်မိသည်။

"ဖိုးအောင်"

အသံသည် တိုးတိုးလေးသာ၊ သို့သော်သည်အသံလေးထွက်ဖို့အတွက် နွယ့်မှာ အားအင်ချည့်နဲ့ ပင်ပန်းနေသည်။ ထရံကို ကျောမှီပြီးထိုင်သည်။ နွယ့်ကိုကြည့်ပြီး ကျွန်တော့်ရင်ထဲ စို့နင့်လာသည်။ ထိန်းချုပ်ထားရက်နှင့်ပင် မျက်ရည်တွေစီးကျလာရသည်။ နွယ့်အိမ်ကို မရောက်မီ ရွာထဲက လူတစ်ယောက်ပြောသည့် စကားကို ကြားယောင်မိပြန်သည်။

"နွယ်နွယ်ဝင်းအိမ်ဟုတ်လား ငါ့ညီနဲ့ ဘာတော်လို့လဲ၊ ဘာကိစ္စသွားမှာလဲ ဟိုကိစ္စဒီကိစ္စအတွက်ဆိုရင်တော့ အခြားနေရာကိုသာသွားပါ ငါ့ညီရာ၊ ငါ့ညီပြောတဲ့ နွယ်နွယ်ဝင်းက အရင်တုန်းကလိုမဟုတ်တော့ဘူး၊ အေအိုင်ဒီအက်ရောဂါကို အလူးအလဲခံစားနေရပြီး ဒီနေ့လား မနက်ဖြန်လားနဲ့ ဘဝနောက်ဆုံးအချိန်ကို ရောက်နေပြီ ညီလေးရ''

"ဗျာ"

"ကိုယ့်ဘဝကို တန်ဖိုးမထားဘဲ ရုပ်ကလေးဗန်းပြပြီး လုပ်စားခဲ့သမျှ ပြန်ခံနေရပြီ ညီရေ''

နွယ့်ကိုကြည့်ပြီး ကျွန်တော်ဝမ်းနည်းစွာ ငိုမိသည်။ နွယ်လည်း ငိုနေသည်။ ငိုရင်းပင် နွယ့်အတွက် တွေးနေမိသည်။

"နွယ် ငါဘာလုပ်ပေးရမလဲ နင်ဘာလိုအပ်လဲ ငါ့ကိုပြော''

နွယ်က ခေါင်းခါသည်။ ခြေဟန်လက်ဟန်ဖြင့် ကျွန်တော့်ကို သူ့အနားတိုးခိုင်းပြီး တိုးတိုးကလေး ပြောသည်။

"ဖိုးအောင် ငါနင့်အကြောင်းတွေကြားပါတယ်၊ ပြီးတော့ ငါနင့်အတွက် ဂုဏ်ယူတယ်သိလား၊ ဘာမှမရှိတဲ့ ဘဝကနေ ကိုယ်ပိုင်အိမ်တွေ၊ ခြံတွေ၊ ကိုယ်ပိုင်လုပ်ငန်းတွေ ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားနိုင်တဲ့ နင့်ရဲ့စိတ်ဓာတ်ကို ငါလေးစားတယ်၊ ငါ့နင့်ကို တစ်ချိန်က အထင်သေးခဲ့မိတယ်ဟယ် အဲဒီအတွက် ငါနင့်ကို တောင်းပန်ပါတယ် ဖိုးအောင်ရယ်''

"အေးပါ ရပါတယ် နွယ်ရဲ့ ဒါတွေ ပြောမနေပါနဲ့တော့ နင်မောနေပါ့မယ်"

" နင့်ကို ငါချစ်နေရက်နဲ့ နင့်အချစ်ကို လက်ခံလိုက်ရင် ငါဆင်းရဲမှာပဲဆိုပြီး နင့်အချစ်ကို တမင်သက်သက် ငါငြင်းခဲ့မိတယ် ငါ့ကိုခွင့်လွှတ်ပေးပါဟာ"

"အဲဒါတွေ မလိုပါဘူး နွယ်ရဲ့ ငါ ဘယ်လိုမှ သဘောမထားပါဘူး ငါနင့်ကို ခွင့်လွှတ်ပြီးသားပါဟာ''

"ငါ ငါအမှားကြီးမှားခဲ့တယ် ဖိုးအောင်ရယ်၊ ငွေရှိရင်အရာရာပြည့်စုံမယ်အထင်နဲ့ ငါငွေနောက်ကို လိုက်ခဲ့မိတာ အခုတော့ ငါ့မိုက်ပြစ်နဲ့ငါ ဒုက္ခရောက်နေပြီလေ''

"အဲဒါတွေ ပြောမနေပါနဲ့တော့ နွယ်ရာ ကဲ နင်အခုဘာဖြစ်ချင်လဲပြော ငါဘာလုပ်ပေးရမလဲ''

ကျွန်တော်မေးသည့်စကားကို နွယ်က တော်တော်နှင့်မဖြေ။ ကျွန်တော့်မျက်နှာကို စိုက်ကြည့်ပြီး တအိအိနှင့် ငိုသည်။ ကျွန်တော့်လက်တစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

"ဖိုးအောင် နင်ကူညီမယ်ဆိုရင် ငါတစ်ခုလောက် တောင်းဆိုချင်တယ်"

"ပြောပါနွယ် ပြောပါ ငါအတတ်နိုင်ဆုံး ဖြည့်ဆည်းပေးပါ့မယ်''

"ငါလေ ဘုန်းကြီးကျောင်းသွားပြီး ဘုန်းကြီးတွေကို သင်္ကန်းကပ်၊ ဆွမ်းကပ် အလှူလေးလုပ်ချင်တယ် ဒါငါ့ရဲ့နောက်ဆုံးဆန္ဒပါဟာ"

"ဟာ နွယ်ရယ် အဲလိုမပြောပါနဲ့ နိမိတ်မရှိနမာမရှိဟာ ကဲပါ နင်ဖြစ်ချင်တာ ငါလုပ်ပေးမယ်နော်''

နောင်တသည်နောက်ကျမှရတတ်၏။ နောင်တရမှ ကိုယ့်ကိုယ်ကိုယ် မှားမှန်းသိတတ်ကြသည်။ သို့သော် နှောင်းခဲ့သည့်အချိန်မှနောင်တရ၍ အမှားကိုပြုပြင်ဖို့ခက်ခဲသည်။ ရှေ့ဆက်မမှားဖို့သာ ပြင်ဆင်ခွင့်ရကြသည်။ နွယ်သည် သူ့အမှားကို သူသိသွားခဲ့သည်။ သို့သော် သူသိလိုက်သည့်အချိန်တွင် သူ့ဘဝသည် နောက်ဆုံးအချိန်သို့ရောက်နေသည်။ ပြင်ဆင်ခွင့်မရတော့သည့် သူ့အမှားအတွက် နောင်တတွေနှင့် အချိန်ကုန်ရတော့သည်။ နွယ်ဖြစ်ချင်သည့်ဆန္ဒကို၊ ကျွန်တော် ဖြည့်ဆည်းပေးခွင့်ရခဲ့သည်။ နွယ့်ဘဝကိုတော့ ကယ်တင်ခွင့်မရခဲ့။ ကျွန်တော် အသက်တမျှ ချစ်ရပါသောနွယ်က၊ ကျွန်တော်နှင့် လောကကြီးတစ်ခုလုံးကို စွန့်ခွာသွားခဲ့လေပြီ။

နွယ်နှင့်ပတ်သက်ပြီး ကျွန်တော့်ရင်ထဲမွန်းကျပ်စွာ ခံစားခဲ့ရသည်။ ကိုယ့်ကိုယ်ကိုယ်လည်း နောင်တရမိသည်။ နွယ့်လို နောင်တတရားတွေနှင့် ဘဝကို အဆုံးမသပ်စေချင်ပေ။ လိုချင်တပ်မက်မှုရှိသော မကောင်းသည့်စိတ်ကို ရှုံ့မုန်းမိသည်။ နွယ်၏နောက်ဆုံးအချိန်လေးကို အကောင်းဆုံးဖြည့်ဆည်းပေးရင်း ကျွန်တော့်ဘဝ ရှေ့ရေးကို ပြင်ဆင်ရတော့သည်။

ရခဲလှသည့်ဘဝကို တန်ဖိုးရှိရှိ အသုံးချဖို့ ဆုံးဖြတ်မိသည်။ ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာများကို ဘိုးဘွားရိပ်သာများနှင့် မိဘမဲ့ဂေဟာများသို့ လှူတန်းခဲ့သည်။ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် ကျွန်တော့်ဘဝ၏ နောက်ဆုံးအချိန်ကို အကျိုးရှိရှိ အသုံးပြုနိုင်ဖို့ စစ်ကိုင်းက တရားရိပ်သာ ကမ္မဋ္ဌာန်းကျောင်းများရှိရာသို့ဦးတည်ပြီး ကျွန်တော်သွားနေမိပါတော့သည်။ ။

## ဝါကျွတ်ချိန်ခါ

✳ ကြာမျိုးစုံတို့ပွင့်ကြရာ
တူရာသီရောက်လာ၊
“အသဝနီ”စန်းယှဉ်ပြ
ထူးမြတ်ပေသည်လေ။
✳ ဝါတွင်းကာလ နတ်ပြည်မှာ
ဘုရားကြွချီကာ၊
အဘိဓမ္မာတရားမြတ်
မွေးမိခင်ကိုဆပ်။
✳ ပြီးဆုံးအပ်လို့ လပြည့်ခါ
လူ့ရွာဆင်းသက်လာ၊
မီးရောင်စုံစွာ ထိန်သာလျှမ်း
ဘုရားရှင်ကိုမှန်း။
✳ ဝါကျွတ်ဆန်းစ အချိန်တွင်
စိတ်ဝယ်ပျော်လို့ရွှင်၊
မိုးတိမ်ကင်းစင် သီတင်းကျွတ်
မီးပုံးပျံတွေလွှတ်။
✳ မိဘဦးညွတ် ဘိုးဘွားထံ
ဝပ်တွားတောင်းပန်ပြန်၊
သုံးပါးကံရှိ အပြစ်များ
ခွင့်လွှတ်ပါစေသား
ရိုးရာအစဉ်လာများ။ ။

ကိုကြီး(ပန်းတောင်း)

## မေတ္တာဖြင့် အလှဆင်

✳ မေတ္တာရနံ့ သင်းပါစေ
လောကလူ့ကမ္ဘာမြေ၊
ပွားများပါလေ မေတ္တာများ
အေးချမ်းကြစေသား။
✳ ဗုဒ္ဓတရား ရင်ထဲမှာ
နှလုံးသွင်းထားကာ၊
အတ္တပယ်ပါ အမုန်းအငြိုး
မေတ္တာတွေသာတိုး။
✳ ဓမ္မစိုးမှ တို့နယ်ပယ်
သာယာအေးချမ်းမယ်၊
နှလုံးသားဝယ် ဘုရားတည်မှ
ရုပ်ဆင်းကြည်လင်လှ။
✳ စိတ်ထားနှလုံး ကောင်းပါစေ
ပြုံးပြင်နေထိုင်လေ၊
ကူညီကာနေ အများအကျိုး
ထမ်းရွက်ကာသယ်ပိုး၊
လောကအလှတိုး။ ။

မြင့်မိုရ်လင်း(ချောင်းဆုံ)

ဆောင်းပါး

# ချစ်ခြင်းမေတ္တာနှင့် ကိုယ်ချင်းစာတရား

■ ဇင်မင်းစိုး (ဗိုလ်ကလေး)

ကျွန်တော် ကျောင်းကနေ အိမ်ကို ပြန်လာသော လမ်းတွင် ခွေးတစ်ကောင်သည် ကျွန်တော့်ကို မြင်တိုင်း အမြဲဟောင်လေ့ရှိသည်။ နေ့စဉ်ရက်ဆက် တွေ့တိုင်းဟောင်သည့်အပြင်၊ ခွေးဟောင်တိုင်း လူတွေဝိုင်းကြည့်ကြသည်မို့ အမှန်အတိုင်းပြောရမည်ဆိုလျှင် ကျွန်တော်အလွန်ရှက်မိပါသည်။ အခြားသူတွေလာလျှင် မဟောင်ဘဲ ကျွန်တော့်ကိုပဲ မြင်သည်နှင့် ဟောင်သည်မို့ အခြားသူများ၏စိတ်ထဲတွင် တစ်မျိုးတစ်မည် တွေးထင်နိုင်လေသည်။

မိမိကပင် သူခိုးဂျပိုးလိုလို၊ သို့တည်းမဟုတ် တိရစ္ဆာန်များကို ရိုက်နှက်လေ့ရှိသူမို့ ထိုခွေးက အငြိုးအတေးမှတ်သားထားပြီး ဟောင်နေခြင်းဖြစ်သည်ဟု ထင်မှတ်သွားနိုင်လေသည်။ အမှန်တော့ ထိုသို့မဟုတ်ပါ။ အမှန်တကယ်ဆိုလျှင် ကျွန်တော်သည် တိရစ္ဆာန်ချစ်သူတစ်ဦးဖြစ်ပါသည်။ အိမ်တွင် ခွေးလေးများ၊ ကြောင်လေးများကို နေ့စဉ်အစာကျွေးမွေးနေပြီး ရိုက်နှက်ဖို့ဝေးစွ၊ မောင်းပင်မထုတ်ရက်ပေ။

မိမိကို အားကိုး၍လာနားတာပဲဟု တွေးကာ အချို့အားလပ်ရက်များတွင် သူတို့အတွက် ဈေးသွား၍ ကြက်ခေါင်း၊ ခြေထောက်များ၊ ငါးသန်သေးနုပ်လေးများ တကူးတကဝယ်ယူကာ ချက်ပြုတ်ကျွေးမွေးတတ်သေးသည်။ ထိုကဲ့သို့ ဖြူစင်သော စိတ်ကောင်းထားပါလျက် မိမိကိုမြင်တိုင်း အမြဲဟောင်လေ့ရှိသော ထိုခွေး၏အကြောင်းကို အထပ်ထပ်အခါခါ စဉ်းစားအဖြေထုတ်မိတော့မှ ရေးရေးမှတ်မိလေတော့သည်။

ကျွန်တော်တို့အိမ်တွင် အိမ်ကြက်လေးများ မွေးမြူထားလေသည်။ ညအခါတွင် အဆိုပါအိမ်ကြက်များအိပ်သော နေရာသို့လာ၍ ထိုခွေးက လာရောက်ဆွဲယူရာ တစ်ကြိမ်တွင် ကျွန်တော်နှင့် တိုး၍ ခြောက်လှန့်မောင်းထုတ်ရာမှ ရုတ်တရက် လန့်ပြီးဟောင်ကာ အဝေးသို့ထွက်ပြေးသွားပြီး အဝေးမှဟောင်နေလေတော့သည်။ ထိုအချိန်မှစ၍ ကျွန်တော့်ကိုတွေ့တိုင်း အမြဲဟောင်နေခြင်းဖြစ်မည်ဟု ထင်မှတ်ရလေသည်။

မည်သို့ပင်ဆိုစေ ကျွန်တော့်ကိုမြင်တိုင်း အမြဲဟောင်လေ့ရှိသော ထိုခွေးနှင့် ချစ်ကြည်ရေး တည်ဆောက်ရန် ကျွန်တော်ကြိုးပမ်းမိလေသည်။ အစားအသောက်များယူဆောင်၍ ကျွေးမွေးလေသည်။ သို့သော် မည်မျှပင်ကျွေးမွေးစေကာမူ ကျွေးသည့်အချိန်၌သာ ငြိမ်၍ ကျန်သည့်အချိန်တွင် ဟောင်မြဲတိုင်း ဟောင်နေဆဲပင်။ မည်မျှကြိုးစားကြိုးစား အဆိုပါညက ထိတ်လန့်ခဲ့ရသောအဖြစ်အပျက်ကို မေ့ပျောက်၍ မရနိုင်ဟန်တူလေသည်။ ကျွန်တော့်ကို မြင်တိုင်း ဟောင်နေလေတော့သည်။

ကြာတော့ ကျွန်တော်လည်း အထူးတလည် စိတ်ထဲမထားတော့ချေ။ သူဟောင်တိုင်း မမောင်းတော့ဘဲ မသိချင်ယောင်ဆောင်၍ မိမိလိုရာခရီးကို ဆက်သွားလေတော့သည်။ စာရေးဆရာကြီး မင်းသုဝဏ်၏ ခွေးဟောင်တိုင်း ‘ဖိုးမောင်ပြန်လာပြီ’ မဟုတ်ဘဲ ခွေးဟောင်တိုင်း ကျွန်တော်ပြန်လာပြီဟု တက္ကသိုလ်ဝင်းထဲက လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမများက စနောက်ကြလေသည်။

ကျွန်တော့်၏ ဥပက္ခာပြုမှုကြောင့် ယခင်ကလို တအားမဟောင်တော့ချေ။ သို့သော် ဟောင်တော့ ဟောင်နေဆဲပင်။ အနည်းငယ်သာဟောင်ပြီး ရပ်သွားသဖြင့် ကျွန်တော့်အတွက်လည်း အနည်းငယ် စိတ်သက်သာရာ ရရှိခဲ့လေသည်။ တစ်ခါတစ်ရံ ပုထုဇဉ်ပီပီ စိတ်မကြည်လျှင် ဒေါသထွက်မိလေသည်။ “သူ့ကို ဘာမှမလုပ်ရဘဲ ဟောင်ရကောင်းလား” ဟု အမျက်ဒေါသထွက်ကာ လိုက်ရိုက်လျှင် ဘယ်တော့မှ ပြီးဆုံးနိုင်တော့မည်မထင်။ ပို၍ပင်ဆိုးသွားနိုင်လေသည်။ အဟိတ်တိရစ္ဆာန်ဖြစ်သည်မို့ မဟောင်ပါနှင့်လည်း တောင်းပန်ပြောဆို၍လည်းမရချေ။ ထို့ကြောင့် အသိတရားရှိသော မိမိကသာ သည်းခံခွင့်လွှတ်ခြင်းဖြင့် ပြဿနာအတော်များများကို ဖြေရှင်းနိုင်ကြောင်း ခွေးလေးက သင်ခန်းစာပေးသွားသည်ဟု မှတ်သားထားလိုက်လေသည်။

လောကသဘာဝတွင် လိုက်သူရှိ၍ပြေးနေကြခြင်းသာဖြစ်ပါသည်။ လိုက်သူမရှိက ပြေးသူလည်း အမောခံပြေးနေတော့မည်မဟုတ်ပါ။ ထိုအခါ ထိုသူနှစ်ယောက်သည် ပိုမိုနီးကပ်လာပြီး တစ်ဦးအကြောင်းကို ကျန်တစ်ဦးက ဂဃနဏသိမြင်ကာ အရာခပ်သိမ်း အဆင်ပြေအေးငြိမ်းလာမည် ဖြစ်ပါသည်။

ကျွန်တော်တို့ ငယ်စဉ်က ကျွန်တော်တို့အရာဝတ္ထုတွေကို ခွေးတွေက ကိုက်ဖြဲစုတ်ပြတ်လျှင် ကျွန်တော်တို့ မောင်နှမတွေ ဝိုင်းရိုက်ကြလေသည်။ အမေက အပြင်ကပြန်လာပြီးမြင်သွားလျှင် ကျွန်တော်တို့ကို ဆူပူလေသည်။ ခွေးကအသိမရှိ၍ ပြုလုပ်ခြင်းသာဖြစ်ပြီး အသိတရားရှိသော ကျွန်တော်တို့က ခွေးမကိုက်ဖြဲနိုင်အောင် စည်းကမ်းတကျထားရှိဖို့ ဆုံးမလေသည်။ မိမိတို့က အသိတရားမရှိသော ခွေးကို ဝိုင်းရိုက်လျှင် မိမိတို့လည်း ခွေးနှင့် ဘာခြားနားတော့မှာလဲဟု ပြောဆိုခဲ့သည်ကို အမှတ်ရလေသည်။

“ခွေးကို ရန်မူ၊ ရိုက်သောသူ
ရိုက်သူလည်း ခွေး၊ ခွေးလည်းခွေး ...” ဟု

ဆုံးမကာ နောင်ဒီလိုမလုပ်ဖို့ တားမြစ်ခဲ့သည်ကို အသက်အရွယ်တွေ ကြီးလာသည်အထိ မေ့ပျောက်၍ မရနိုင်ခဲ့ပေ။ အမေပြောဆိုခဲ့သော စကားတို့သည် အမှန်ပင်ဖြစ်ခဲ့သည်။

လုပ်ငန်းခွင်ထဲရောက်လာတော့ မိမိလိုပင် တိရစ္ဆာန်ချစ်သူများနှင့် ဆုံစည်းခဲ့ရပြန်လေသည်။ ကျွန်တော်အလုပ်လုပ်ရသော ဌာနတွင် ခွေးအလွန်ချစ်သော မိသားစုတစ်စုနှင့် တွေ့ဆုံခဲ့ရလေသည်။ ကျွန်တော်တို့ ခွေးချစ်သည်ဆိုသည်မှာ ထိုမိသားစုနှင့် နှိုင်းယှဉ်ပါက မြူမှုန်မျှသာဖြစ်လေသည်။ ခွေးနှင့်လူ တစ်သားတည်းနေထိုင်ကာ တစ်သားတည်း စားသောက်ကြသည်ဟု ဆိုရမည်ဖြစ်သည်။ ထမင်းဟင်းကို လူစားဖို့ တစ်အိုး၊ ခွေးစားဖို့ တစ်အိုး နေ့စဉ် ပုံမှန်ချက်ပြုတ်ကာ ကျွေးမွေးလေသည်။ တစ်ခါတစ်ရံ ခွေးစားသော ထမင်းဟင်းများသည် ကျွန်တော်တို့ စားသော ထမင်းဟင်းများထက်ပင် ကောင်းလေသဖြင့် ဌာနတွင် အချင်းချင်းစနောက်ကာ “ခွေးကတို့တွေထက် ဟင်းကောင်းပါလား” ဟု ပြောဆိုကြလေသည်။

ထိုမိသားစု ခွေးချစ်သလို မိမိနှင့်ရင်းနှီးပတ်သက်သည့် အခြားသူများလည်း တိရစ္ဆာန်လေးများ ချစ်ခင်ကြသည်ကို တွေ့မြင်ရလေသည်။ အိပ်ရာထဲ ပေးအိပ်သည်အထိ သံယောဇဉ်နက်ရှိုင်းလှသည်ကို အံ့ဩဖွယ် သိမြင်ရလေသည်။ ခွေးလေးတွေ၊ ကြောင်လေးတွေနေမကောင်းလျှင် ဆေးရုံ၊ ဆေးခန်းပို့ပြီး ကုသစေသည်အထိ ငွေကြေးရော အချိန်ပါ ရင်းနှီးပြီး ချစ်ခင်တတ်ကြလေသည်။

အချို့သူများက ခိုလေးများ၊ စာငှက်လေးများကို နံနက်တိုင်း အစာကျွေးလေ့ရှိကြသည်။ ခိုလေးများ၊ စာငှက်လေးများနှင့် မည်မျှရင်းနှီးသနည်းဆိုလျှင် ကျွေးသူကိုမြင်လျှင် မကြောက်လန့်တော့ဘဲ ပခုံးပေါ်၊ လက်ပေါ်ထိ တက်ကြသည်ကို တွေ့ကြရလေသည်။ စာကလေးတွေ မိုးရာသီ နားခိုရန်အတွက် စာကလေးအိမ်များ ဝယ်ယူချိတ်ဆွဲပေးကြလေသည်။

“သူတို့အတွက် နေစရာလေး စီစဉ်ပေးတော့ သူတို့ဘဝ အေးချမ်းသလို ကိုယ့်ဘဝလည်း အေးချမ်းတာပေါ့ သားရယ်၊ စာအိမ်ကလေးတွေ ဆောက်ပေးရင် ကိုယ်လည်း အိုးပိုင်အိမ်ပိုင်နဲ့ နေရတယ်တဲ့၊ ကြားဖူးတယ်” ဟု ပြောဆိုကြလေရာ ကံ၊ ကံ၏ အကျိုးကို ယုံကြည်ကြကြောင်း အကဲဖြတ်ခွင့်ရလေသည်။

ဝန်ထမ်းလောကတွင် ပင်စင်ယူပြီးပါက အိုးပိုင်အိမ်ပိုင်ရဖို့ဆိုတာ အတော်ခဲယဉ်းလေသည်။ စာကလေးတွေ အိမ်ဆောက်ပေးလျှင် ကိုယ်လည်း အိုးပိုင်အိမ်ပိုင်နေရသည်ဆိုသည့်စကားမှာ မှန်ကန်လှလေသည်။ အဆိုပါဆရာမသည် မြေကွက်မဲနှိုက်ရာ မဲပေါက်သည်ဟုကြားရသဖြင့် အံ့ဩမိပြီး ကုသိုလ်တရားအကျိုးပေးတာပါလားဟု တွေးတောရင်း မုဒိတာ ပွားမိလေသည်။

ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာတွင်လည်း –

“ကိုယ်နှင့်လည်းစာ၊ သတ္တဝါကို
ကြင်နာလှစေ၊ သူ့အသက်ကိုချစ်ပါလေ...”

ဟူသော ဆုံးမစာအရ သတ္တဝါများကို ကိုယ်ချင်းစာတရား၊ မေတ္တာတရားတို့ဖြင့် စောင့်ရှောက်ကာကွယ်ကြရန် သိရှိမှတ်သားရပါသည်။

ခဏတာနေထိုင်ခွင့်ရသော သင်္ခါရလောကကြီးတွင် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာဖြင့် မေတ္တာတရားရှေ့ထားကာ နေထိုင်ကြမည်ဆိုလျှင် သာယာအေးချမ်းသော ဘဝသံသရာကြီးကို ရရှိခံစားပိုင်ဆိုင်နိုင်ကြမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတော့သည်။

## ငြိမ်းချမ်းရေးတေးသံ

✪ တိုင်းရင်းအဆွေ ညီနောင်ထုတို့
အမှီပြုလို့ နေထိုင်ရာ
တို့ပြည်မြန်မာ၊
စစ်ဒဏ်ဘေး ကင်းဝေးကွာ
ငြိမ်းချမ်းစွာ ရှိစေရေး၊
မခွဲအတူ စည်းလုံးရင်းဖြင့်
ရိုင်းပင်းစို့လေး။
✪ ပြည်တွင်းဝယ် ငြိမ်းချမ်းရေး
ယူဆောင်ပေး ညီနောင်တွေ
ပြုံးပန်းဝေဝေ၊
ဖုံး၊ ကျည်နှင့် သေနတ်တွေ
ဝေးပါစေ ဆုခြွေရင်း၊
ထာဝစဉ် ပျော်ရွှင်မွေ့လို့
ချမ်းမြေ့စေခြင်း။
✪ စစ်ဘေးဒဏ် ဒေသတွင်းတို့
အလှဦးကွဲ မရှိစေချင်
တို့မြန်ပြည်တွင်၊
တစ်ပြည်လုံး ငြိမ်းချမ်းရွှင်
ကြည်လင်ကာ လှစေရေး၊
ချစ်ကြည်စွာ ဆွေးနွေးလျက်ဖြင့်
ထွေးဖက်စို့လေး။ ။

ခင်မောင်မြင့်

**လူငယ်ရေးရာကဏ္ဍ**

## မင်းဘူး(စကု)မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ ကျင်းပ



**မင်းဘူး အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် ရွှေရောင်တော်နှင့် ကျောက်စံကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) များတွင် လူငယ်အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် မင်းဘူး (စကု) မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင်က အဖွင့်အမှာစကား ပြောကြားပြီး မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ဝါဝါလှိုင်က ကျောင်းသား ကျောင်းသူများ အား ကျောင်းစာများအပြင် ပြင်ပ ဗဟုသုတရရှိစေမည့် သုတရသ စာပေများကို များများဖတ်ကြရန် နှင့် စာဖတ်ခြင်းကြောင့် ဉာဏ်ရည် ဉာဏ်သွေးများ မြင့်မားကာ အကျိုးအကြောင်း အဆိုး အကောင်းနှင့် အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်သော ပညာ တတ် လူရည်မွန်များ ဖြစ်လာ ကြမည်ဖြစ်ကြောင်း ပြောကြား သည်။

ထို့နောက် မြို့နယ် စားသုံးသူ ရေးရာဦးစီးဌာန၊ မြို့နယ် အားကစားနှင့် ကာယပညာဦးစီး ဌာနတို့မှ တာဝန်ရှိသူများက မိမိတို့၏ ဌာနအလိုက် အသိပညာ ပေးကဏ္ဍများကို ဟောပြော ဆွေးနွေးခဲ့ကြကြောင်း သိရ သည်။ **ဖေယျာထက်(မင်းဘူး)**

## လက်ပံတန်းမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

**လက်ပံတန်း အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ယမန်နေ့ နံနက် ပိုင်းက အမက (ခွေးသေကုန်း) နှင့် မှုလွှတ် (တော်လှန်ရေး ကွက်သစ်) ကျောင်းများသို့ သွားရောက်၍ စာဖတ်ရှိန်မြှင့်တင် ရေး လူငယ်အသိပညာပေး ဟောပြော ဆွေးနွေးခြင်းနှင့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်း များ ဆောင်ရွက်ပေးကြသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမင်းထွန်းက ကျောင်းသား ကျောင်းသူများ အနေဖြင့် ကျောင်းစာအပြင် စာပေ ဖတ်ရှုလေ့လာပေးကြရန် လိုကြောင်း၊ စာပေဖတ်ရှုလေ့လာ ခြင်းအားဖြင့် ဗဟုသုတများစွာ ရရှိပြီး အမှား/အမှန် ဝေဖန်ပိုင်းခြား နိုင်သည့် ဉာဏ်ပညာများလည်း ပိုမို ရရှိလာကြမည်ဖြစ်ကာ ဗလငါးတန်နှင့် ပြည့်စုံသည့် လူတော်လူကောင်းများ ဖြစ်လာ နိုင်ကြောင်း စသည်ဖြင့်ဟောပြော ဆွေးနွေးခဲ့ပြီး ဒုတိယဦးစီးမှူး ဒေါ်ကြည်မြတ်နွယ်က လူကုန် ကူးမှုဖြစ်စဉ်များနှင့် လူကုန် ကူးမှုမခံရစေရန် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိ ပညာပေး ဟောပြောသည်။

ထို့နောက် စာကြည့်တိုက် လက်ထောက်-၃ ဒေါ်စုဝေနှင်းက စတ္တုပြဇာတ်၊ ဘုတ်ပြားပြဇာတ် များဖြင့် ပုံပြင်ပြောခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများက ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကပြသထားသည့်အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ် စာစောင်များအား စိတ်ဝင်စားစွာ ကြည့်ရှုကြ၍ စာအုပ်စာစောင် များ ငှားရမ်းခဲ့ကြကြောင်း သိရ သည်။ **မြို့နယ်(ပြန်/ဆက်)**





## စစ်ကိုင်းမြို့ ပါရမီ အလက(ခွဲ)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်အသိပညာပေးဟောပြော ဆွေးနွေး

**စစ်ကိုင်း အောက်တိုဘာ ၁၄**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေဇင်မိုး၊ ဒေါ်ဥမ္မာဝင်းနှင့် ဝန်ထမ်းများသည် အောက်တိုဘာ ၁၂ ရက် မွန်းလွဲပိုင်းက ပါရမီ အခြေခံပညာအလယ်တန်း ကျောင်းသို့ သွားရောက်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်အသိပညာ ပေး ဟောပြောဆွေးနွေးခြင်းနှင့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်း များ ဆောင်ရွက်ပေးခဲ့ကြသည်။

ဦးစွာ ဦးစီးအရာရှိ ဒေါ်ဥမ္မာဝင်းက ကျောင်းသား ကျောင်းသူ များအနေဖြင့် ကျောင်းစာအပြင် စာပေဖတ်ရှုလေ့လာပေးကြရန် လိုကြောင်း၊ မိမိတို့ဌာနအနေဖြင့် သုတ/ ရသ စာအုပ်၊ စာစောင်များကို အခမဲ့ငှားရမ်းပေးနေသည့်အတွက် လာရောက်ငှားရမ်း ဖတ်ရှုကြရန် ဖိတ်ခေါ်လိုကြောင်း ဆွေးနွေးပြီး လူကုန်ကူးမှုဖြစ်စဉ်များနှင့် လူကုန် ကူးမှုမခံရအောင် အသိပညာပေး ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ဦးစီးအရာရှိဒေါ်မေဇင်မိုးက နယ်လှည့်စာကြည့်တိုက် ဆောင်ရွက်ပေးရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက်ကျောင်းသားကျောင်းသူများအားစာအုပ်များငှားရမ်းပေးကာ ဖတ်ရှုစေ၍ မိမိတို့ဖတ်မှတ်ထားသည့် စာအုပ်များထဲမှ မှတ်မိသည့် အကြောင်းအရာများကို ပြန်လည်ဆွေးနွေးစေရာ ကျောင်းသား ကျောင်းသူများက ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုတိယအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးနှင့် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ




**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ် ဒုတိယအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးနှင့် အလုပ် အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကို အောက်တိုဘာ ၁၃ ရက်က အင်းယားလိတ် ဟိုတယ်မင်္ဂလာခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် က နှုတ်ခွန်းဆက် အမှာစကားပြောကြား သည်။

ဆက်လက်၍ ဒုတိယအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေး သဘာပတိ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက အမှာစကား ပြောကြားပြီး အထွေထွေအတွင်းရေးမှူး ဦးကြည်သိန်းကိုက ၂၀၁၇ - ၂၀၂၃ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့် ဘဏ္ဍာရေး မှူး ဦးသန်းရွှေက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းတို့ကိုဖတ်ကြား တင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ခုနှစ် သက်တမ်းအတွက် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကိုကျင်းပရာ ဥက္ကဋ္ဌ ဦးရန်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးသန်းထွဋ်တို့ ပါဝင်သည့် ဗဟိုအလုပ် အမှုဆောင်နှင့် အမှုဆောင် ၅၇ ဦးတို့ကို ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ကော်မရှင် အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် ရွေးချယ်တင်မြှောက်ခံ အလုပ်အမှုဆောင်အဖွဲ့သစ် ကိုယ်စား ဥက္ကဋ္ဌ ဦးရန်ဝင်းကနှုတ်ခွန်းဆက်စကား ပြောကြားပြီး ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအတွက် မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ်ကို ၂၀၁၁ ခုနှစ် မေ ၅ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင် ခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

## ထောပတ်သီးရာသီတွင် မြန်မာ့ထောပတ်သီးများ ဝယ်ယူရန် ပြင်သစ်နှင့် အိန္ဒိယနိုင်ငံတို့မှ အမှာစာရရှိထား

**မန္တလေး အောက်တိုဘာ ၁၄**

ယခုနှစ် ထောပတ်သီးရာသီတွင် မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော ထောပတ်သီး များအနက် အမရာအမျိုးအစား ထောပတ်သီးတန်ချိန် ရှစ်တန်ကို ပြင်သစ်နိုင်ငံမှ လည်းကောင်း၊ Hass အမျိုးအစား ထောပတ်သီးတန်ချိန် ၁၀၀၀ ကို အိန္ဒိယနိုင်ငံမှ လည်းကောင်း ဝယ်ယူရန် အမှာစာရရှိထားကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုအချိန်တွင် ထောပတ်သီးများ စတင်ထွက်ပေါ်နေပြီဖြစ်သော်လည်း အရည်အသွေး ကောင်းသော ပြည်ပတင်ပို့နိုင်သည့် ထောပတ်သီးများမှာ နိုဝင်ဘာလဆန်းပိုင်းတွင် စတင်ထွက်ပေါ်မည်ဖြစ်ရာ မှာယူထားသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန် ချိတ်ဆက် ဆောင်ရွက်နေကြောင်း သိရသည်။

“ထောပတ်သီးက နိုင်ငံတကာက မှာယူမှုများပေမယ့် ထောပတ်သီးတွေနဲ့ ပတ်သက်လို့ Ware House နဲ့ Infrastructure တွေမရှိတော့ ခက်နေတယ်။ ဟိုပုန်းမြို့ မှာ ထောပတ်သီးထုပ်ပိုးစက်ရုံ တည်ဆောက်နေပြီ။ ပြင်သစ်က အမရာထောပတ်သီး ကွန်တိန်နာတစ်စီးစာ ရှစ်တန်နဲ့ အိန္ဒိယက Hass ထောပတ်သီးတန်ချိန် ၁၀၀၀ အမှာ ရှိထားတယ်။ ဒါပေမယ့် ဒီနှစ်မှာ မိုးကောင်းလို့ အသီးအထွက်နှုန်းနည်းတော့ အိန္ဒိယ ကို တန်ချိန် တစ်ထောင်ပြည့်အောင်တော့ မပို့နိုင်လောက်ဘူး” ဟု ၎င်းက ပြောသည်။

ထောပတ်သီးရာသီတွင် မိုးရွာသွန်းမှုများပြားခြင်းကြောင့် ယခင်နှစ်ထက် အထွက် နှုန်းနည်းပါးခဲ့သည့်အပြင် စိုက်ပျိုးရာတွင် အသုံးပြုရသည့် သွင်းအားစုများ ဈေးမြင့်မား မှုကြောင့် တောင်သူများအနေဖြင့် လိုအပ်သည့်ပမာဏအတိုင်း အသုံးပြုစိုက်ပျိုး နိုင်ခြင်းမရှိသည့်အတွက် အရည်အသွေးကောင်း ထောပတ်သီးအထွက်နှုန်းမှာလည်း နည်းပါးကြောင်း သိရသည်။

ပြည်ပသို့ တင်ပို့ရာတွင် ကမ္ဘာ့ပေါက်ဈေးနှင့် ချိန်ညှိပြီး ရောင်းချမည်ဖြစ်ရာ တစ်တန် လျှင် မြန်မာငွေကျပ် ၃၅ သိန်းဖြင့် ရောင်းချရန် အဆိုပြုထားကြောင်း၊ ပြည်တွင်း ဈေးကွက်တွင်လည်း ဘတ်ကေးနီးယား ထောပတ်သီးအမျိုးအစားမှာ ခြံဖြတ်ဈေး အနေဖြင့် တစ်ကီလိုလျှင် ငွေကျပ် ၅၅၀၀ ဖြစ်၍ ရန်ကုန်လက်လီဈေးတွင် ငွေကျပ် ၇၀၀၀-၈၀၀၀ ကျပ် ပေါက်ဈေးရှိကြောင်း သိရသည်။ **မောင်အေးချမ်း**

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။

# တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနေသည့် မြဝတီမြို့မှ မိုးအထည်ချုပ်လုပ်ငန်း

တွေ့ဆုံမေးမြန်း- ရွှေမြဝတီ၊ ဇာဖြူဝင်း
ဓာတ်ပုံ- သီရိချော

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့စီးပွား မြင့်မားစေရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝတိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို အဓိကထားဖော်ဆောင်ပေးလျက်ရှိသကဲ့သို့ ကုန်ထုတ်စွမ်းအားစုများကို အခြေခံကာ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍(MSME)စက်မှုလုပ်ငန်းများတွင် ပြည်တွင်းထုတ်လုပ်မှု ပို့ကုန်ကဏ္ဍ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ပေးရာတွင် ကရင်ပြည်နယ် မြဝတီခရိုင် အမှတ်(၃)ရပ်ကွက် ကြံခင်းလမ်းတွင် တည်ရှိသည့် မိုးအထည်ချုပ်လုပ်ငန်းမှ ထုတ်လုပ်ဖြန့်ဖြူးနေမှု အခြေအနေများကို ပြည်သူများသိရှိစေရန် အထည်ချုပ်လုပ်ငန်းတည်ထောင်သူ ဒေါ်ခင်မိုးဝင်းနှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ပါသည်။

**မေး။ မိုးအထည်ချုပ်လုပ်ငန်း စတင်တည်ထောင်ဖြစ်ပုံကို သိပါရစေရှင်။**

ဖြေ။ မိုးအထည်ချုပ်လုပ်ငန်းကို ၂၀၁၅ ခုနှစ်က မြဝတီမြို့နယ်မှာ စတင်တည်ထောင်ခဲ့ပါတယ်။ ကိုယ်တိုင် အထည်လိပ်တွေကို စိတ်ကြိုက်မှာယူပြီး ဒီဇိုင်းဖော် ချုပ်လုပ်ကာ ထုတ်လုပ်ဖြန့်ဖြူးပါတယ်။

**မေး။ မိုးအထည်ချုပ်လုပ်ငန်းအနေနဲ့ ဘယ်လိုအထည်လိပ်တွေကို ကိုယ်တိုင်ချုပ်ပြီး ဘယ်ဒေသတွေကို တစ်ဆင့်ဖြန့်ဖြူးရောင်းချပေးပါသလဲရှင်။**

ဖြေ။ ကျွန်မအနေနဲ့ တိုင်းရင်းသားရိုးရာအထည် ကိုယ်တိုင်ဒီဇိုင်း (Pattern)ထုတ်ပြီး နမူနာချုပ်လုပ်ကာ အော်ဒါတင်ပါတယ်။ အော်ဒါရရှိတာနဲ့ မြန်မာတစ်ပြည်လုံး ပို့ဆောင်ပေးပါတယ်။

**မေး။ မိုးအထည်ချုပ်လုပ်ငန်းအနေနဲ့ ဘယ်လိုချည်ထည်အမျိုးအစားတွေ၊ ဘယ်လိုဒီဇိုင်းမျိုးချုပ်ပြီး ဖြန့်ချိပေးပါသလဲ။**

ဖြေ။ အင်္ကျီဒီဇိုင်းပေါ်မှာ မူတည်ပါတယ်။ မြန်မာချိတ်အဆင်တွေဆိုရင် ရင်ဖုံး(သို့မဟုတ်)ရင်စေ့ ရိုးရှင်းပြီး ဝတ်သူတိုင်း အမြင်မှာလှနေစေဖို့အတွက် ဒီဇိုင်းဖော်ပြီးချုပ်ပါတယ်။ ဥပမာ သင်္ကြန်ကာလအတွက်ဆိုရင် သင်္ကြန်ဆင်နဲ့လိုက်ဖက်မယ့် အရောင်တွေ လှူငယ်ဆန်ဆန် ချုပ်ပုံလေးတွေ ထုတ်ပါတယ်။

**မေး။ အထည်ချုပ်လုပ်ငန်းအတွက် လိုအပ်တဲ့ချည်ထည်တွေ ဘယ်ဒေသက အများဆုံးမှာယူပါသလဲ၊ ဒါ့အပြင် တစ်နေ့ချုပ်ထည်အနေနဲ့ ရော အရေအတွက် ဘယ်လောက်ထိ ထုတ်လုပ်နိုင်ပါသလဲ။**

ဖြေ။ မန္တလေးမြို့က အများဆုံးမှာယူဖြစ်ပါတယ်။ မိမိကြိုက်တဲ့ ဒီဇိုင်းဆင်တွေမေးပြီး မှာယူပါတယ်။ ဝန်ထမ်းအင်အား အနေနဲ့ကတော့ ၃၀ ရှိပါတယ်။ တစ်နေ့ထွက်ရှိမှုနှုန်းကတော့ အနည်းဆုံး အထည် ၁၀၀ခန့် ထွက်ရှိပါတယ်။ ဝန်ထမ်းတွေက အထည်ထွက်နိုင်အောင် ကြိုးစားလုပ်ကိုင်ကြပါတယ်။

**မေး။ မိုးအထည်ချုပ်လုပ်ငန်းတွင် စက်ရုံလည်ပတ်နိုင်ရေး အလုပ်သမားအင်အား အရေအတွက်ဘယ်လောက်လည်ပတ်မှု ရှိပါသလဲရှင်။**

ဖြေ။ အလုပ်သမား အင်အားအနေနဲ့ကတော့ ကတ်တင်ပိုင်း၊ ချုပ်ထည်ပိုင်းနှင့် အကူဝန်ထမ်း စုစုပေါင်း ၃၀ ရှိပါတယ်။

**မေး။ အလုပ်သမားတွေရဲ့ အခြေခံလစာအနေနဲ့ အမြင့်ဆုံးလစာ သတ်မှတ်ချက် ဘယ်လိုဆောင်ရွက်ပေးပါသလဲ။ လာရောက်လုပ်ကိုင်သူတွေက မြဝတီဒေသခံအပြင် အခြားဒေသမှ လာရောက်လုပ်ကိုင်သူတွေရော ရှိပါသလား။ နေထိုင်စားသောက်မှု ဘယ်လိုစီစဉ်ဆောင်ရွက်ပေးပါသလဲ။**

ဖြေ။ မိုးအနေနဲ့ အကူဝန်ထမ်းအတွက် တစ်လကို တစ်သိန်းရှစ်သောင်းကျပ် ပေးပြီး သီးသန့်မုန့်ဖိုးထပ်ဆောင်းပေးပါတယ်။ အခြေခံလစာကတော့ နှစ်သိန်းကျပ် ဖြစ်ပါတယ်။ မြဝတီဒေသခံ အလုပ်သမားတွေက နေ့ဘက်အလုပ်ဆင်း ညဘက်ပြန်ပါတယ်။ အခြားဒေသ ဥပမာ ပဲခူးတိုင်းဒေသကြီးမှ လာရောက်သူတွေအတွက်ကတော့ အဆောင်စီစဉ်ပေးထားပါတယ်။

**မေး။ မိုးအထည်ချုပ်လုပ်ငန်းအနေနဲ့ ဝန်ထမ်းတွေအတွက် အခွင့်အရေး၊ ကျန်းမာရေးအစ ဘယ်လိုစီစဉ်ဆောင်ရွက်ပေးပါသလဲ။**

ဖြေ။ ကျွန်မအနေနဲ့ လာရောက်လုပ်ကိုင်တဲ့သူတွေအတွက် ပညာလည်းရ၊ ဝင်ငွေလည်းရတဲ့ Cash for Work မှသာလျှင် ဝန်ထမ်းတွေ အဆင်ပြေမှာပါ။ ကျန်းမာရေးအနေနဲ့ကတော့ နယ်ဝေးလာရောက်သူအပြင် ဒေသခံဝန်ထမ်းတွေကအစ အစစအရာရာ ဂရုစိုက်ပေးရပါတယ်။






**မေး။ မိုးအထည်ချုပ်လုပ်ငန်းအနေနဲ့ ဒီဇိုင်းအသစ်ရေးဆွဲနိုင်ဖို့ တစ်ဆင့်မြင့် ဒီဇိုင်းသင်တန်းတွေ ဖွင့်လှစ်သင်ကြားနိုင်အောင် စီစဉ်ဆောင်ရွက်ပေးတာရောရှိရင် သိချင်ပါတယ်ရှင်။**

ဖြေ။ လတ်တလောအနေနဲ့ကတော့ ဝန်ထမ်းတွေကို ဒီဇိုင်းထုတ်ပြီး သင်ကြားဖို့ အချိန်မပေးနိုင်သေးတာကြောင့် သီးသန့်သင်ကြားမှု မဆောင်ရွက်နိုင်သေးပါဘူး။ အခုဝန်ထမ်းတွေက အထည်ချုပ်လုပ်ငန်း လုပ်ကိုင်နေတဲ့အတွက်ကြောင့် တိုးတက်မှုအနေနဲ့ အထည်အပိုင်းလိုက် ချုပ်တတ်ရုံမက တစ်ထည်လုံး ချုပ်တတ်ပါတယ်။

**မေး။ မိုးအထည်ချုပ်လုပ်ငန်းအနေနဲ့ ဝန်ထမ်းတွေအတွက် ကိုယ်ပိုင်လုပ်ငန်း ထူထောင်ဖို့အတွက် အစီအစဉ်ရှိရင် သိချင်ပါတယ်ရှင့်။**

**အခုချုပ်နေတဲ့ ချည်ထည်အမျိုးအစား သိချင်ပါတယ်။**

ဖြေ။ အစီအစဉ်ကရှိပါတယ်။ ဝန်ထမ်းတွေ အမြဲအားပေးပါတယ်။ ခေါင်းဆောင်တစ်ဦးအနေနဲ့ ဝန်ထမ်းတွေထဲကမှ ကြိုးစားသူအတွက်ကတော့ အခွင့်အရေးရှိမှာပါ။ အခုချုပ်နေတဲ့ ချည်ထည်တွေကိုတော့ မန္တလေးမြို့က အများဆုံးမှာပါတယ်။ တစ်လ ဒီဇိုင်းထုတ်လုပ်မှုအရေအတွက် လူငယ်လိုက်ဖက်မယ့် ပုံစံ ၄၀ ကျော်လောက် ချုပ်ရပါတယ်။ အထည်ချုပ်လုပ်ငန်း စတင်တည်ထောင်ကတည်းက လည်ပတ်မှု ခုနစ်နှစ်ကျော် ရှစ်နှစ်ရှိပါပြီ။ အဓိက အခုအထည်ချုပ်လုပ်ငန်းမှာ လုပ်ကိုင်နေတဲ့ ဝန်ထမ်းတွေ နေထိုင်စားသောက်မှု အဆင်ပြေရေး အလုပ်အကိုင်အခွင့်အလမ်းအတွက် အမြဲကြိုးစားဆောင်ရွက်နေမှာ ဖြစ်ပါတယ်။

**မေး။ မိုးအထည်ချုပ်လုပ်ငန်းအနေနဲ့ တစ်ပိုင်တစ်နိုင်စီးပွားရေး အောင်မြင်မှုမှသည် နောက်ထပ်တိုးချဲ့ဆောင်ရွက်ဖို့ရှိပါသလား။ အခုချုပ်ထည်တွေ ဖြန့်ဖြူးရောင်းချရာမှာ ပင်ရင်းဈေး ရောင်းချမှု သိချင်ပါတယ်ရှင်။**

ဖြေ။ ရန်ကုန်မြို့မှာ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ဖို့ အစီအစဉ်လည်း ရှိပါတယ်။ အထည်လက်ကားဖြန့်ဖြူးဈေးကတော့ အစားစားရှိပါတယ်။ ဝယ်ယူတဲ့ဈေးနှုန်းပေါ် မူတည်ပြီး အများပြည်သူ ဝယ်ယူနိုင်တဲ့ဈေး ရောင်းချပေးပါတယ်။ အထည်အမျိုးအစားအလိုက် တစ်သောင်းအောက်နဲ့ တစ်သောင်းအထက် ရှိပါတယ်။

**မေး။ နိုင်ငံတော်က အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) တစ်ပိုင်တစ်နိုင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေဖို့ ဆောင်ရွက်ပေးလျက်ရှိသလို မိမိဒေသခံပြည်သူတွေ လူမှုစီးပွားဘဝမြင့်မားဖို့အတွက် နောက်ထပ်ဆောင်ရွက်ပေးဖို့ အစီအစဉ်တွေ သိချင်ပါတယ်ရှင်။**

ဖြေ။ မိုးအထည်ချုပ်လုပ်ငန်းအနေနဲ့ လူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ဆောင်ရွက်ပေးဖို့အစီအစဉ်ရှိပါတယ်။ တိုက်တွန်းအားပေးစကားအနေနဲ့ အမျိုးသမီးငယ်လေးတွေ မိမိဝါသနာပါရာ စက်ချုပ်လုပ်ငန်းကောင်းစွာသင်ယူပြီး ကိုယ်တိုင်တီထွင်ကြံဆလုပ်ကိုင်လျှင် အလုပ်လက်မဲ့သူ မရှိနိုင်ပါဘူး။ မိသားစုဝင်ငွေ တစ်ဖက်တစ်လမ်းမှ တိုးပွားပြီး စားဝတ်နေရေး အဆင်ပြေလာရင် လူမှုစီးပွားဘဝ လှပသာယာလာမှာဖြစ်ပါတယ်။

နိုင်ငံတော်မှ ပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းများ၊ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန် စီးပွားရေးကဏ္ဍကို အဘက်ဘက်မှ ဖန်တီးဖော်ဆောင်ပေးသကဲ့သို့ ကရင်ပြည်နယ် မြဝတီခရိုင်အတွင်း ၂၀၂၃ ခုနှစ် အောက်တိုဘာလအထိ မှတ်ပုံတင်ပြီး အငယ်စားစီးပွားရေးလုပ်ငန်း ၁၇၃ ခုနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ၂၁ ခု စုစုပေါင်း ၁၉၄ ခု ရှိကြောင်းကို ခရိုင်စက်မှုကြီးကြပ်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးဝင်းထွန်းထံမှ သိရသည်။



> **"အခုချုပ်နေတဲ့ ချည်ထည်တွေကိုတော့ မန္တလေးမြို့က အများဆုံးမှာပါတယ်။ တစ်လ ဒီဇိုင်းထုတ်လုပ်မှုအရေအတွက် လူငယ်လိုက်ဖက်မယ့် ပုံစံ ၄၀ ကျော်လောက် ချုပ်ရပါတယ်။ အထည်ချုပ်လုပ်ငန်း စတင်တည်ထောင်ကတည်းက လည်ပတ်မှု ခုနစ်နှစ်ကျော် ရှစ်နှစ် ရှိပါပြီ။ အဓိက အခုအထည်ချုပ်လုပ်ငန်းမှာ လုပ်ကိုင်နေတဲ့ဝန်ထမ်းတွေ နေထိုင်စားသောက်မှုအဆင်ပြေရေး အလုပ်အကိုင်အခွင့်အလမ်းအတွက် အမြဲကြိုးစားဆောင်ရွက်နေမှာ ဖြစ်ပါတယ်"**

# မိုးနှောင်းကာလ ရေကြီးရေလျှံသဘာဝဘေးအန္တရာယ် သတိရှိစေလို

ပေါက်ပေါက်

မြန်မာနိုင်ငံတွင် နှစ်စဉ်ရေကြီးမှု သုံးကြိမ်ဖြစ်ပေါ်လေ့ရှိသည်။ ၎င်းတို့မှာ ဇွန်လ (မိုးဦးကာလ) တွင် တစ်ကြိမ်၊ ဇူလိုင်လမှ ဩဂုတ်လအတွင်း (မိုးလယ်ကာလ) တွင် တစ်ကြိမ်၊ စက်တင်ဘာလမှ အောက်တိုဘာလ (မိုးနှောင်းနှင့် မိုးလွန်ကာလ) တွင်တစ်ကြိမ် စုစုပေါင်းသုံးကြိမ် ဖြစ်ပေါ်လေ့ရှိသည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ထိခိုက်ခံစားစေရန် အလွန်လွယ်ကူသည့်အနေအထားတွင် ရှိသည့်အပြင် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအမျိုးအစားမှာလည်း စုံလင်သည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ အချိန်အခါမရွေး ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် ဘေးအန္တရာယ်များကို အန်တုရာ၌ ကြိုတင်ပြင်ဆင်မှုအားမကောင်းပါက ပျက်စီးဆုံးရှုံးမှုကိုလည်း ကြီးမားစေမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖြစ်ပွားလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များတွင် မီးဘေးကြောင့် ဆုံးရှုံးမှုအများဆုံးဖြစ်ပြီး ရေကြီးရေလျှံမှုကြောင့် ဆုံးရှုံးမှုမှာ ဒုတိယအများဆုံးဖြစ်သည်။



### ရေလွှမ်းမိုးမှုမဖြစ်မီ ကြိုတင်ဆောင်ရွက်ရန်

မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးထားရပါမည်။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများကို ကြိုတင်သတ်မှတ်ထားရန်လိုပါသည်။ (ဥပမာ အသက်ကယ်ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင်ထားရှိရန်လိုပါသည်။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားပါ။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားရန်လိုအပ်ပါသည်။ ချက်ပြုတ်နိုင်ရန် ပလတ်စတစ်ဘူးများတွင် ရေသန့်များ ဖြည့်ထားရပါမည်။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားရပါမည်။ (ဥပမာ အသက်ကယ်အင်္ကျီ၊ ဗောကွင်း၊ လေလုံပိတ်ရေပုံးအလွတ်၊ တာယာကျွတ်တို့ဖြစ်သည်။) ရေလွှမ်းမိုးသော လက္ခဏာသိမြင်ရပါက လျှပ်စစ်မီးခလုတ်များကို ပိတ်ထားရပါမည်။

မိမိပတ်ဝန်းကျင်ရှိမြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားပါ။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်စေနိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ။ ကိုယ်နေထိုင်သော အရပ်ဒေသ၏ ရေလွှမ်းမိုးနိုင်သော အန္တရာယ်အနေအထားနှင့် ဒေသမြေမျက်နှာပြင်ရှိ အနေအထားကို ကြိုတင်သိအောင် လေ့လာထားရန် လိုအပ်သည်။ ထိုသို့ကြိုတင်လေ့လာထားခြင်းဖြင့် မိုးအကြီးအကျယ်ရွာသောအခါ မိမိနေထိုင်ရာ၊ အလုပ်လုပ်ရာနေရာများကို မည်သို့မည်ပုံအကျိုးသက်ရောက်မှုရှိနိုင်ကြောင်း ခန့်မှန်း၍ရနိုင်သည်။ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်သော ရေလွှမ်းမိုးမှုနှင့်ပတ်သက်သည့် သတိပေးချက်များကို နားထောင်ပါ။ ရေလွှမ်းမိုးသောလက္ခဏာများကို သတိဖြင့် အမြဲစောင့်ကြည့်ရန် လိုအပ်ပါသည်။ အန္တရာယ်ကင်းအောင် ရှောင်ရှားနိုင်ရန် ကြိုတင်တွက်ဆရှောင်ရှားနိုင်ပါစေ။

### ရေကြီးခြင်းဖြစ်ပေါ်နေချိန် ရှောင်ရှားရန်

ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းမပြုပါနှင့်။ ရေစိုနေသောလျှပ်စစ်ပစ္စည်းများကို အသုံးမပြုမိရန် အထူးသတိထားရပါမည်။ အိမ်မွေးတိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်းမပြုလုပ်ရန် အရေးကြီးပါသည်။ ရေကြီးသောဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများအနီးသို့ မသွားပါနှင့်။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်ကို ပိတ်ထားပါ။ သောက်သုံးရေသန့် သို့မဟုတ် ကျိုချက်ထားသောရေ သို့မဟုတ် ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးသင့်ပါသည်။ အဆိပ်ရှိသောတိရစ္ဆာန်များ အိမ်ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်။

### ရေလွှမ်းမိုးပြီးနောက် ဆောင်ရွက်ရန်

မိသားစုဝင်များ ပျောက်ဆုံးကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ အမှိုက်များကို စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များကို စနစ်တကျမီးရှို့ခြင်း သို့မဟုတ် မြေမြှုပ်ခြင်းများ ပြုလုပ်ရပါမည်။ ရေများ ဝင်ရောက်ထားသည့် အဆောက်အအုံများအတွင်း

> **မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ထိခိုက်ခံစားစေရန် အလွန်လွယ်ကူသည့်အနေအထားတွင် ရှိသည့်အပြင် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအမျိုးအစားမှာလည်း စုံလင်သည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ အချိန်အခါမရွေး ရင်ဆိုင်ကြုံတွေ့ရနိုင်သည့်ဘေးအန္တရာယ်များကို အန်တုရာ၌ ကြိုတင်ပြင်ဆင်မှုအားမကောင်းပါက ပျက်စီးဆုံးရှုံးမှုကိုလည်း ကြီးမားစေမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖြစ်ပွားလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များတွင် မီးဘေးကြောင့် ဆုံးရှုံးမှုအများဆုံးဖြစ်ပြီး ရေကြီးရေလျှံမှုကြောင့် ဆုံးရှုံးမှုမှာ ဒုတိယအများဆုံးဖြစ်**



သို့ အထူးသတိဖြင့် ဝင်ရောက်ရန် လိုပါသည်။ ရေကြီးခြင်းနှင့်အတူ မျောပါလာသော အဆိပ်ရှိမြွေများ၊ ကင်းများရှိနေတတ်သည်။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်၊ သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်နေပါက သက်ဆိုင်ရာကို သတင်းပို့ရပါမည်။ ရေကြီး၍ ရေစိုသွားသောအစားအစာအားလုံးကို မစားသုံးသင့်ပါ၊ ရေဆိုးရေညစ်များထဲတွင် မမြင်နိုင်သောပိုးမွှားများ ပါလာတတ်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အစာအဆိပ်သင့်မှုများဖြစ်စေနိုင်သည်။ သောက်သုံးရန်နှင့် ချက်ပြုတ်ရန်ရေများကို မသုံးခင် ၁၀ မိနစ်ခန့်ကြိုချက်ပါ။ ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သောဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုကာကွယ်ရပါမည်။

### မွေးမြူရေးတိရစ္ဆာန်များအတွက် သတိပြုရန်

မုတ်သုံ ဆုတ်ချိန်တွင်လည်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသည့်တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အသိပေးနှိုးဆော်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရပါမည်။

### ဆူနာမီအတွက် ကြိုတင်ပြင်ဆင်ရန်များ

ဆူနာမီဆိုသည်မှာ ပင်လယ်သမုဒ္ဒရာရေအောက်ကြမ်းပြင် ရွေ့လျားခြင်း၊ မြေပြိုခြင်း၊ ရေအောက်မီးတောင်ပေါက်ကွဲခြင်းများကြောင့် ဖြစ်ပေါ်လာသည့် အလွန်ကြီးမားသောလှိုင်းလုံးကြီးများဖြစ်သည်။ ပင်လယ်ကမ်းရိုးတန်းဒေသတွင် နေထိုင်သူများအနေဖြင့် ငလျင်လှုပ်ပြီးနောက် ထုတ်ပြန်သော ဆူနာမီသတိပေးချက်များကို သတိပြုနားထောင်ရန် လိုအပ်ပါသည်။ ဆူနာမီအန္တရာယ်မှ ပြေးခိုနိုင်မည့်နေရာ (ကုန်းတွင်းပိုင်းကုန်းမြင့်သို့) သွားရမည့်လမ်းကြောင်းကို အတိုဆုံးရေးဆွဲသတ်မှတ်ထားရပါမည်။ ပင်လယ်ကမ်းရိုးတန်းတွင် နေထိုင်သူများအနေဖြင့် အရေးပေါ်သုံးပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရပါမည်။ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ဒီရေတောများ၊ လှိုင်းခွဲတာတမံများကို သက်ဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်ပေးထားသည်။ အသက်ကယ်ကုန်းမြင့်များအဖြစ် မှတ်သားထားရပါမည်။

အချုပ်အားဖြင့်ဆိုသော် ရေကြီးရေလျှံခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်များသည် ရှောင်လွှဲ၍ မရသော်လည်း ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးနှင့် ပျက်စီးဆုံးရှုံးမှုလျော့ပါးသက်သာစေရေးမှာ စွမ်းဆောင်ရည်ရှိသည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုပေါ်တွင် မူတည်နေပါကြောင်းနှင့် ဖော်ပြပါ ရှောင်ရန်၊ ဆောင်ရန်များကို လိုက်နာ ဆောင်ရွက်ကြခြင်းဖြင့် ရေဘေးအန္တရာယ် ကင်းဝေးကြစေလိုပါသည်။ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့၊ စံပြရွှေသူဌေး (၁)လမ်းနေ ဒေါ်ကြည်ကြည်ညွန့် [၉/မသန(နိုင်)၁၀၉၃၆၀]၏ လွှဲအပ်ညွှန်ကြားချက်ရ နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ ရွာသစ်ကျေးရွာအုပ်စု၊ ရေအိုးစင်ကျေးရွာ၊ အိမ်အမှတ် (၉၀)၊ အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၃၀ ပေ) ရှိ ခြံမြေကွက် (၁)ကွက်(အိမ်ပါ)နှင့်နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ် ရွာသာအုပ်စု၊ မြောက်လွတ်ကုန်းကျေးရွာ၊ အိမ်အမှတ် (၆၀၂)၊ အကျယ်အဝန်း (အလျား ၆၂ပေ ၈လက်မ x အနံ ၃၅ ပေ)ရှိ ခြံမြေကွက်(၁)ကွက်(အိမ်အပါ) စုစုပေါင်းမြေကွက်(၂)ကွက်အား (၂၀ရက်၊ စက်တင်ဘာလ၊ ၂၀၂၃ခုနှစ်) နေ့ရက်မှစ၍ ဒေါ်ကြည်ကြည်ညွန့်မှ တစ်ဦးတည်း အပြီးအပိုင်လက်ရောက်ရယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဇင်မွန်ခိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၄၈၀၃)**
**အမှတ်(၁၁၉/ခ)၊ ပြည်လမ်း၊ (၁၀)မိုင်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၇၀၉၀၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၊ ၂/ဥတ္တရသီရိ အလယ်ရပ်ရှိ မြေကွက်အမှတ်(ဥ–၅၄၂၀–ဘီ)၊ ဒေါ်အေးမြမြအောင် [၁၂/ကမရ(နိုင်)၀၀၀၁၇၈]၊ အဖအမည် ဦးရွှေမြအောင်၊ အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်သီတာခိုင် [၁၃/ကလန(နိုင်)၀၅၅၇၄၂]၊ အဖအမည် ဦးအောင်စိန်(ခ)စိန်ဝင်း မှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ဖိုးငွေသွင်းချလန်မိတ္တူ၊ မြေပေးစလစ်မူရင်း၊ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ဝန်ခံကတိပြုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## “ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်–(၁၇)၊ မင်းရဲကျော်စွာ(၂)လမ်း၊ မြေကွက်အမှတ် (၁၀၄၇/က)ဟု ခေါ်တွင်သည့် အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဒေါ်တင်သောင်း (ISN– ၂၇၉၂၇၅) အမည်ပေါက် မြေချပါမစ် မြေကွက်၊ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦတို့နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း”

အထက်ပါမြေကွက်၊ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်အဆောက်အဦတို့နှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူကာ လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ **ဒေါ်ပူတီ [၁၀/ပမန(နိုင်)၂၂၅၉၃၄]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးအပ်ပြီး ဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့် တကွ ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ပြည့်မြောက်သည့်တိုင် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီလာဦး၏လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးအောင်ကိုလင်း** | **ဒေါ်နေခြည်ရွှန်းလဲ့** |
| **(LL.B,D.B.L)(စဉ် – ၁၃၀၇၂)** | **(LL.B)(စဉ်– ၅၀၄၂၉)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် (၅၈)၊ ပ–ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၄၀၄၀၆၅၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄)၊ ဦးပိုင်အမှတ်(၂၆–က)၊ ၈၇–Dလမ်း၊ ၂၂x၂၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန်းစန်းဝင်း၏ (SP ရရှိသူ ဒေါ်ဟန်နွဲ့ရီ) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၀၇၁/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဖြူနှင်းဝေ[၉/အမဇ(နိုင်)၀၃၁၃၀၆]၊ ဒေါ်ချစ်စုဝေ[၉/အမဇ(နိုင်)၀၃၁၃၀၅]တို့က အမှုတွဲအမှတ် (၄၈၄၉/၂၀၂၃–၂၀၂၄ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် (အ–၁၁)၊ ဦးပိုင်အမှတ်(၄+၁၇)၊ ၆၁x၆၂ လမ်းကြား၊ ဇော်ဂျီနှင့် ပရန်တော်ချောင်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဇော်ဇော်၏ (SP ရသူ ဦးတင်ထွန်းဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၄၄၈/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စိန်လှိုင်[၁၃/မကန(နိုင်)၀၁၆၆၄၃]က အမှုတွဲအမှတ် (၄၈၆၇/၂၀၂၃–၂၀၂၄)ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၂၉)၊ ဦးပိုင်အမှတ်(၁၁)၊ ၁၉ လမ်းမပေါ်၊ ၈၆x၈၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သိင်္ဂီသန်း [၉/မနမ(နိုင်)၀၅၁၅၁၂]က အမှုတွဲအမှတ် (၄၈၅၂/၂၀၂၃–၂၀၂၄ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ–၁၅)၊ ဦးပိုင်အမှတ်(၃၂–c)၊ ၇၄x၇၅ လမ်းကြား၊ ၁၁၅x၁၁၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ WOO CHAN HWAN (ခ) ဒေါ်ဝူချန်ဝှမ်(ခ)ခင်မြင့်ရီ၏ (SP ရသူ ဦးထွန်းဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၀၇၅/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးစန်းမြင့် [၁၃/လရန(နိုင်)၂၃၃၆၁၈]၊ ဒေါ်လီအိုင်ဆင်း(ခ)ခင်သူ [၁၃/တမည(နိုင်)၀၀၇၃၁၃] တို့က အမှုတွဲအမှတ် (၄၈၅၈/၂၀၂၃–၂၀၂၄)ဖြင့် အမည်ပြောင်း လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ–၁၃)၊ ဦးပိုင်အမှတ်(၂၇)၊ ၆၂x၆၃လမ်းကြား၊ အောင်ဇေယျx ဘူရင့်နောင်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခွမ်ဆိုင်းတီး၏ (SP ရသူ ဦးကျန်းကျီဟွ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၁၄၁/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးဟန်စစ်(ခ) ဦးစိုင်းဟန်စစ်[၁၃/မဆတ(နိုင်)၀၄၅၆၁၆]က အမှုတွဲအမှတ် (၄၈၆၆/၂၀၂၃–၂၀၂၄)ဖြင့် သက်တမ်းတိုး / အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄–၉–၂၀၂၃ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ( ၂၈ )ကန့်ကွက်နိုင်ကြောင်းကြော်ငြာရွှေပြည်သာမြို့နယ် ဒေါ်တင်မူမြင့်၏ဂရန်သစ်တွင် ဒေါ်တင်မူမြင့်(၁၁/ကဖန(နိုင်)၀၂၄၂၈၂)ဟုအမှန်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ကြို့ပွားရေး(မြောက်)၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ်(၂၆၈/ခ) ဟုခေါ်တွင်သော တစ်ခန်းတည်း(၁၈x၅၄)ပေရှိ (၃ ၁/၂ )တိုက်၏ ပထမထပ်တိုက်ခန်းနှင့် မြေအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေရှင်ဒေါ်သီတာစိုးထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သူဇာလွင်[၇/ပတတ(နိုင်)၀၀၀၁၃၃]မှ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဟေမာနံစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၈၁)**
**တိုက်(A–2)၊ အခန်း(၁၀၃)၊ ဗိုလ်မှူးဗထူးအိမ်ရာ၊ ၄၈U10ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၀၀၉၃၉၄၊ ၀၉–၂၅၀၂၃၀၁၂၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ နွယ်သာကီ(၁)လမ်း၊ အမှတ်(၇၁၄ ၁/၂)ရှိ တစ်ခန်းတည်း RC (၆)ထပ်တိုက်မှ မြေညီထပ်အခန်း၊ ဧရိယာ (၉၀၀) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ဌေးဌေးဝင်း [၁၂/ဥကမ(နိုင်)၁၅၄၁၄၂] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးဝေယံဖြိုး [၁၂/ဥကတ(နိုင်)၁၇၃၆၂၆] နှင့် ဒေါ်သန့်သူအောင် [၁၂/မရက(နိုင်)၁၄၇၉၃၇]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝေယံဖြိုးနှင့် ဒေါ်သန့်သူအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၉၇၆၅)** |
| **ဖုန်း–၀၉–၅၄၀၁၉၄၀** | **ဖုန်း–၀၉–၄၂၈၂၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် E.2.B၊ ဦးပိုင်အမှတ်(E.2.B–က)/၆၂ လမ်းနှင့် ၆၂ ခွဲလမ်းကြား၊ အနော်ရထာနှင့် အောင်ဇေယျလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူခင်ပွန်း ဦးတီကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ယုယုမာ[၉/မရမ(နိုင်)၀၅၇၂၄၂]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၅၆၈)၊ ဦးပိုင်အမှတ်(၅၉.ခ+၆၀.ခ)/၈၁လမ်းx၃၂လမ်းထောင့်ရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ SWIN YIN HWAT (ခ)ဦးကိုကို၊ YIN KYU (ခ) ဒေါ်ယဉ်ကြူ(ခ)YIM KYU တို့၏ (SP ရသူ ဦးမြင့်ဦး)တို့ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၂၁၀၀/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကျိန်ဖင့်ဖိန်း(ခ)ဒေါ်ကျိန်ဖျင့်ဖိန်း [၁၃/ကခန(နိုင်)၁၁၀၅၀၁]အမှုတွဲအမှတ်–၀၅၄၈/ဘ(ပြောင်း)/၂၀၂၃–၂၀၂၄ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၁ ရပ်ကွက်၊ အကွက်အမှတ်(ဏ–၉)၊ ဦးပိုင်အမှတ်(၂၄–က)၊ လမ်း ၆၀၊ ၁၀၁ x ၁၀၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မြင့်မြင့်ဝင်း [၁၃/လရန(နိုင်)၀၅၇၇၆၁]က အမှုတွဲအမှတ်–၄၈၆၁/၂၀၂၃–၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၁၁၉–က)၊ ၁၉လမ်းထောင့်၊ ၅၈–C လမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လွင်မာသန်း၏ [SP ရရှိသူ ဦးရဲထွန်းလှ(ခ) ဦးရဲထွန်းလင်း]ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၁၀၁/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ထွေး [၉/မရမ(နိုင်)၀၀၄၀၀၉]က အမှုတွဲအမှတ် (၄၈၅၁/၂၀၂၃–၂၀၂၄ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/၄)၊ လူနေရပ်ကွက်(နဝဒေးအိမ်ရာ)၊ မြေကွက်အမှတ်(၃၉၆)၊ နဝဒေးအိမ်ရာအမှတ် ( BL– 10 / 12)၊ အကျယ်အဝန်း(၅၇ ပေ x ၇၀ ပေ)၊ (၃၉၉၀)စတုရန်းပေ၊ မြေဧရိယာ (၀.၀၉၁)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ (၂)ထပ် အဆောက်အဦ၊ ရေ/မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။**

ဖော်ပြပါ နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ (၂)ထပ် အဆောက်အဦသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲရေးဌာနတွင် ဒေါ်အိအိခိုင်[၉/ကပတ(နိုင်)၀၅၁၄၈၉]အမည်ဖြင့် မှတ်သားထားရှိသော မြေကွက်ဖြစ်ပြီး ရောင်းချသူဒေါ်ခင်မြတ်မွန် [၁၂/မဂဒ(နိုင်)၀၀၇၆၈၅] သည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် ( ၁၀၄၃၈/၂၀၂၁)ရရှိထားသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဇော်လွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၁၇၀၀)**
**Ph:09–426779993**
**E –5, Sagawar Street/FMI City . Hlaingtharyar.**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ မြေကွက်အမှတ် ၃၈၅/က၊ ၁၂၀၀၈/ပေ၊ မြေကွက်တည်နေရာအမှတ်(၃၈၅/က)၊ နွယ်နီ(၄)လမ်း၊ (ဃ)ရပ်ကွက် ဒေါ်ခလေးမ[၁၂/ဥကမ(နိုင်)၀၁၄၆၈၈]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ၁၉၉၉ ခုနှစ်တွင် ဒေါ်ခလေးမမှ တောင်သူလယ်သမားဘဏ်တွင် ဘဏ်ချေးငွေရယူထားခြင်းနှင့် ပတ်သက်၍ ဝင်စာအမှတ်–၁၁၈၃၄/၂၉–၉–၂၀၂၃ ရက်စွဲဖြင့် အမည်ပေါက် ဒေါ်ခလေးမထံမှ(၂၀–၆–၂၀၁၀)ရက်နေ့က ဝယ်ယူ၍ အထူးကိုယ်စားလှယ်လွှဲစာအမှတ်–၁၃၄၆၇/၂၁–၇–၂၀၁၁ဖြင့်ရရှိသူ ဦးကျင်ဦး [၁၂/ဥကမ(နိုင်)၀၃၁၇၃၄]မှ အဆိုပါ မြေကွက်ပေါ်တွင် အရှုပ်အရှင်းမရှိနေထိုင်လျက်ရှိပြီး ဒေါ်ခလေးမမှ (၁၉၉၉) ခုနှစ် ဘဏ်ချေး မြေပုံထုတ်ယူခဲ့သော်လည်း ဘဏ်ချေးငွေရယူခဲ့ခြင်းမရှိခဲ့ကြောင်း၊ ဘဏ်ချေးမြေပုံမူရင်းမှာ မိမိ၏ လက်ဝယ်တွင် ပျောက်ဆုံးလျက်ရှိပြီး နှစ်(၆၀)ဂရန်မူရင်းမှာ မိမိလက်ဝယ်တွင်ရှိပြီး အခြားသူသို့ လွှဲပြောင်းရောင်းချထားခြင်း၊ ပေးကမ်းခြင်း၊ ဘဏ်၌ ငွေချေးထားခြင်း အစရှိသည့် အရှုပ်အထွေးစီမံမှုများ လုံးဝပြုလုပ်ထားခြင်း မရှိပါကြောင်း၊ ဖြစ်ပေါ်လာသည့် ကိစ္စအရပ်ရပ်ကို တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်–၄၂၀/၂၀၂၃/၃–၁၀–၂၀၂၃၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်း၊ အထူးကိုယ်စားလှယ်လွှဲစာ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း၊ ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့ ပူးတွဲတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–စက်မှုလက်မှု၊ မြေကွက်အမှတ်–၅၂/ခ၊ ဧရိယာ(၀.၀၄၆)ဧက၊ မြေကွက်တည်နေရာအမှတ်–၅၂၊ ရန်နိုင်ဆွေ(၂)လမ်း၊ စက်မှုလက်မှုရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးခင်မောင်ကြည် [၁၂/သကတ(နိုင်)၀၀၆၂၀၂] အမည်ပေါက်နှစ်(၆၀)မြေငှား(ဂရန်)မြေအား အမည်ပေါက် ဦးခင်မောင်ကြည် [၁၂/သကတ (နိုင်)၀၀၆၂၀၂](ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်နွဲ့[၁၂/သကတ(နိုင်)၀၀၆၁၇၉]မှ ခင်ပွန်း ကွယ်လွန်ချိန်တွင် ဇနီးအဖြစ် မိမိတစ်ဦးတည်းသာကျန်ရှိပြီး အခြားသောဇနီးမယားမရှိပါကြောင်း အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အဦမှာ တစ်ဦးတည်းကျန်ရစ်သူ တရားဝင်ဇနီးဖြစ်သူ မိမိကသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးခင်မောင်ကြည်(ခင်ပွန်း)၏ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၁ ရပ်ကွက်၊ အကွက်အမှတ် (F)၊ ဦးပိုင်အမှတ်(၂၉–ခ)၊ ၁၀၆လမ်းနှင့် ၆၆လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်နေမျိုး၏ (SP ရရှိသူ ဒေါ်မီမီလွင်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၃၀၉၈/၂၀၂၂) ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်နိုင် [၉/မကန(နိုင်)၀၆၂၈၀၅]က အမှုတွဲအမှတ်–၄၈၆၀/၂၀၂၃–၂၀၂၄ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၅၄)၊ ဦးပိုင်အမှတ်(၁၀၆–က)(ခဲစင်း)၊ ၆၂ လမ်းမပေါ်သို့ အရှေ့ဘက်မျက်နှာပြု၊ ၁၄x၁၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်စန်းဦးနှင့် ဒေါ်စန်းမြင့်ဦး၏ (SP ရရှိသူ ဒေါ်နန်းတင်သန္တာမိုး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၁၃၃/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးနိုင်လင်းအောင် [၉/မနမ(နိုင်)၁၀၂၄၀၆]က အမှုတွဲအမှတ် (၄၈၅၃/၂၀၂၃–၂၀၂၄) ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းမြင့် (ဒိုက်ဦး)

**Marine Superintendent (ငြိမ်း) ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်း**

**အသက်(၈၀)နှစ်**

ဒိုက်ဦးမြို့၊ အောင်ချမ်းသာလမ်းနေ (ဆရာဟန်–ဒေါ်မြခင်)တို့၏သား၊ (ဦးအေးကြည် – ဒေါ်သိန်းမြင့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရွှေပြည်သာဝန်ထမ်းကြီးအိမ်ရာ၊ အမှတ်(၃၁/၉၈)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဒေါ်မြင့်မြင့်အေး(အငြိမ်းစား)(မန်နေဂျာ–လူမှုဖူလုံရေးရုံး)၏ ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး စိုးညွန့်လွင်(ငြိမ်း)–ဒေါ်ခင်သန်းဦး(အထပြ–ငြိမ်း)၊ ဒေါ်ယဉ်ယဉ်အေး(National Consultant)၊ Dr.စောဝင်းအေး – ဒေါ်မိုးစပ္ပါယ်အေး (USA–California)တို့၏ ဖခင်၊ ကိုစိုးသီဟထူး၊ ကိုစိုးဝဏ္ဏ၊ မောင်ဝင်းသုတအေးနှင့်မခိုင်ရွှေစင်အေးတို့၏အဘိုး၊ မောင်စွမ်းလင်းထွန်းနှင့် မစိန်စီလှိုင်တို့၏ချစ်လှစွာသောဘိုးဘိုးကြီး၊ ဦးကျော်သူထိုက်–ဒေါ်ခင်သီတို့၏ အစ်ကို ဦးသန်းမြင့်သည် ၅–၁၀–၂၀၂၃(ကြာသပတေးနေ့) နံနက် ၄:၂၆ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် ကျူုချောင်သုသာန် (ရွှေပြည်သာ)၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၁–၁၀–၂၀၂၃ရက်တွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာပြီးဖြစ်ကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။]

ဝိတိုရိယဆေးရုံနှင့် အာရှတော်ဝင်ဆေးရုံတွင် တက်ရောက်နေစဉ်ပြုစုစောင့်ရှောက်ခဲ့ကြသူများ၊ နေ့ချင်းပြီး မီးသင်္ဂြိုဟ်ရာတွင် ကူညီလိုက်ပါ ပို့ဆောင်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ပြည်တွင်းပြည်ပမှ မေတ္တာဖြင့် အဘက်ဘက်မှဝိုင်းဝန်းကူညီခဲ့ကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်စန်းသီ

**B.A Law (LL.B)**

**ဒုတိယညွှန်ကြားရေးမှူး (ရှေ့နေချုပ်ရုံး)**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၄၇)၊ ဦးရွှေဂွန်းလမ်းနေ(ဦးမြမောင်–ဒေါ်ခင်ဖြူ)တို့၏ သမီး၊ (ဒေါ်ခင်စန်းရီ)၊ (ဒေါ်ခင်စန်းကြည်)၊ (ဦးအောင်ဆန်းမောင်)၊ (ဦးအောင်ဆန်းထွန်း) တို့၏ညီမ၊ ဒေါ်ခင်စန်းမော်၊ ဒေါ်ခင်စန်းနွဲ့တို့၏ အစ်မ၊ တူ၊ တူမ ၁၄ ယောက်တို့၏ အဒေါ်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၁၂–၁၀–၂၀၂၃ ရက် နံနက် ၄:၂၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိပြီး ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈–၁၀–၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာယူ မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## အထူးကျေးဇူးတင်ရှိခြင်း

ဖခင်ကြီး ဦးကျော်မြင့် အသက်(၉၄)နှစ် အာရှတော်ဝင်ဆေးရုံ စတင်တက်ရောက်စဉ်မှစ၍ သေဆုံးသည့်အချိန်အထိ အထူးကြပ်မတ် ကုသပေးပါသော အဆုတ်နှင့်ရင်ခေါင်းဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဦးဝင်းနိုင်၊ ဦးနှောက်နှင့် အာရုံကြောဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်ဥမ္မာ၊ ဆီးချိုအထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်ဇာခြည်ပြုံး၊ ညှိသည်ဆရာဝန်ကြီးများဖြစ်ကြပါသော ဦးနှောက်နှင့်အာရုံကြောဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဒေါ်ဝင်းမင်းသစ်၊ အသည်းအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာဦးဝင်းနိုင်၊ နှလုံးအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာဒေါ်နွယ်နွယ်၊ ဆီးနှင့်ကျောက်ကပ် အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်သီတာသွင်၊ အထွေထွေအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဒေါ်မေသန္တာဦး၊ နှလုံးအထူးကု ဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာ ဒေါ်ယဉ်နွယ်ထွန်းနှင့် အာရှတော်ဝင်မှ အထူးကုဆရာဝန်ကြီးများ၊ ဆရာမများနှင့် အာရှတော်ဝင်ဆေးရုံမှ တာဝန်ရှိသူများအားလုံး၊ ဆရာကြီး ဒေါက်တာတင်အောင်အေးနှင့် ဥပဒေမိသားစုများအားလုံး၊ အိမ်တိုင်ရာရောက် သတင်းမေးအားပေးကြသူများ၊ လူမှုကွန်ရက်မှ နှစ်သိမ့်အားပေးကြသော ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအားလုံး အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်လှဲ့ (ထားဝယ်မြို့)

**အသက်(၈၂)နှစ်**

ထားဝယ်မြို့နေ(ဦးဘအေး–ဒေါ်သင်းဝေ)တို့၏သမီး၊ (ဦးတင်မောင်)၏ဇနီး၊ ဦးထင်အောင်ကျော်၊ [ဒေါ်ခင်အေးသန့်(ခ)အေးအေး]၊ ရဲမှူးမင်းနိုင်ဦး–ဒေါ်ခင်မိုးမိုး (ခ)ညိုညို၊ ဦးအောင်မြတ်(ခ)မောင်ငယ် – ဒေါ်တင်မိုးမိုး(ခ)ဖြူဖြူ တို့၏ မွေးသမိခင်၊ မြတ်ကျော်သန့်(ခ)မြတ်သူ၊ သီဟကျော်ဇင်(ခ)ပေါင်ချိန်၊ မကလျာမိုးဦး၊ မစန္ဒာဆောင်းဦး၊ မောင်မျိုးဆက်သစ်ဦး၊ သဲသဲ၊ နီကိုးလ်တို့၏အဘွား၊ မောင်ဆက်ပိုင်ဦး၏ ဘွားဘွား ဒေါ်ခင်လှဲ့သည် ၁၃–၁၀–၂၀၂၃(သောကြာနေ့) ည ၁၀:၁၈ နာရီတွင်(၉၆)ပါးသောရောဂါဖြင့်ကွယ်လွန်သွားပါသဖြင့် ၁၇– ၁၀–၂၀၂၃(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင်ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉–၁၀– ၂၀၂၃(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ နာယူမည်ဖြစ်ပါသဖြင့် အမှတ်(၇၅)၊ မြေညီ၊ တန်ဆောင်းကြီးလမ်း(အထက်)၊ အိုးဘို ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် နေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးလွင်ဆွေ**

**ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)**

**ကြည်း–၈၈၈၁/ ကပစ ၁/၄/၇**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**

**Myanmar Fritz Werner Industries Co., Ltd.**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့နေ (သခင်လှထွန်း–ဒေါ်ခင်ညွန့်)တို့၏သား၊ (ဦးသောင်း–ဒေါ်တင်မေ)တို့၏ သားသမက်၊ ဒေါ်ဆွေဆွေမြင့်–(ဦးလှသိန်း)တို့၏အစ်ကို (ဒေါ်တင်တင်ထွေး)၏ခင်ပွန်း၊ ဦးသက်ထွန်းဦး–ဒေါ်သီတာဝင်း၊ ဦးကိုကိုလွင်–ဒေါ်မိုးမိုးလွင်၊ ဒေါ်အေးအေးလွင်(အေးမာ)၊ ဦးဝင်းထွဋ်လွင်–ဒေါ်အိအိကျော်တို့၏ဖခင်သည် ၁၂–၁၀–၂၀၂၃ (ကြာသပတေးနေ့) ညနေ ၃:၁၈ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်းအမှုထမ်းများ**

**ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၆/အနောက်၊ မြေကွက်အမှတ်–၂၅၇/ခ၊ ဧရိယာ(၂၀'x ၆၀')၊ မြေကွက်တည်နေရာအမှတ်–၂၅၇/ခ၊ ဇမ္ဗူသီရိ(၈)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစံတင်(CM–၀၁၂၉၂၀)၊ ဒေါ်ကျင်ဆန်း(CM–၀၁၄၇၅၁)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးစံတင်(CM–၀၁၂၉၂၀)(ဖခင်)နှင့် မိခင်ဖြစ်သူ ဒေါ်ကျင်ဆန်း (CM–၀၁၄၇၅၁)တို့ ကွယ်လွန်ကြသဖြင့် သားသမီးများဖြစ်ကြသော ဦးအေးနိုင်[၁၂/ဗဟန(နိုင်)၀၈၈၃၅၄]၊ ဦးသိန်းလှိုင်[၁၂/သကတ(နိုင်)၁၁၅၀၂၈]၊ ဒေါ်သဇင်ဆန်း[၁၂/သကတ(နိုင်)၁၁၅၀၂၉]တို့မှ ကွယ်လွန်သူ မိဘများတွင် မိမိတို့မောင်နှမ(၃)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပြီး၊ အခြားသော သားသမီးမွေးချင်း တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းမရှိကြောင်း၊ သားသမီးအရင်းများဖြစ်ကြသော မိမိတို့မောင်နှမ(၃)ဦးကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၁)စောင်၊ ထောက်ခံကတိသစ္စာပြုလွှာ(၁)စောင်၊ ဦးစံတင်(ဖခင်)နှင့် ဒေါ်ကျင်ဆန်း(မိခင်)တို့၏ သေဆုံးမှုလက်မှတ်၊ ဂရန်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## “ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင် (၁၂)ရပ်ကွက်၊ ဇေယျဝတီ(၅)လမ်း၊ အမှတ်(၂၃၅၀/က)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၂၃၅၀/က)၊ ဦးကျော်မြ [၁၂/သကတ(နိုင်)၀၆၁၁၂၂] နှင့် ဦးမောင်ပို[၁၂/သကတ(နိုင်)၁၁၁၇၃၁]တို့၏ အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း(အလျား၂၀ပေxအနံ၆၀ပေ)အနက်မှ (ခေါင်းရင်းဘက်အခြမ်း)ရှိ အကျယ်အဝန်း (အလျား၁၀ပေ x အနံ၆၀ပေ) မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသောနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ငွေးငွေးဝင်း[၈/ပမန(နိုင်)၀၉၅၇၄၆]မှ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မိုးမြင့်ကြည်(ခ)ဒေါ်မြင့်မြင့်ကြည်[၅/ကသန(နိုင်)၁၀၉၄၇၅]က ရောင်းချသည့် တန်ဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ခင်ခင်ငွေး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၂၀၁၅) (၁၄–၂–၂၀၁၇)**

**အမှတ်(၃၀)၊ ဇမ္ဗူသီရိ(၁)လမ်းအနောက်၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၁၈၁၈၂၂**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၆၊ မြေကွက်အမှတ်–၇၃၊ မြေကွက်တည်နေရာအမှတ်–၇၃၊ ရဲသူရလမ်း၊ ၃၆ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးတင်ဦး(CE–၀၅၅၅၇၀) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် (ခင်ပွန်း)ဦးတင်ဦးကွယ်လွန်သဖြင့် ဒေါ်အေးဝင်း[၁၂/ရကန(နိုင်)၀၁၅၈၈၆] မှ တရားဝင်ဇနီးဖြစ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောဇနီးမယားတစ်ဦး တစ်ယောက်မျှမရှိပါကြောင်းနှင့် အခြားသော အမွေဆက်ခံပိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ခင်ပွန်း)ဦးတင်ဦး၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ တိုက်အမှတ်(၄၂)၊ အခန်းအမှတ် ( A )၊ မြေညီထပ်(ခေါင်းရင်းခန်း)၊ (၁၅' x ၆၀') အကျယ်အဝန်းရှိ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်ပြီး၊ အရှုပ်အရှင်းကင်းလျက် လွတ်လပ်စွာလွှဲပြောင်းရောင်းချ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ မြေပိုင်ရှင်များဖြစ်သော ဒေါ်ခင်ဆွေသန်း [၁၂/တမန(နိုင်)၀၁၂၇၄၉]နှင့် ဒေါ်ခင်ဆွေရီ [၁၂/တမန(နိုင်)၀၁၂၈၂၇]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသဖြင့် တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူဖြစ်ပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဇော်ကိုကိုဦး ( LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ်–၉၄၇၄)**

**တိုက်(၁)၊ ကွမ်းခြံ(၂)လမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၁၆၉၄၆၀၊ ၀၉–၈၆၃၀၂၁၀**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၀)၊ လူနေရပ်ကွက်အမှတ်၊ သုဝဏ္ဏ(လူသုံးကုန်)၊ မြေကွက်အမှတ်(၁၇)၊ နေသိဒ္ဓိလမ်း၊ မြေဧရိယာ(၀.၁၂၃)ဧက၊ နှစ်(၆၀)ဂရန်မြေအမျိုးအစားပေါ်ရှိ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဦးစိုးမြင့်[၁၂/သဃက(နိုင်)၀၀၆၈၄၀]နှင့် ဒေါ်တင်တင်ကြည်[၁၂/သဃက(နိုင်)၁၃၄၅၀၁] တို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးအောင်ကျော်မိုး[၁၂/ဥကတ(နိုင်)၀၀၂၁၂၅] နှင့် ဒေါ်ဟေမာန်ဦး[၁၄/ညတန(နိုင်)၁၀၄၁၂၁]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်အား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးအောင်ကျော်မိုး** | **ဒေါ်ခင်သန္တာထွန်း (LL.B)** |
| **[၁၂/ဥကတ(နိုင်)၀၀၂၁၂၅]** | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်ဟေမာန်ဦး** | **(စဉ်–၁၂၅၀၇) (၁၆–၅–၂၀၁၇)** |
| **[၁၄/ညတန(နိုင်) ၁၀၄၁၂၁]** | **အမှတ်(၁၂၀)၊ ပြည်တော်အေးလမ်း၊** |
| | **လေးထောင့်ကန်ရပ်ကွက်၊** |
| | **သဃ်္ဃန်းကျွန်းမြို့နယ်။ Ph:09–420111442** |

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၁–ရပ်ကွက်၊ ဗိုလ်ဗလလမ်း၊ အမှတ်(၇၉၀)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ယာဘက်ခြမ်း၊ (၆)လွှာ (၁၈x၅၅)ပေ အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် လျှပ်စစ်မီတာ၊ ရေမော်တာ စသည့်အကျိုးခံစားခွင့်အရပ်ရပ်ကို အဆက်အစပ်စာချုပ်များဖြင့် လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးရဲဝင်းအောင်[၇/ဒဥန(နိုင်)၁၄၃၀၇၀]ထံမှ ကျွန်တော်၏ မိတ်ဆွေဖြစ်သော ဒေါ်သက်ထား [၉/နထက(နိုင်)၀၀၅၆၆၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုး၏ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သက်ထား၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခိုင်ဇာလီမြင့်ဝင်း LL.B, D.B.L, D.I.L**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၄၄၈/၂၀၁၂)**

**အမှတ်(၉၀)၊ ကံ့ကော်မြိုင်(၂)လမ်း၊ ၃၃–ရပ်ကွက်၊**


**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း – ၀၉–၂၅၇၁၈၁၂၀၂၊ ၀၉–၉၇၅၈၈၄၆၅၀**

---


## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- ရိုးရိုးမီးလုံး၊ မီးချောင်းထက် Energy Saving Lamp ကို ရွေးချယ် အသုံးပြုသင့်သည်။
- Energy Saving Lamp ထက် LED မီးလုံး မီးချောင်းများကို ရွေးချယ် အသုံးပြုသင့်သည်။







## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မည်သည့်ကိစ္စမဆို လူသာလျှင်အရေးအကြီးဆုံးဖြစ်ပါတယ်။ လူသာလျှင် ပဓာနဖြစ်ပါတယ်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စတဲ့ ကိစ္စရပ်တွေအားလုံးမှာ လူပါဝင်ဆောင်ရွက်ရတာဖြစ်ပါတယ်။ လူရဲ့ဦးဆောင်မှု၊ လူရဲ့လိုက်နာဆောင်ရွက်မှု၊ လူရဲ့ပြုပြင်ဖန်တီးမှုတို့ဟာ အဓိကကျပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ကျရောက်သော မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)

## နိုင်ငံတစ်နိုင်ငံတည်းကို ဦးတည်ပစ်မှတ်ထားသည့် လူ့အခွင့်အရေးယန္တရားများ၏ လက်ခံနိုင်ဖွယ်မရှိသော အပြုအမူများကို မြန်မာနိုင်ငံက ထောက်ပြ

ဂျီနီဗာမြို့၌ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်မှ အောက်တိုဘာလ ၁၃ ရက်အထိ ကျင်းပခဲ့သည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အထောက်အထား ခိုင်လုံမှုမရှိဘဲ မြန်မာနိုင်ငံအပေါ် ဝေဖန်ပြစ်တင်သည့် ဆွေးနွေးပွဲနှစ်ခုပါဝင်ခဲ့သည်။ ယင်းတို့မှာ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးယန္တရား (Independent Investigative Mechanism for Myanmar – IIMM) ၏ အစီရင်ခံစာနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာအပေါ် အပြန်အလှန်ဆွေးနွေးမှုများဖြစ်ပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နှင့် ၂၆ ရက်တို့တွင် အသီးသီးပြုလုပ်ခဲ့သည်။ နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်ပြုလုပ်သော ယင်းဆွေးနွေးပွဲများ၏ လုပ်နည်းလုပ်ဟန်များသည် တစ်ဖက်သတ်ဖြစ်နေပြီး သက်ဆိုင်သည့်နိုင်ငံထံမှ ပူးပေါင်းဆောင်ရွက်မှုမရရှိဘဲ မြန်မာနိုင်ငံ၏မျက်ကွယ်တွင် ကျင်းပခဲ့မှုကြောင့် ပို၍ပင် တစ်ဖက်စောင်းနင်းဖြစ်ခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆



## ပေါ်တူဂီအသင်း၊ ပြင်သစ်အသင်းနဲ့ ဘယ်လ်ဂျီယံအသင်းတို့ ယူရို ၂၀၂၄ ခြေစစ်ပွဲအောင်

ပေါ်တူဂီအသင်း၊ ပြင်သစ်အသင်းနဲ့ ဘယ်လ်ဂျီယံအသင်းတို့ဟာ အောက်တိုဘာ ၁၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရို ၂၀၂၄ ခြေစစ်ပွဲ အုပ်စုအဆင့်ပွဲစဉ်အသီးသီးမှာ ပြိုင်ဘက်အသင်းတွေကို အနိုင်ရရှိခဲ့ပြီးနောက် ခြေစစ်ပွဲအောင်ခဲ့ပြီဖြစ်ပါတယ်။

### ခြေစစ်ပွဲအောင်

ပေါ်တူဂီအသင်းဟာ အုပ်စု(J)ရဲ့ အုပ်စုအဆင့်ခုနစ်ပွဲမြောက်ပွဲစဉ်အဖြစ် ဆလိုဗက်ကီးယားအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး ဆလိုဗက်ကီးယားအသင်းကို သုံးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အုပ်စုအဆင့် ရှုံးပွဲမရှိစံချိန်နဲ့အတူ ရမှတ် ၂၁ မှတ်ရရှိကာ ခြေစစ်ပွဲအောင်ခဲ့တာ ဖြစ်ပါတယ်။ ဆလိုဗက်ကီးယားနဲ့ပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုး သွင်းယူခဲ့တဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ပေါ်တူဂီအသင်းနဲ့အတူ နိုင်ငံတကာပွဲစဉ် ၂၀၂ ပွဲမှာ သွင်းဂိုး ၁၂၅ ဂိုးသွင်းယူနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

စာမျက်နှာ ၁၉ ကော်လံ ၄ သို့ ✪

**ယနေ့ ဖတ်စရာ**


**တပ်မတော်တွင် စတုတ္ထအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသ**
စာမျက်နှာ » ၅

**နိုင်ငံရေးအမြတ်ထုတ်စားပေါက်ထွင် လုပ်စားနေသူတွေကို ရှုတ်ချကြပါစို့**
ဆောင်းပါး စာမျက်နှာ » ၆

**စီးတီးတက္ကစီယာဉ်များ အခြားယာဉ်များနှင့် ကွဲပြားစေရန် အဝါရောင်လိုင်း စတေကာကပ်၍ ပြေးဆွဲရမည်**
စာမျက်နှာ » ၁၅

**ချစ်ခြင်းမေတ္တာနှင့် ကိုယ်ချင်းစာတရား**
ဆောင်းပါး စာမျက်နှာ » ၂၁


## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် အောက်တိုဘာ ၁၄

| | |
|---|---|
| ပျဉ်းမနား(ဝဲကြီး) | ၂ ဒသမ ၉၆ လက်မ |
| နေပြည်တော်(ဇေယျာသီရိမြို့နယ်) | ၂ ဒသမ ၉၁ လက်မ |
| တပ်ကုန်း | ၂ ဒသမ ၈၇ လက်မ |
| ကျော့သောင်း | ၂ ဒသမ ၄၈ လက်မ |
| ဖောင်းပြင် | ၂ ဒသမ ၂၀ လက်မ |
| ရမည်းသင်း | ၁ ဒသမ ၃၄ လက်မ |

## ကမ္ဘာ့ဖလား ပထမအဆင့်ခြေစစ်ပွဲ ဒုတိယအကျော့ ယှဉ်ပြိုင်ရန် မြန်မာအသင်း မကာအိုသို့ ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၁၄

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ပထမအဆင့်ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်ယှဉ်ပြိုင်ရန် အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက မကာအိုသို့ ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲမတိုင်မီ သုံးရက်ကြိုတင်သွားရောက်ခြင်းဖြစ်ပြီး ဒုတိယအကျော့ပွဲအဖြစ် အောက်တိုဘာ ၁၇ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင်

စာမျက်နှာ ၁၉ ကော်လံ ၄ သို့ ❍

